
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သူတို့သုံးယောက် … စတင်ဆုံဆည်းကြစဉ်ကတည်းက အံ့သြဖွယ်ဆန်းကြယ်မှုများကို တွေ့ကြုံခဲ့ရခြင်းဖြစ်ပါသည်။

တက္ကသိုလ်ဝင်တန်းဖြေဆိုရန်အလို့ငှာ ဤမြို့တွင်သူတို့ လာရောက်ဆုံဆည်းကြခြင်းဖြစ်ပြီး တွေ့တွေ့ချင်းပင်သူတို့ ခင်မင်သွားခဲ့ရခြင်းမှာ ခိုင်လုံသောအကြောင်းအချက်များစွာ ရှိနေပါလေ၏။

တစ်ယောက်နှင့် တစ်ယောက်အပြန်အလှန် မိတ်ဆက်ကြစဉ်ကပင် သူတို့နာမည်တွေခြင်း ဆင်တူနေမှုအားသတိထားမိလိုက်လေ၏။

ကျော်စိုး၊ ကျော်မိုးနှင့် ကျော်တိုးဟူသည့် နာမည်များမှာ တမင်ကာရန်ကိုက်ပေးထားသလိုဖြစ်ကာ မသိသူများအဖို့ ညီအစ်ကိုများလားဟု ထင်စရာရှိပါသည်။

ပြီးတော့ အသက်အရွယ်တွေ မေးကြသည့်အခါလည်း သုံးယောက်လုံး ရွယ်တူ။ ပိုဆိုးသည်ကအားလုံးတနင်္လာသားချည်းဖြစ်ကာ မွေးလ မွေးနှစ်များပါ တူညီနေကြခြင်းပင်တည်း။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းများကြောင့်ပင် သူတို့မှာ အများသူငါ ထက်ပိုခင်မင်ခဲ့ရခြင်းဖြစ်လေသည်။ သူတို့သည်ဗေဒင်နက္ခတ် အရ မွေးဖွားသောရာသီခွင်ချင်း တူနေသည်ဖြစ်ရာ အချင်းချင်း စိတ်အမူအကျင့်များတူကြမည်ဟု ယေဘုယျသဘော ယူဆ မိကြပြီး တွေ့ပြီးသိပ်မကြာခင်မှာပင် တစ်အူထုံ့ဆင်း ညီ အစ်ကိုရင်းများကဲ့သို့ အမြဲတစ်တွဲတွဲ ဖြစ်နေကြပါလေတော့ သည်။

BURMESE CLASSIC .com

သူတို့သူငယ်ချင်းသုံးယောက်၏ ထူးဆန်းသော တိုက်ဆိုင်မှုကို အကြောင်းပြု၍ ကြံကြံဖန်ဖန်စိတ်ကူးတစ်ခုကို စပြီးရသူမှာ ကျော်တိုးပင်ဖြစ်သည်။

"ကျော်မိုး… ငါတို့ ဗေဒင်သွားမေးရအောင်၊ အောင်မြေလောကဆုတောင်းပြည့်ဘုရားလေးနား မှာ ဗေဒင်ဆရာတစ်ယောက် တော်တော်မှန်တယ် လို့ပြောတယ်"

ကျော်တိုးစကားအဆုံးတွင် ကျော်မိုးက မျက်မှောင် ကျုံ့လျက် ကျော်မိုးကို လှမ်းကြည့်သည်။ ကျော်မိုးက ကျော်တိုးကို ပြုံးစေ့စေ့ကြည့်ကာ

www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်း ဗေဒင်တို့ လက္ခဏာတို့ဆိုတာက မိန်းမတွေပဲ စိတ်ဝင်စားကြတာ၊ မင်းကျမှပဲ..." ဟု ပြောလိုက်လေသည်။

"မိန်းမတွေမှ ကြည့်ရမှာလားကွ၊ ယောကျ်ားတွေက ပိုပြီးတောင် အဲဒီပညာရပ်တွေကို စိတ်ဝင်တစားလေ့လာကြသေးတယ်၊ နာမည်ကြီးနေတဲ့ ဗေဒင်ဆရာတွေဆို ယောကျ်ားတွေချည်းပဲ၊ အခု ငါပြောတဲ့ ဗေဒင်ဆရာက ပိုပြီးထူးဆန်းတယ်၊ လက္ခဏာတင်မကဘူး၊ ခြေခဏာပါကြည့်ပေးတာကွ"

"ဟာ... ပေါက်ပေါက်ရှာရှာ ခြေခဏာရယ်လို့ မကြည့်ချင်ပါဘူး၊ ခြေဖဝါးကို ဟိုထောက် ဒီထောက်နဲ့ ယားမှာပဲ၊ ငါက ခြေဖဝါးထိရင် ယားတတ်တယ်"

ကျော်မိုးက ခေါင်းတစ်ခါခါ လက်တစ်ခါခါနှင့် ငြင်းလေသည်။ ကျော်တိုးက ခေါင်းကို တငြင်းငြင်းကုတ်ရင်းနှင့် ကျော်စိုးဘက်ကိုလှည့်ပြီး အဖော်ညှိပြန်သည်။

BURMESE CLASSIC .com



"ကျော်စိုး မင်းရောလိုက်ဦးမလား"

ကျော်စိုးမှာ ဘာမှပြန်မပြော။ သူတို့ပြောနေသည်ကို ဘာမှမကြားသလို ခပ်ဝေးဝေးကိုသာ ငေးနေလေသည်။

"ကဲပါကွာ မင်း ဒီလောက်စိတ်ဝင်စားနေရင် လည်းသွားကြတာပေါ့"

ကျော်မိုးက ထိုသို့ ပြောလိုက်သောအခါတွင် ကျော်တိုးမှာ ဝမ်းသာအားရဖြစ်သွားလေတော့သည်။

"ကျော်စိုး မင်းရောလိုက်မယ်မဟုတ်လား၊ လိုက်ခဲ့ကွာ"

ကျော်စိုးမှာ ငေးငိုင်နေရာမှ ခပ်ကြောင်ကြောင် ပြန်ကြည့်ကာ...

"ဟင်.. ဘာလဲ" ဟုမေးလေသည်။

"ဟာ... မင်းကလည်း အခုပြောနေတဲ့ဟာကို အခုဘာလဲပြန်မေးနေတယ်၊ ဗေဒင်ဆရာဆီသွားမလို့ဟ ဗေဒင်သွားကြည့်မလို့"

"ဪ... သွားလေ ငါတော့ သိပ်စိတ်မပါလှပါဘူး၊ ဒါပေမယ့် မင်းတို့သွားမှတော့ ငါက

www.burmeseclassic.com

www.burmeseclassic.com



ဘာလို့ တစ်ယောက်တည်းချန်နေရစ်ရမှာလဲ၊ လိုက်ခဲ့မှာပေါ့''

''ဒါဆိုလည်း ပြီးတာပါပဲ''

ထိုသို့ဖြင့် ကျော်တိုးဦးဆောင်သော သူတို့ သုံးယောက်အုပ်စုမှာ အောင်မြေလောက ဆုတောင်းပြည့် ဘုရားနားမှ ဗေဒင်ဆရာဆီသို့ ရောက်ခဲ့ကြတော့သည်။

ဘုရားရင်ပြင်တော်ပေါ်ရှိ အမိုးအကာပါသော တန်ဆောင်းလေးထဲတွင် အသက်လေးဆယ်ကျော်ငါးဆယ်ခန့် ရှိမည့် လူတစ်ယောက်သည် စားပွဲခုံပုလေးတစ်လုံးချကာ ထိုင်နေလေသည်။ သူ့နောက်တွင် နှစ်ကိုက်ခန့်ရှိသော ပိတ်ဖြူတစ်ခုကို အစွန်းထိပ်နှစ်ဖက်စီ ကြိုးဖြင့်ချည်နှောင်လျက် တန်ဆောင်းမှ တိုင်နှစ်တိုင်ကို လှမ်းဆွဲထား၏။ ထိုပိတ်ဖြူပေါ်တွင် ဝေဒသုတေသီဆြာဖြား၊ ဓေြဓဏော အထူး ကြည့်ရှု ဟောပြောပေးသည်ဟု စာလုံးအပြာရောင်နှင့် ရေးထားသည်ကို တွေ့လိုက်ရလေသည်။

သူတို့ သုံးယောက်ထိုင်မိကြလျှင် ဆရာဖြားက တစ်ချက်မော့ကြည့်ကာ ချောင်းတစ်ချက်ဟန့်လိုက်ပြီး



''ကဲ... ကဲ ထိုင်ကြ ရှေ့ဖြစ်၊ နောက်ဖြစ်၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး စတာတွေအတွက် ဆရာ့ကို အားကိုးပြီးရောက်လာ တဲ့အတွက် ခုနစ်ရက်သားသမီးတို့ရဲ့ ဇာတာ စန်းလဂ်ကံကြမ္မာကို တတ်တဲ့ပညာနဲ့ ဟောပြော ကူညီနေတဲ့ ဆရာဖြားဆိုတာကျုပ်ပါပဲ''

ဟုဆိုလိုက်လေသည်။ ထိုအခါ ကျော်တိုးမှာ

''အရင်ကဖြစ်ပျက်ခဲ့တာတွေတော့ မသိချင် တော့ပါဘူးဆရာ၊ သိပြီးသားတွေပဲ၊ နောက်ဘာဖြစ် မယ်ဆိုတာသာ ဟောပေးပါ''

ဟုဆိုကာသူ့ရဲ့မွေးနေ့၊ မွေးလနှင့်မွေးနှစ်တို့ကို ဆရာဖြားအား ပြောပြလိုက်လေတော့သည်။ ကျော်တိုးအ လှည့်ပြီးလျှင် ကျော်မိုးကို ဟောလေသည်။ ထိုအချိန်တွင် ကျော်စိုးမှာ စိတ်ဝင်စားသည်လည်းမဟုတ်၊ စိတ်မဝင်စား သည်လည်း မဟုတ်သောမျက်နှာနှင့် ဆရာဖြားဟောနေသည် ကိုငေးကြည့်နေလေသည်။

သူတို့နှစ်ယောက် အလှည့်ပြီးသွားသောအခါ

www.burmeseclassic.com

www.burmeseclassic.com



ကျော်မိုးက သူတို့နှင့် မွေးနှစ်၊ မွေးနံ့တူသောကြောင့် ကျော်စိုးအတွက်ပါ ဟောနိုင်းလေသည်။ ဗေဒင်ဆရာမှာ တနင်္လာသားချည်းဖြစ်ပြီး နာမည်တွေကလည်း အမှာညီအစ်ကိုတွေလို ဆင်တူနေပြီး မွေးနှစ်၊ မွေးလ ရာသီခွင်များပါတူနေသော သူတို့ သုံးယောက်ကို တအံ့တသြ ဖြစ်နေလေသည်။

‘‘အင်း… တော်တော်ထူးဆန်းတာပဲ၊ သုံးယောက်လုံး ဒီလိုတိုက်တိုက်ဆိုင်ဆိုင်ကြီး လာတူနေတာတော့ ကျုပ်တစ်ခါမှ မကြုံဖူးဘူး၊ ဒါပေမယ့် နှစ်၊ လရာသီခွင်တွေတူနဲ့တော့ ကံကြမ္မာက မတူနိုင်ဘူးပေါ့လေ၊ မွေးတဲ့အချိန်၊ နာရီ၊ စက္ကန့်လွဲတာနဲ့ ဂြိုဟ်တွေ၊ နက္ခတ်တွေလွဲတော့တာပဲ’’

ကျော်တိုးတို့ သုံးယောက်မှာ ဆရာပြောပြောသမျှကို ခေါင်းတစ်ညိတ်ညိတ်နှင့် နားထောင်နေကြလေသည်။

‘‘မောင်ကျော်စိုးကျတော့ တော်တော်လေးထူးတယ်၊ သူများတကာထက် ကံဇာတာပိုကောင်းမယ်၊ သူမတူအောင် ဘောင်မြင့်ကြီးပွားမယ့်လက္ခဏာပဲ’’



ဟုအစချီကာ အကောင်းတွေချည်းသာဟောပြောလေသည်။ ကျော်တိုးနှင့် ကျော်မိုးမှာ ကျော်စိုးကို ဟောသမျှအားရဝမ်းသာဖြစ်နေကြသော်လည်း ကျော်စိုးမှာ တစ်ဟားဟားနှင့်ရယ်၍သာနေလေသည်။

သူတစ်ခွန်းဟောတိုင်းထရယ်သော ကျော်စိုးကိုကြည့်၍ ‘‘ အင်း… ကံကောင်းတာတွေချည်းဟောလို့ဝမ်းသာလွန်းပြီး ကြောင်တောင်တောင်များ ဖြစ်သွားပြီလား’’ ဟု တွေးပြီးဆရာကြီးမှာ ခေါင်းကို ခပ်ဖြည်းဖြည်းခါနေလေသည်။

ကျော်စိုးကတော့ သူ့ကို ဟောကိန်းထုတ်နေသော ဗေဒင်ဆရာကိုပင် အားနာရကောင်းမှန်းမသိသလို အူလှိုက်သည်းလှိုက် ရယ်မော၍သာနေလေတော့သည်။

www.burmeseclassic.com

ဘုရားမှ ပြန်လာသောအခါလမ်းတွင် ကျော်မိုးက ``ကျော်စိုး· [illegible]းကဘာဖြစ်လို့ရယ်တာလဲ၊ အကုန်လုံး ဒ[illegible]င်းတွေချည်း ဟောတဲ့ဟာကို၊ ငါ့ကိုဆို အသက်ငါးဆယ်ကျော်ရင် ကျန်းမာရေး ညံ့မယ်တဲ့၊ ကျော်တိုးကိုလည်းအိမ်ထောင်ရေး ကံမကောင်းဘူးတဲ့''

ကျော်မိုးစကားအဆုံးတွင် ကျော်တိုးမှာ တစ်ဖြည်းဖြည်းပြုံးရင်းမှ ဟက်ဟက်ပက်ပက် ထရယ်ပြန်သည်။

``ငါကလည်း အဲဒီ ဟောတာတွေကိုပဲသဘောကျတာ၊ မင်းစဉ်းစားလေ၊ အသက်ငါးဆယ်ကျော်



မှတော့ ကျန်းမာရေးကညံ့ပြီပေါ့၊ အဲဒီအရွယ်ရောက်ရင် မင်းမှမဟုတ်ဘူး၊ လူတိုင်းညံ့ကြတာချည်းပါပဲ၊ ဘာဆန်းလဲ''

ကျော်စိုးစကားကြောင့် ကျော်မိုးနှင့် ကျော်တိုးမှာ ခေါင်းညိတ်ရမလို၊ ခေါင်းခါရမလိုဖြစ်သွားကြလေသည်။

``အေး··· ထားပါတော့ကွာ၊ ဒါလည်းဖြစ်မှမဖြစ်သေးတာ၊ ဒါနဲ့ နေပါအုံး၊ မင်းကိုဟောတာတွေကျတော့ရော ဘာရယ်စရာပါလို့လဲ''

``ရယ်စရာပါတာပေါ့ကွ၊ သူဟောတာဟုတ်မှမဟုတ်ဘဲ၊ ငါ့ကို အသက်ရှည်မယ်တဲ့၊ အိမ်ထောင်သုံးဆက်တဲ့၊ သူများထက်ကံကောင်းပြီး ကြီးပွားချမ်းသာဦးမယ်တဲ့''

``အေးလေ အဲဒါဘာဖြစ်လဲ၊ နောက်ဖြစ်လာမှာမှားတယ်လို့ ပြောလို့ရမလား''

ကျော်တိုးကလည်း အားကျမခံ အတင်းဝင်ငြင်းလေသည်။ ကျော်စိုးက ပြုံးရင်းခေါင်းကို ဖြည်းလေးစွာခါကာ၊

``ပြောလို့ရတဲ့ အကြောင်းရှိလို့ပေါ့ကွာ၊ ငါက

www.burmeseclassic.com

www.burmeseclassic.com



ဆယ်နှစ်အတွင်းသေရမယ်ဆိုတာ သိပြီးသားလူပဲ၊ သူဟောလိုက်တဲ့ ကိစ္စတွေ ဘာမှဖြစ်မလာနိုင်တော့ဘူးဆိုတာ အတတ်သိတာပေါ့''

ဟု ဆိုလိုက်ရာ ကျော်တိုးနှင့် ကျော်မိုးမှာ နားမလည်ခြင်းတစ်ဝက်၊ အံ့ဩခြင်းတစ်ဝက်နှင့် ကျော်စိုးမျက်နှာကို လှမ်းကြည့်လိုက်ကြလေသည်။ အတန်ကြာမှ ကျော်တိုးက ခေါင်းခါရင်း

''မဖြစ်နိုင်တာကွာ မင်းကဘာရောဂါမှမရှိဘဲ အကောင်းပကတိကြီးကနေ ဘယ်လိုဆယ်နှစ်အတွင်း သေမယ်မှန်းသိလဲ''

''အေးလေ… ဘုရားဟောတောင်ရှိသေးတယ်၊ ကိုယ်ဘယ်ဘဝကလာတယ်၊ ဘယ်နေ့သေမယ်၊ ဘယ်ဘဝရောက်မယ်ဆိုတာ သာမန်ပုထုဇဉ်မှန်သမျှ ဘယ်သူမှမသိနိုင်ဘူးတဲ့၊ ကဲ ဘယ့်နှယ့်လဲ ကိုယ့်လူ ဆယ်နှစ်အတွင်းသေပါ့မယ်လို့ ပြောချင်သေးလား''

ဟု ကျော်မိုးက ဝင်၍ပြောလိုက်ရာ ကျော်စိုးမှာ



ဘာမှပြန်မပြောဘဲ ငေးမောတွေဝေနေလေသည်။ အတန်ကြာမှ သက်ပြင်းတစ်ချက်ချလိုက်ကာ

''ဒီအကြောင်းတွေကို ပြောရင်တော့ ယုံနိုင်စရာမရှိဘူးပေါ့ကွာ၊ ဒါပေမယ့် တကယ်ကြုံတွေ့ခဲ့ရတဲ့ လူအဖို့တော့ ဘယ်တော့မှ မေ့ပျောက်လို့ရနိုင်မှာမဟုတ်ဘူး''

ကျော်စိုး၏ မျက်လုံးများမှာ ချက်ချင်းပင်ရီဝေမှိုင်းညို့လာကာ အတိတ်ကိုပုံဖော်နေသလို ခပ်ဆွေးဆွေးဖြစ်လာလေတော့သည်။

''အဲဒီအဖြစ်အပျက်တွေက လွန်ခဲ့တဲ့ဆယ်နှစ်လောက်က ငါကိုယ်တိုင် ကြုံတွေ့ခဲ့ရတာ၊ ရွာမှာတုန်းကလည်း အခုလိုပဲ၊ ငါ့မှာ သူငယ်ချင်းနှစ်ယောက်ရှိတယ်၊ မင်းတို့နှစ်ယောက်လိုတော့ နာမည်တွေက မဆင်ဘူးပေါ့၊ အဲဒီတုန်းက ငါ့သူငယ်ချင်းနှစ်ယောက်က နီတွတ်နဲ့ချက်ရှူတဲ့၊ ငါတို့ သုံးယောက်လုံးက အဆော့သန်သလို သုံးယောက်ပေါင်းလောင်းကျော်လို့ တစ်ရွာလုံးက

www.burmeseclassic.com



အော့ကြောလန့်တဲ့ ကလေးဆိုး လေးတွေပေါ့၊ ငါ့ရဲ့ငယ်ဘဝက တော်တော်လေး ပျော်စရာကောင်းခဲ့တယ်၊ ဒါပေမယ့် မမျှော်လင့်တဲ့ အဖြစ်အပျက်တစ်ခုနဲ့ စကြုံပြီး နောက်ပိုင်းမှာတော့''

တပေါင်းလမို့ နေကခြစ်ခြစ်တောက်ပူလျက်ရှိသည်။ ရွာထိပ်ရှိ ထနောင်းပင်ရိပ်အောက်တွင် ချက်စူ၊ နီတွတ်နှင့် ကျော်စိုးတို့မှာ သစ်ရိပ်ခိုရင်းကစားနေကြလေသည်။ အတော်လေးကြာလာသောအခါ ကစားရသည်ကို အားလုံးပျင်းရိလာကြသည်နှင့်နီတွတ်က

''တော်ပြီကွာ မကစားချင်တော့ဘူး။ ဘကြီးပုတဲကုန်း ငှက်သွားပစ်မယ်''

ဟုပြောလိုက်ရာ ကျန်နှစ်ယောက်မှာ ခဏစဉ်းစားသလိုပြုပြီး ခေါင်းခါကြ၏။ ချက်စူက နှာဝမှာထွက်ပြူနေသော နှပ်ကို တရှုံ့ရှုံ့တင်ရင်း

www.burmeseclassic.com

www.burmeseclassic.com



"ငါတော့ မသွားရဲဘူး၊ ဟိုနေ့က ဘကြီးပု လောက်စာလုံးတွေကို မီးဖုတ်နေတာကို ငါတွေ့ခဲ့ တယ်၊ အဲဒါ ငါတို့လို ငှက်ပစ်ဖို့မဟုတ်ဘူးကွ၊ သူ့ကန်ထဲ ရေဆင်းသောက်တဲ့နွားတွေကို ပစ်ဖို့ ဟုတ်ရင်ဟုတ်၊ မဟုတ်ရင်တော့ ငါတို့ကိုဆော် ဖို့ပဲနေမယ်"

ဟုပြောလိုက်လေသည်။

"ဟုတ်တယ်ကွ၊ အရိုးလေးညှက်ကလည်း ပြောင်း ခင်းထဲဝင်မရအောင် ကြခတ်တွေကာထားတာပိတ် လို့၊ ငါတို့ရန်ကိုကြောက်လို့တဲ့၊ ဘကြီးပုက ရွာလူကြီးကို တိုင်သလားမသိဘူး၊ မနေ့က ငါ့အမေ ကို ပြောလိုက်သယ်၊ ဒီထက်ဆိုးရင်တော့ ဘုန်းကြီး ကျောင်းကန်ထဲက မြေတွေကိုသယ်ပြီး ကန်ဘောင် ဖို့ရမယ်တဲ့"

ကျော်စိုးစကားအဆုံးတွင် ချက်စူနှင့်နီတွတ်မှာ ရှုံ့မဲ့ သွားလေသည်။

"အမလေး…. ကန်ဘောင်ဖို့ရရင်တော့ မသက်



သာဘူး၊ ဟိုတစ်ခါ ငှက်ပျောသီးကျွေးမယ်ဆိုပြီး ကပ္ပိယကြီး ငါတို့ကို ဝိုင်းသယ်ခိုင်းဟာကို မှတ်မိ သေးလား၊ ပုခုံးတွေဆိုအသိတောင်မခံနိုင် တော့ဘူး၊ တော်… တော် ငါတို့တော့ သွားနေကျနေရာ တွေကို ခပ်ဝေးဝေးရှောင်တော့မယ်"

သူတို့သုံးယောက်မှာ တစ်ရွာလုံးရှိဖရဲခင်း၊ ပြောင်း ခင်းများကို အလွတ်မပေးတတ်သောကြောင့် အားလုံးက သူတို့အန္တရာယ်ကို ကာကွယ်ရန် ကြိုတင်ပိတ်ဆို့ထားကြရ လေသည်။

"ငါတို့တော့ တဖြည်းဖြည်းဆော့စရာနေရာရှား လာပြီ၊ ဘယ်လိုလုပ်ကြမလဲ၊ စဉ်းစားကြစမ်းပါ အုံးကွ"

နီတွတ် ကြီးကြီးကျယ်ကျယ် ပြောလိုက်သော စကားအဆုံးတွင် ကျော်စိုးနှင့်ချက်စူမှာ ထနောင်းပင်ကြီးကို မှီရင်း မျက်လုံးလေးပေကလပ်၊ ပေကလပ်လုပ်ကာစဉ်းစားနေ ကြလေသည်။ ချက်စူက ထိုင်နေရာမှထကာ ကျောင်းစိမ်း ပုဆိုးလေးကို ကွင်းသိုင်းလိုက်၏။

www.burmeseclassic.com



“ရှုပ်တယ်ကွာ၊ ငါတော့ မန်ကျည်းစိမ်းသီး သွားခူးစားတော့မယ်”

ထိုအခါ နီတွတ်နှင့် ကျော်စိုးမှာ မနေသာတော့ဘဲ ချက်စုနောက်သို့ လေးခွလေးတွေ ခါးထိုးရင်း လိုက်သွားကြလေတော့သည်။ မန်ကျည်းပင်ပေါ်သို့ ရောက်သော်လည်း နေလို့မပျော်ကြချေ။

မန်ကျည်းစိမ်းတောင့်သုံးလေးတောင့် ခူးစားပြီး သွားကျိန်းလာသောကြောင့် ဆက်မခူးကြတော့ဘဲ မန်ကျည်းပင် ခွဆုံတွင် မှီအိပ်နေကြလေသည်။

ကျော်စိုးမှာ မန်ကျည်းပင်ထိပ်ဖျားကိုင်းမှ တောစပ်ဘက်သို့ လှမ်းကြည့်ရင်း အကြံတစ်ခုရလာလေသည်။

“နီတွတ်ရေ”

“ဟေ”

“ငါအကြံရပြီဟေ့၊ ငါတို့ တောစပ်သွားပြီး ကစားမယ်၊ အဲဒီဘက်မှာ ဆက်ရက်တွေလည်းရှိတယ်၊ ဟိုတစ်ခါ ဖိုးလေးအုန်းတို့ အိမ်က နွားကြီးပျောက်လို့သွားရှာတော့ ငါလိုက်သွားဖူးတယ်၊ ဆက်ရက်



တွေရော။ လင်းဝက်တွေရော ပေါမှပေါ၊ ငှက်ပစ်လို့ရတယ်ကွ၊ သွားကြမလား”

“ကျော်စိုးအကြံ ကောင်းတယ်ဟေ့၊ တောစပ်မှာဆို ဘယ်သူမှဆူမယ့်သူမရှိဘူးကွ၊ ငှက်ပစ်တာ ဘုန်းကြီးလည်းမမြင်နိုင်တော့ဘူး၊ တောစပ်အထိတော့ ကပ္ပိယကြီးလည်း လိုက်မချောင်းနိုင်တော့ပါဘူးကွာ”

ဤသို့ဖြင့် သူတို့သုံးယောက်မှာ လောက်စာလုံးထည့်ထားသော ပုဆိုးကိုလွယ်၊ လောက်လေးခွကိုခါးထိုးကာ တောစပ်သို့ အားရဝမ်းသာ ထွက်ခဲ့ကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

တောစပ်သို့ရောက်သောအခါ အဝေးမှလှမ်းမြင်ရသလို သစ်ပင်ကြီးများ အုံ့အုံ့ဆိုင်းဆိုင်းနှင့် မှိုင်းညို့မနေဘဲ ညောင်မုတ်ဆိတ်ပင်ကြီးများ၊ ဆူးချုံများ၊ ဝါးတောကြီးများနှင့် တိုးမပေါက်အောင် ရှုပ်ယှက်ခတ်နေသည်ကို တွေ့ရလေ၏။

"ဟော့... ကျော်စိုး မင်းပြောတော့ ဆက်ရက်တွေ လင်းဝက်တွေ ပေါမှပေါဆို... ဘာမှလည်း မတွေ့ရပါလား"

နီတွတ်က လေးခွနှင့်သစ်ပင်ချုံကြားသို့ လှည့်ပတ်ချိန်ရင်း ပြောလိုက်လေသည်။ မည်သည့်ငှက်မျှ မတွေ့ရသေး



သော်လည်း တကျွိကျွိအော်နေသံများကိုတော့ ကြားနေရ၏။

"မင်းတို့မကြားဖူးလားကွ၊ ငှက်သံတွေဆူလို့"

အားလုံးသေသေချာချာ နားစိုက်ထောင်လိုက်ကြသောအခါ ငှက်သံများနှင့်အတူဝါးပင်ချင်းကြိတ်မိသံနှင့် သစ်ကိုင်းများ ပွတ်တိုက်သောအသံများကို ကြားရလေသည်။

ထိုနေရာမှာ ရွာနှင့် သိပ်မဝေးလှသော်လည်း လူသူအရောက်အပေါက်နည်းလှသည်။ ထိုတောစပ်၏ တစ်ဖက်အလွန်တွင် ဆင်ခြေလျှောလမ်းလေးရှိပြီး ထိုမှဆင်းသွားလျှင် မြို့သို့ ဖြတ်လမ်းဖြင့်သွားနိုင်သော လှည်းလမ်းကြောင်းလေးရှိ၏။

သို့သော် တစ်ဖက်ပိတ် တောင်စောင်းလမ်းဖြစ်သောကြောင့် လူသုံးနည်းလေသည်။ ကျွဲပျောက်နွားပျောက်ရှာလျှင် ထိုအနီးတစ်ဝိုက်တွင် တွေ့ရတတ်၏။ သိပ်မကျယ်လှသော်လည်း တိုးရခက်သော တောအုပ်မို့ သစ်ခုတ်သူပင်တစ်ဦးမျှမရှိချေ။

ကလေးသုံးယောက်မှာ ဟိုဟိုဒီဒီ လျှောက်ကြည့်ရင်း စိမ်းညို့နေသောနွယ်ပင်များထူထပ်စွာဖုံးပိတ်နေသော

www.burmeseclassic.com



ဂူဝကြီးတစ်ခုသို့ ရောက်သွားကြလေတော့သည်။ သူတို့မှာ ဂူပေါက်တစ်ခုမှန်း မသိကြချေ။

“ဟေ့… ဟေ့… ချက်စူရေ၊ ဒီမှာ ကြည့်စမ်း၊ ဒီချုံပုတ်နောက်မှာ တွင်းပေါက်ကြီးတစ်ပေါက်ကွ၊ သွားကြည့်ရအောင်”

နီတွတ်စကားအဆုံး ချက်စူနှင့် ကျော်စိုးမှာ ချုံပုတ်ကြီးကို ဆွဲဖယ်ကာ ထိုအပေါက်ကြီးဆီသို့တိုး သွားကြလေသည်။ တောင်ကမူနံရံတွင် မြေစိုင်များမှာ ကျောက်သားများ လိုမာကျောပြီး သဘာဝကျောက်ဂူကြီးလို ဖြစ်နေလေ၏။ထိုနေရာမှာ သူတို့သုံးယောက် မတ်တပ်ရပ် ဝင်သွားနိုင်သော်လည်း လူကြီးများဆိုလျှင် ခါးကုန်း၍ဝင်မှရ နိုင်ပြီး အတွင်းပိုင်းသို့ ရောက်လေလေပို၍နိမ့်လာလေလေ ဖြစ်သည်။ တစ်ချို့နေရာများမှာ အတော်အတန်မြင့်ပြီး ကျယ်လည်းကျယ်ဝန်းလေသည်။

မြေလိုဏ်ဂူသည် အကွေ့အကောက်မရှိသော ကြောင့် သိပ်မမှောင်လှသော်လည်း စိမ်းရွှေရွှေ အောက်သိုးသိုး အနံ့ကြီးထွက်နေလေသည်။



“ဟေ့… ငါတို့ ဒီထဲကို ရောက်တာဘယ်သူမှ မသိဘူးနော်၊ ရွာကလူတွေလည်း ဒါကြီးရှိတာ သိမယ်မထင်ဘူးကွ”

သူတို့သုံးယောက်မှာ စမ်းစမ်းစမ်းစမ်းနှင့် ဝင်လာ ရင်း တစ်နေရာအရောက်တွင် ဆံပင်ဖားလျား၊ မုတ်ဆိတ် မွေးဖားလျားနှင့် လူကြီးတစ်ယောက်အား ဘွားကနဲတွေ့လိုက် ရာ အားလုံးလန့်ဖျပ်ပြီး ‘အား’ ဟု အော်လိုက်မိကြလေ သည်။

သူတို့ အားလုံးထဲတွင် နီတွတ်က စပ်စုတတ်သလို သတ္တိလည်းကောင်းလှသည်။

“မကြောက်ပါနဲ့ကွာ လူကြီးပါ”

ကျော်စိုးနှင့် ချက်စူမှာ နောက်ကြောင်းပြန်လှည့်ပြေး မလိုလုပ်ပြီးမှ နီတွတ်စကားကြောင့် မပြေးဘဲ လှမ်းကြည့် မိကြလေသည်။

“တော်ပါသေးရဲ့၊ ဖြန်းခနဲ သရဲကြီးငုတ်တုတ် ထိုင်နေတယ်မှတ်လို့”

“ဟာ… ဘယ်လိုပြောလိုက်တာလဲ၊ ချက်စူ

www.burmeseclassic.com

www.burmeseclassic.com



ကလည်း…၊ သေသေချာချာကြည့်ပါဦး၊ ဒီလူကြီးက ငါတို့ရွာက ကပ္ပိယကြီးလို တရားထိုင်နေတာကွ''

ကျော်စိုးစကားကြောင့် နီတွတ်နှင့် ချက်စူမှာ ထိုလူကြီးကို ကြည့်ပြီး

''တရားထိုင်တာ ဒီတွင်းကြီးထဲထိုင်ရလား၊ ကပ္ပိယကြီးလို ဘုရားမှာမထိုင်ဘဲနဲ့၊ ကြည့်ပါဦး၊ မုတ်ဆိတ်ကြီးကလည်း ချုံပုတ်ကြီးကျနေတာပဲ၊ ကြောက်စရာကြီးပါကွာ''

ဟုပြောလိုက်လေသည်။ သူတို့သည် ထိုမြေလိုဏ်ဂူကို လိုဏ်ဂူမှန်းမသိဘဲ မြေတွင်းကြီးတစ်ခုဟုသာ ထင်နေကြလေသည်။

''တိုးတိုးပြောပါကွ၊ ငါ့အမေကပြောတယ်။ လူကြီးတွေ အာရုံစိုက်နေရင် ငြိမ်ငြိမ်နေရတယ်တဲ့''

ကျော်စိုးက မည်သို့ပင် ပြောစေကာမူ ချက်စူနှင့် နီတွတ်ကတော့ စုတ်စုတ်ပြတ်ပြတ်နှင့် ညှင်းသိုးသိုး နိုင်လှသောထိုလူကြီးကိုကြည့်ကာ တဟီးဟီးတဟားဟားနှင့် မဲ့ရွဲ့



လှောင်ပြောင်ကြလေသည်။ သူတို့သုံးယောက်မှာတစ်ယောက်နှင့်တစ်ယောက် ဆူညံစွာ အော်ဟစ်ပြောဆိုကြသောကြောင့် လိုဏ်ဂူထဲတွင် အသံများဟိန်းထွက်နေ၏။

သို့သော် တရားထိုင်နေသော မုတ်ဆိတ်ဗရပျစ်နှင့် လူကြီးမှာ တုတ်တုတ်မျှမလှုပ်သည့်အပြင် မျက်လွှာပင်တစ်ချက်ပင့်မကြည့်ချေ။

ကျော်စိုး၊ ချက်စူနှင့် နီတွတ်မှာ ချောင်ကြိုချောင်ကြားပါမကျန် လှည့်ပတ်ကြည့်ရင်း တုတ်နှင့်ဟိုထိုးသည်ထိုးလုပ်ကြရာ လင်းနို့များမှာ တဖျပ်ဖျပ်နှင့် ပျံထွက်သွားကြပြီး ထိုလူကြီး၏မျက်နှာအား တိုးတိုက်မိလေသည်။

''ပြန်ကြစို့ကွာ… အပြင်မှာ မှောင်တော့မယ်နဲ့တူတယ်၊ ဒီထဲမှာ နည်းနည်းမှောင်ချင်နေပြီ။ ပြီးတော့ စိမ်းရွှေရွှေကြီးနံတယ် ငါမနေချင်တော့ဘူး''

ကျော်စိုးစကားအဆုံးတွင် ချက်စူနှင့် နီတွတ်မှာထိုထဲက မထွက်ချင်သေး...သော်လည်း မှောင်လျှင် အိမ်ကလူကြီးတွေ ရိုက်မှာစိုးသောကြောင့် ပြန်ထွက်ခဲ့ရလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဂူဝမှထွက်ခါနီးတွင် နီတွတ်က တရားထိုင်နေသော လူကြီးကိုလှည့်ကြည့်ကာ…

"ဟော့… ချက်စု ဟိုလူကြီးဟာ လူမှဟုတ်ရဲ့လား လှုပ်ကိုမလှုပ်ဘူး ငါတော့ ဒီလူကြီးလှုပ်လာအောင် တစ်ခုခုလုပ်ပစ်ခဲ့မယ်"

ဟု တီးတိုးပြောလေသည်။ သူတို့မှာစဝင်ကတည်းက တုတ်တုတ်မလှုပ်သော လူကြီးအား လှုပ်လှုပ်ရှားရှားဖြစ်အောင် လုပ်ကြည့်ချင်မိကြလေသည်။ ထိုနေရာတွင် နီတွတ်ကဉာဏ်သွားသူဖြစ်ရာ

"ဒီလိုလုပ်ကြမယ်ဟော့"

ဟု ပြောပြီး ဂူအပြင်ဘက်သို့ ထွက်ခဲ့ကြလေတော့၏။

"ကဲ မင်းတို့ ဟိုဖက်ကကျောက်တုံးတွေကို ဒီဖက်ကို ဖြည်းဖြည်းချင်းလှိမ့်ပေး ငါက ဒီနားက စီမယ်"

ကျော်စိုးနှင့် ချက်စုမှာ နီတွတ်သြဇာပေးသည့်အတိုင်း ရွံ့တစ်ဝက် ကျောက်ခဲတစ်ဝက်ဖြစ်နေသော ကျောက်



တုံးကြီးများကို အားစိုက်ခွန်စိုက် တွန်းရွှေ့ပေးကြ လေသည်။

နီတွတ်က လူတစ်ကိုယ်ဝင်စာ ဂူပေါက်ကို ကျောက်တုံးကြီးများနှင့်ပိတ်ပြီး ပိုသေချာစေရန် ကျောများကို မနိုင့်တနိုင် သယ်ကာပုံခဲ့လေသည်။

သူများကို နောက်ချင်ပြောင်ချင်နေသော ကလေးသုံးယောက်မှာ မောရပန်းရကောင်းမှန်းမသိ ထိုအပေါက်ကြီးကို ပိတ်ဆို့နေကြရာ နေဝင်သွားသည်ကိုပင် မသိလိုက်ဘဲ မှောင်စပျိုးမှ ရွာကိုပြန်ပြေးခဲ့ကြလေတော့၏။

✸

နောက်တစ်နေ့မနက်တွင် သူတို့သုံးယောက်မှာ ထုံးစံအတိုင်း ရွာထိပ်တွင် ကစားရန် လူစုနေကြစဉ် တောစပ်ဆီမှ တဝုန်းဝုန်းတဝေါဝေါအသံကြီးကို ကျယ်လောင်စွာ ကြားလိုက်ရလေသည်။

ထိုအသံကြီးမှာ တခြားမဟုတ်ဘဲ မြေပြိုသံကြီးဖြစ်ကြောင်း သိလိုက်ရ၏။ သူတို့နယ်မှာ မကြာခဏမြေပြိုလေ့ရှိသောကြောင့် အထူးအဆန်းမဟုတ်တော့သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ကျော်စိုးတို့သုံးယောက်မှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ ကြက်သေ သေနေကြ၏။

ရွာထဲကလူများ ပြေးထွက်လာမှပင် အားလုံးသတိဝင်ကာ ထိုလူအုပ်ကြီးနောက်မှ ပြေးလိုက်သွားကြလေတော့သည်။

''ဟော့ ခုနအသံကြီးက မြေပြိုတာ မဟုတ်လား''

''ဟုတ်ပ့ါဗျို… လျှင်သံလိုလို၊ တော်လဲသံလိုလိုနဲ့၊ လန့်သွားတာပဲ''

''အသံက တော်တော်ပြင်းထန်မဲ့ပုံပဲဗျ… ဂလိုင်သံပေါက်နေပုံထောက်ရင်တော့ လှိုင်ခေါင်းတွေ၊ ဘာတွေပြိုတာလဲ ဖြစ်မယ်ဗျ''

ကျော်စိုးကို့သုံးယောက်မှာ လူကြီးများပြောစကားကိုနားထောင်ပြီး အံ့အားသင့်သလို ထိတ်လန့်နေမိ၏။

တောစပ်သို့ရောက်သွားသောအခါ မယုံနိုင်စရာမြင်ကွင်းက သူတို့ကို ဆီးကြိုနေတော့သည်။

''ချက်ရှု ကြည့်စမ်း… တို့မနေ့က ပိတ်ခဲ့တဲ့ ဂူကြီးပြိုသွားတာကွ၊ ဟိုလူကြီးတော့ သနားပါ



တယ် … အောက်မှာပိပြီး သေရှာပြီထင်ပါတယ်ကွာ''

ကျော်စိုးက ချက်ရှုနား၊နားကပ်ကာ တီးတိုးပြေ လိုက်လေသည်။ နီတွတ်မှာ ထိုနေရာသို့လှည့်ကြည့်ပြီး မနေ့က ပိတ်ခဲ့မိသောနေရာမှန်းသိလျှင် ဘာမှမပြောနိုင်ဘဲ ငိုင်နေမိ၏။

ရွာနီးချုပ်စပ်မှလာကြည့်သော လူအုပ်ကြီးမှာ များပြားလွန်းသောကြောင့် ဂူဝအနီးသို့ ကပ်ကြည့်ခွင့်မရဘဲ ခပ်လှမ်းလှမ်းမှသာ ကြည့်နေရလေသည်။

''ထူးတော့ ထူးဆန်းတယ်ဗျို့… ဂူဝမှာ မြေစိုင်ခဲတွေတင်မကဘူး၊ ဘယ်ကကျောက်တုံးတွေပါ လိမ့်ကြလာသလဲ မဆိုတတ်ဘူးဗျ… ဂူပေါက်ကြီးပိတ်လို့ပါကလား''

လူကြီးတစ်ယောက်၏ စကားကြောင့် သူတို့သုံးယောက်မှာ အလွန်ထိတ်လန့်သွားပြီး တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်လိုက်မိကြလေသည်။ ကျော်စိုးမှာ ကြောက်တတ်သူဖြစ်သောကြောင့် ချွေးသီးချွေးပေါက်များပင်

www.burmeseclassic.com

www.burmeseclassic.com



ကျရှုံလာလေတော့သည်။

''ငါတို့ ပြန်ရအောင်''

နီတွတ်က သူတို့သုံးယောက်လုံး ရွာသို့ပြန်ရန် စပြောလိုက်လေသည်။ ထိုနေရာတွင် အားလုံးကြာကြာဆက် မနေဝံ့တော့သည့်အတွက် ရွာသို့ ပြန်လာခဲ့ကြ၏။ တစ်လမ်းလုံး တစ်ယောက်နှင့်တစ်ယောက် စကားမပြောနိုင်ဘဲရှိရာ ရွာထိပ် ထနောင်းပင်ကြီးအောက်ရောက်မှ စိတ်မောလူမော နှင့် ထိုင်ချလိုက်ကြတော့သည်။

အားလုံး အတွေးကိုယ်စီနှင့် ငြိမ်သက်နေရာမှ ကျော်စိုးက

''ဟိုလူကြီးတော့ သနားပါတယ်''

ဟု ထပ်ကာတလဲလဲ တီးတိုးရေရွတ်နေလေသည်။ ထိုအခါ နီတွက်နှင့်ချက်ရှုမှာ ကျော်စိုးစကားကို လူကြီးများ ကြားပါက သူတို့လုပ်ခဲ့သောအပြစ် မီးခိုးကြွက်လျှောက် ပေါ်တော့မည်ကို စိုးရိမ်လာ၏။

''ဟေ့ကောင်… ဘာဖြစ်လို့ ဒါပဲ ထပ်တလဲလဲ ပြောနေတာလဲ ဟိုလူကြီးက ညကတည်းက ထွက်



သွားရင်လည်းသွားမှာပေါ့ ဘာလို့သေမှာလဲ''

''အိုး… မသေဘဲ ခံနိုင်ရိုးလား ဂူပေါက်ကြီးက မြေပြိုကျတာတောင် ပိတ်ရင်းအတိုင်း ရှိတာပဲ ဟာကို''

ချက်ရှုမှာ ကျော်စိုးစကားကြောင့် အတန်ကြာ ငြိမ်သက် သွားလေသည်။ ထို့နောက် နီတွက်က

''ဟေ့… ဒီအတိုင်းဆို ငါတို့လုပ်ခဲ့တာ လူကြီး တွေ သိသွားကြလိမ့်မယ်၊ ဒါဆိုရင်တော့ သက် သာမှာမဟုတ်ဘူး၊ ဒီအကြောင်းကို ငါတို့ ဘယ် တော့မှ ထပ်မပြောဘဲ နေကြမယ်၊ ငါလည်း မပြောဘူး၊ မင်းတို့လည်း မပြောကြနဲ့ကွာ…''

ဟုဆိုလိုက်ရာ ကျော်စိုးနှင့် ချက်ရှုမှာမိဘများရိုက်မှာ ဆူမှာထက် ရွာလူကြီးနှင့် ကျောင်းထိုင်ဆရာတော်ကို ကြောက်လှသောကြောင့် ထိုအကြောင်းကို ဘယ်တော့မှ ပြန်မပြောရန် ဆုံးဖြတ်လိုက်ကြလေသည်။

သို့သော် လုံးလုံးမေ့ပျောက်ပစ်ရန် မတတ်နိုင်ရကား ရွာထိပ်သို့ရောက်တိုင်း တောစပ်သို့ လှမ်းမျှော်ကြည့်ကာ

www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းဖြစ်မိကြရ၏။

ထို့ကြောင့် တောစပ်ကို ဘယ်သောအခါမှမသွား၊ ခြေဦးပင်မလှည့်ဝံ့တော့ဘဲ ရွာထိပ်တွင်သာ အေးအေးလူလူ ကစားကြတော့သည်။ တစ်ခါတစ်ရံတွင် သူတို့အားလုံး ကစားရင်း ပျင်းလာလျှင် ထိုနေရာကို သတိရမိပြီး ချက်ချင်း လိုပင် ထိတ်လန့်လာသောကြောင့် ဖွတ်အတင်းမေ့ပစ်လိုက် ရသည်သာဖြစ်၏။

✸

နောက် ရက်အနည်းငယ်ကြာသောအခါ သူတို့ သုံးယောက်၏ စိတ်ချောက်ချားစရာကိစ္စတို့ကို မေ့ပျောက် သွားစေရန် ကြုံလာရသည်ကား သူတို့ရွာတွင် အချမ်းသာဆုံး သူဌေးကြီးဖြစ်သည့် ဦးကြာပေါ်အလှူလုပ်မည်ဟူသော သတင်းပင်ဖြစ်၏။

"ဟေ့… ချက်စူ မင်းကြားပြီးပြီလား၊ ငါ့အဘ ပြောတာ၊ ဦးကြာပေါ်ကြီး အလှူလုပ်မလို့တဲ့၊ အငြိမ့် လည်းငှားမှာတဲ့ကွ"



နီတွတ်သည် နေရာတကာဆရာလုပ်တတ်သူပီပီ သူကြားလာသော သတင်းဦးဦးဖျားဖျားကို တခြားလူမဦးခင် တင်ကြိုရှု၍ပြောပြလေသည်။ ဘုန်းကြီးကျောင်းတွင် ဆွမ်း လောင်းလိုက်သော ချက်စူကလည်း ဟိုနေရာစပ်စပ် ဒီနေရာ စပ်စပ်ပါတတ်ပြီး ခေသူမဟုတ်ရာ။

"အံမယ်… သိပါ့ကွာ… ဦးကြာပေါ်ကြီးက ငါ့ကိုတောင် ရှင်တစ်ရာထဲ ထည့်ဖို့တောင်းတာ ဘဘုန်းကြီးက သက်န်းမနိုင်သေးဘူးဆိုလို့…"

ဟု ပြန်ပြောလိုက်လေသည်။ ထိုအထဲတွင် ဖိုးချို (ခေါ်)ကျော်စိုးမှာ သူတို့လို ဘုန်းကြီးကျောင်း ဟုတ်တိပတ်တိ မနေရဘဲ အတန်းကျောင်းဟု အရပ်ကခေါ်သော အစိုးရ မူလတန်းကျောင်းတွင်သာ နေရသူဖြစ်ရာ ဘာမှနားမလည် ချေ။ ထို့ကြောင့်

"သင်္ကန်းက အဲလောက်တောင်လေးလို့လား၊ ကိုရင်ဗျော့ကြီးဆို ပိန်ပိန်လေးရယ်၊ ဒါပေမယ့် ဝတ်နိုင်တာပါပဲ"

ဟု ထင်ရာမြင်ရာ ဝင်ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သက်န်းမနိုင်ဘူးဆိုတာ အဲဒါမျိုးကို ပြောတာ မဟုတ်ဘူးကွ"

"ဒါဖြင့် ဘယ်လိုမနိုင်တာတုံး၊ သင်္ကန်းက ငါတို့ အခုဝတ်နေတဲ့ အဝတ်အစားတွေထက်များ ပိုလေး နေလို့လား"

ကျော်စိုးစကားကြောင့် ချက်စူမှာ စိတ်ရှုပ်ပြီး ခေါင်း ကုတ်မိလေသည်။ သင်္ကန်းမနိုင်ဆိုခြင်းမှာ အရပ်ကအလွယ် ခေါ်သော စကားအသုံးအနှုန်းဖြစ်ပြီး ရဟန်း၊ သာမဏေတို့ လိုက်နာကျင့်ကြံအပ်သော နှစ်ရာနှစ်ဆယ် ခုနှစ်သွယ်သော သိက္ခာပုဒ်ကို မစောင့်ထိန်းနိုင်သည်ကို ဆိုလိုခြင်းဖြစ်ပေရာ မဂ်လသုတ်လောက်သာ တတ်ရသေးသည့် ချက်စူမှာ ရေ လည်အောင် ရှင်းမပြနိုင်ချေ။

"အင်း... ငါ့စိတ်ထင်တော့ သင်္ကန်းမနိုင်ဘူး ဆိုတာ... အသက်ငယ်သေးတာကိုပြောတာပဲ ဖြစ်မှာပါကွာ"

နီတွတ်၏စကားမှာ လုံးလုံးလျားလျားမှန်လှသည် မဟုတ်သော်လည်း ဖြစ်နိုင်ချေအတော်အတန်ရှိသောကြောင့်



လက်ခံလိုက်ကြလေသည်။ သူတို့၏အသက်မှာ ဆယ့်တစ် နှစ်ကျော် ဆယ့်နှစ်၊ နှစ်သာ ရှိသေးသောကြောင့် ရှင်ပြုရန် စောသေးမှန်းလည်း နားလည်ကြ၏။

"ဟုတ်မယ်ကွ၊ မနှစ်က ကိုငွေရတို့ရှင်ပြုတုန်းက သူ့ညီစိန်ရက ဘယ်မှာ ကိုရင်ဝတ်ရလို့တုန်း၊ သူငိုယိုနေလို့ မြင်းတစ်စီးငှားပြီး ရှင်လောင်း လိုလုပ်ပေးတာ၊ ပြီးတော့ ဆန်လှူခံ ဖိုးသူတော် လို အဝတ်ဖြူကြီးပဲ ဝတ်ရတာလေ"

ကျော်စိုးစကားအဆုံးတွင် ချက်စူက ခေါင်းတညိတ် ညိတ်လုပ်နေလေသည်။ ထို့နောက် မျက်နှာခပ်ညှိုးညှိုးနှင့်

"အေးကွာ... ဘဘုန်းကြီးကလည်း အဲဒါခက် တာပဲ၊ ကိုရင်မဝတ်ရလည်းနေ၊ ရှင်တစ်ရာထဲ စာရင်းပေးလိုက်ရင် နေရင်းထိုင်ရင်း ငါ မြင်းစီး ရဦးမယ်၊ ခုတော့..."

ဟု ကြိတ်မနိုင်ခဲမရ ပြောလိုက်လေသည်။ ထိုအခါ ချက်စူမြင်းမစီးရသည်ကို ကျော်စိုးနှင့် နီတွတ်မှာ ရောယောင်ပြီး စိတ်မကောင်းဖြစ်မိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"အို… မြင်းမစီးရလည်း ဘာဖြစ်လဲကွာ၊ အငြိမ့် ကြည့်ရမှာပဲဟာ"

ကျော်စိုးစကားကြောင့် ချက်စုမျက်နှာမှာ ဝင်းခနဲဖြစ်သွားလေသည်။

"အေး… ဟုတ်သားပဲ၊ ငါမေ့နေတာ အငြိမ့်ပွဲ ကြည့်ရမှာပဲဟာ၊ ငါကတော့ နေ့ခင်းကတည်းက ဖျာတွေ ဂုန်နီအိတ်တွေ သွားခင်းပြီးနေရာ ဦးထားမှာပဲ"

ချက်စုစကားအဆုံးတွင် နီတွတ်က ဆရာကြီးလေသံနှင့်

"အပင်ပန်းခံပြီး နေရာဦးစရာမလိုပါဘူးကွ၊ ကြည့်ထား… အငြိမ့်ပွဲကျရင် ငါ့အဘတို့က ရှေ့ဆုံးနေရာရမှာ၊ ဦးကြာပေါ်ကြီးက အလှူလုပ်ဖို့ ရက်သွားတောင်းတာတောင် ငါ့အဘကို လာခေါ်တာ၊ အလှူလုပ်မှာကို အရင်ဆုံးသိတာ ငါ့အဘပဲ၊ အငြိမ့်သွားငှားရင်လည်း ဦးကြာပေါ်ကြီးနဲ့ ငါ့အဘနဲ့ သွားငှားကြမှာ"



ဟု ပြောလိုက်ရာ ကျော်စိုးနှင့် ချက်စုမှာ အားကျသော မျက်နှာများနှင့် ငေးကြည့်နေကြလေသည်။

"အေး… အဲဒီညကျရင် ရှေ့ဆုံးကကြည့်ရမယ်၊ မင်းတို့နှစ်ယောက်ကို ခေါ်မှာပေါ့"

နီတွတ်စကားကြောင့် ကျော်စိုးနှင့်ချက်စုမှာ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်သွားကြလေသည်။ ယခုမှ တပေါင်းလဆုတ် ဆယ့်တစ်ရက်သာရှိသေးရာ တန်ခူးလဆန်းခုနစ်ရက်ကို မြန်မြန်ရောက်ရန် စိတ်စောနေမိလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးကြာပေါ်၏ ရှင်တစ်ရာအလှူမှာ သူတို့နယ်တဝိုက်တွင် မကြုံစဖူး ထူးထူးခြားခြားအလှူကြီးဖြစ်လေသည်။ အလှူပွဲသို့လာကြသော ပရိတ်သတ်မှာ များလွန်းသောကြောင့် မဏ္ဍာပ်ကြီးပင် မဆန့်ဘဲ ဘုန်းကြီးကျောင်းတွင် တစ်ဝက်ခွဲကာ ဧည့်ခံရလေသည်။

အလှူသို့လာသော နွားလှည်းများ၊ ထွန်စက်များ၊ ထော်လာဂျီတွဲများမှာ ကွင်းပြင်တွင် ထားရလေသည်။ အငြိမ့်စင်ကိုလည်း ရွာစပ်ဆားလုံးကွင်းကြီးတွင် ဆောက်ထား၏။

ကျော်စိုးတို့သုံးယောက်မှာ ကြီးကျယ်ခမ်းနားလှသော အလှူပွဲထဲတွင်တတွဲတွဲနှင့် ဟိုဟိုဒီဒီ လျှောက်သွား



နေကြသော်လည်း ကောက်ရိုးပုံကြီးထဲက ပုရွက်ဆိတ်ကလေးများပမာ သေး၍ ပျောက်နေကြသည်ဟု သူတို့ကိုယ်သူတို့ ခံစားရလေသည်။ သူတို့သည် သံဃာစင်ရှေ့တွင် ခုံတန်းရှည်ကြီးချကာ စောင်များခင်း၍ အခန့်သား ထိုင်နေကြသော ရှင်လောင်းများကိုကြည့်ကာ အားကျနေ၏။

ထိုအထဲတွင် အလှူ့ဒါယကာဖြစ်သော ဦးကြာပေါ်၏သားဖြစ်သူ ကျောက်ဒိုးကိုတော့ ကြည့်မရဆုံးဖြစ်နေကြသည်။ ကျောက်ဒိုးသည် ကြီးကြီးကျယ်ကျယ် ရှင်ပြုရခြင်းအတွက် အလွန်မာန်တက်နေပုံရ၏။ နေရာတွင် ငြိမ်ငြိမ်သက်သက်မထိုင်ဘဲ ဟိုထသွား ဒီထသွားနှင့် ပရိသတ်ရှေ့တွင် လမ်းသလားပြနေတော့သည်။

ဦးကြာပေါ်မိန်းမ ဒေါ်မြရင်မှာလည်း အလွန်ဝါကြွားသူဖြစ်ရာ မည်းနက်နေသော အသားအရေနှင့်မလိုက်၊ ဝတ်ထားသော အထက်အောက် ယန်းရောင်ဖဲသား ဝမ်းဆက်တကားကား၊ ငါးကျပ်သားခန့်ရှိသော ဆွဲကြိုးကြီးတယမ်းယမ်းနှင့် လူတွေရှေ့ ဖြတ်ကာ သားတော်မောင်ကျောက်ဒိုးဆီသို့ သွားပြီး အအေးတိုက်ခြင်း၊ မုန့်ခွံ့ကျွေးခြင်းကို မကြာ

www.burmeseclassic.com

www.burmeseclassic.com



မကြာ လုပ်လေသည်။

ကျောက်ဒိုးမှာ မျက်နှာတွင် သနပ်ခါးအစက်အပြောက်များ လိမ်းခြယ်ကာ နှုတ်လမ်းနီကို ရဲနေအောင် ဆိုးထားရခြင်းနှင့် ယန်းယန်ရခြင်းကို အလွန်သဘောကျနေဟန်ရှိ၏။

"ဟော့… ကျော်စိုး၊ ကျောက်ဒိုးကိုကြည့်စမ်း မျောက်ဖင်နီကျနေတာပဲ ခေါင်းကအုပ်ဆောင်းကြီးကို ချွတ်လိုက်သွတ်လိုက်နဲ့ ဣန္ဒြေကိုမရဘူး"

နီတွက်က ကျော်စိုးအနီးသို့ကပ်ကာ တီးတိုးပြောလိုက်လေသည်။

"အံမယ်… ဒီလိုမပြောပါနဲ့ကွ၊ သူက ညနေဆို ကိုရင်ဖြစ်တော့မှာ၊ အခု ရှင်လောင်းဖြစ်နေပြီ မင်းငရဲကြီးမယ်"

ချက်စူစကားကြောင့် နီတွတ်မှာ အသာပြန်ငြိမ်နေလိုက်ရတော့သည်။

ချက်စူပြောတာ အမှန်ပင်ဖြစ်လေသည်။ ညနေလေးနာရီလောက်ရှိသောအခါတွင် ရှင်လောင်းများမှာ ဘုန်း



ကြီးကျောင်းသို့သွား၍ ဗွပ်ကျယ်အင်္ကျီအဖြူ သောင်းဘီတိုးဘလေးများနှင့် ဆောင့်ကြောင့်ထိုင်ကာ ဆံချရလေတော့၏။

ညနေစောင်းသောအခါ သူတို့သုံးယောက်မှာ အငြိမ့်စင်ရှေ့သို့ရောက်နေကြပြီ ဖြစ်လေသည်။ နီတွတ်ပြောသလိုပင် သူ့အဖေဦးစံရွှေမှာ ရပ်မိရပ်ဖဖြစ်ပြီး ရွာလူကြီးဦးသာလွန်နှင့် တန်းတူအရေးပေးခံရသူဖြစ်ရာ သူတို့အားလုံး တခြားကလေးများလို အပင်ပန်းခံနေရာမဦးရဘဲ ရှေ့ဆုံးမှနေရာရလေသည်။

ထိုနေရာတွင် ဦးကြာပေါ်တို့ အလှူ့ဒကာ မိသားစု လာကြည့်ကြသည့်အတွက် ကိုရင်ဖြစ်သွားသော ကျောက်ဒိုးပါ သင်္ကန်းတလွှားလွှားနှင့် ရောယောင်ပါလာ၏။

"ဟိုမှာကြည့်စမ်း၊ နီတွတ် ကျောက်ဒိုး အဲ … ဟုတ်ပေါင် ကိုရင်ကျောက်ဒိုးက ပွဲလာကြည့်တယ်"

"သူက အလှူ့ရှင်ကိုးကွ… ဒီနေ့မှစဝတ်လို့ ဘာဘုန်းကြီး ပိုလိုက်ထားတာပါကွာ… နို့မဟုတ်ရင် မရပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ချက်ရူနှင့် နီတွတ်မှာ ကိုရင်ကျောက်ဒိုးအား မလှမ်းမကမ်းမှ အကဲခတ်ကာ တီးတိုးတီးတိုး ပြောနေကြလေသည်။ ကိုရင်ကျောက်ဒိုးမှာ ယခင်နေ့တွေက ကျော်စိုးတို့လိုပင် ဖုန်အလူးလူး ရွှံ့အလူးလူးနှင့် ညစ်ပတ်ပေရေအောင် ဆော့ခဲ့သူဖြစ်သော်လည်း ဘုန်းကြီးကျောင်းသို့သက်နုတောင်း သွားကျက်သည့်နေ့မှစ၍ သန့်သန့်ရှင်းရှင်းဖြစ်လာခဲ့ပြီး ယခုလို ကိုရင်ဝတ်လိုက်သောအခါ တင့်တောင်းတင့်တယ်နှင့် ကြည်ညိုဖွယ်ဖြစ်နေ၏။ ကျော်စိုးမှာ ကိုရင်ကျောက်ဒိုးကို အမှတ်မထင် ငေးနေခိုက် သူပြန်လှည့်အကြည့်နှင့် ဆုံသောအခါ ရယ်ရမလိုပြုံးရမလို အိုးတိုးအန်းတန်း ဖြစ်သွားရလေသည်။

"ဟော့... ကျော်စိုးပါလား၊ ရော့... ချိုချဉ်စားဦး ဟိုဖက်မှာ နီတွတ်တို့လည်းပါတာကိုး ရော့... ရော့"

ကိုရင်ကျောက်ဒိုးသည် ကျော်စိုးအား သင်္ကန်းအနားစနှင့် ထုတ်ထားသော ချိုချဉ်များကို ယူကာလှမ်းပေးလေသည်။



နီတွတ်နှင့် ချက်ရူကိုလည်းပေး၏။ ထို့နောက်

"ချိုချဉ်တွေစားရလွန်းလို့ လျှာတွေလည်း ပေါက်နေပါပြီ၊ ကိုရင်က ညနေထမင်းမစားရ... တော်သေးတယ် အိမ်ကအမေ အဲလေ... ဒကာမကြီးက ချိုချဉ်တွေ၊ ထန်းလျက်ခဲတွေ ပုလင်းနဲ့ အပြည့်ထည့်ပေးလိုက်လို့"

ဟု ပြောလိုက်၏။ သူတို့သုံးယောက်မှာ ဘယ်လိုပြန်ပြောရမှန်းမသိသည်နှင့် ခေါင်းတညိတ်ညိတ် နေရလေသည်။

ထိုအချိန်တွင် အငြိမ့်စင်ထက်မှ ကတ္တီပါကားလိပ်ကြီးသည် ဆိုင်းသံနှင့်အတူ တရိပ်ရိပ် တက်သွားသောကြောင့် အားလုံး စင်ပေါ်သို့ အာရုံရောက်သွားကြလေတော့သည်။ အငြိမ့်မင်းသမီးနှစ်လက်သည် တစ်လှည့်စီ ထွက်ကကြ၏။ မင်းသမီးနှစ်ယောက်အနက် ရှေ့ထွက်မင်းသမီး စီန့်စိမ့်စိုးမှာ ရုပ်ရည်အလွန်ချောပြီး ခေါင်းဆောင်မင်းသမီးချောကလျာမှာ အကရော၊ အဆိုပါ ပိုင်လှသူဖြစ်လေသည်။ သူမ၏အသံသည် သူတို့ကြားဖူးသမျှ မိန်းကလေးအသံများထဲတွင်

www.burmeseclassic.com

www.burmeseclassic.com



အတော်လေးစူးရှကာပီသကျယ်လောင်လှလေသည်။ နီတွတ်၏ ဖခင် ဦးစံရွှေက

``တယ်လဲ အသံကောင်းတဲ့ မင်းသမီးဟေ့၊ ကြိုးကြာသံ၊ စက္ကဝက်သံကို မှီတာပဲ''

ဟုပြောလိုက်ရာ လျှာရှည်လှသော နီတွတ်က

``အဘ ကြိုးကြာတို့ ၊ စက္ကဝက်တို့ဆိုတာ မင်းသမီးတွေပဲလား၊ သူတို့ကို ဘာလို့မငှားတာလဲ''

ဟု ဝင်မေးလိုက်၏။ ဦးစံရွှေမှာ သားဖြစ်သူအား

``ဟာ…ဒီကောင်လေးနှယ်၊တောက်တီးတောက်တဲ့ ဘာတွေလျှောက်ပြောနေတာတုန်း၊ ငါပြောတာ ငှက်တွေဟဲ့''

ဟုအော်ငေါက်လိုက်လေသည်။ ထိုအခါ နီတွတ်မှာ ဧက်ကလေးပုသွားပြီး….

``အဘကလည်း ဒီလောက်လှတဲ့ မင်းသမီးကို ငှက်နဲ့ နှိုင်းရတယ်လို့''

ဟုတစ်ယောက်တည်းတီးတိုးရေရွတ်နေလေ၏။ ကျော်စိုးမှာ စိမ့်စိမ့်စိုးဟူသော မင်းသမီးကိုသာ ငုံ့ပြီး



သဘောကျ မိလေသည်။ သူမသည် ပရိသတ်ကို နှုတ်ဆက်ရာတွင် မျက်နှာက ပြုံးချိုနေပြီး စကားဆိုရာ တွင်လည်း တိုးတိုးသက်သာဆို၏။ ခေါင်းဆောင်မင်းသမီး၏ အသံက စူးခနဲ၊ စူးခနဲ အော်လိုက်သောအခါ ဓာတ်စက်ဟွန်းကြီး သူတို့ ဘက်အလှည့်နှင့်ကြုံလျှင် နားမခံသာအောင်ဖြစ်ရလေတော့သည်။

သူတို့အားလုံးမှာ အကြိုက်တူသည်မှာ လူရွှင်တော်များ၏ပြက်လုံးပင်ဖြစ်၏။

အတော်လေးညည့်နက်လာသောအခါ သူတို့ သုံးယောက်စလုံး မျက်တောင်များစင်းကာ အိပ်ငိုက်လာလေ၏။ သို့သော် နောက်ပိုင်းဇာတ်ထုတ် စပြီးကသည့်အခါ မျက်လုံးများကျယ်လာပြန်လေသည်။ နောက်ပိုင်းဇာတ်မှာ ရာမဇာတ်တော်ဖြစ်သောကြောင့် ဘီလူးရော၊ မျောက်ရော စုံအောင်တွေ့ရသဖြင့် သဘောကျမိလေသည်။

ဒဿဂီရိအလှည့်တွင် ဆိုင်းသံမှာညံနေ၍ မျက်နှာဖုံးစွပ်ထားမှန်းသိရက်နှင့်ပင် ဘီလူးက,ကနေသည်ကို ကြောက်သလိုဖြစ်လာမိသည်။ သီတာဒေဝီအဖြစ်ကသူမှာ

www.burmeseclassic.com

www.burmeseclassic.com



လွန်စွာမှ အသံရှုးလှသော ခေါင်းဆောင်မင်းသမီးပင် ဖြစ်၏။

တစ်ချိုတွင် ရသေ့ကြီးက ဟာနုမာန်ကို ကျိန်စာတိုက်သည့်အခန်းသို့ ရောက်လာရာ သူတို့သုံးဦးမှာ စိတ်လည်းဝင်စား၊ နားလည်းမလည်ရှိရာ နီတွတ်အဖေဦးစံရွှေအားမေးရလေသည်။

"ရသေ့ကြီးက ဟာနုမာန်ကို ဘာတွေပြောတာလဲ အဘ"

"ကျိန်စာတိုက်တာပေါ့ကွယ်၊ သူတော်ကောင်းကို ပစ်မှားတော်ကားရင် ကျိန်စာရူးတတ်တယ်ကွဲ့"

"ကျိန်စာရူးတယ်ဆိုတာ ဘာဖြစ်တာလဲဟင် အဘ"

နီတွတ်စကားအဆုံးတွင် ဦးစံရွှေက ကွမ်းတမြုံ့မြုံ့ဝါးရင်း...

"ကျိန်စာရူးတယ်ဆိုတာက လွယ်လွယ်နဲ့ပြောရရင်တော့ ကျိန်ဆိုတဲ့အတိုင်းလိုက်ဖြစ်ရတာပေါ့ကွယ်၊ ဒါတွေရှင်းပြရင် မဆုံးနိုင်ပါဘူး လူလေးရယ်၊ နောက်ကြုံတော့ အဘရှင်းပြပါ့မယ်"



ဟုဆိုကာ အငြိမ့်ဇာတ်ထုတ်ကို ဆက်ကြည့်နေလေတော့သည်။ 'သူတော်ကောင်းကို ပစ်မှားရင်ကျိန်စာရူးတတ်တယ်ကွဲ့' ဟူသော ဦးစံရွှေ၏ စကားက နားထဲတွင် ထပ်ကာတလဲလဲပြန်ကြားယောင်ပြီး အငြိမ့်ကြည့်ရသည်ကိုလည်း စိတ်မပါတော့ချေ။ သူတို့သုံးယောက်လုံး နှုတ်ကဖွင့်မပြောကြသော်လည်း တနုံ့နုံ့တွေးပြီး စိတ်မကောင်းဖြစ်နေကြလေတော့၏။

✸

နောက်တစ်နေ့တွင် ကျော်စိုးမှာ ဦးစံရွှေက အခေါ်လွှတ်သည်ဆိုသောကြောင့် အမေမသိအောင် တိတ်တဆိတ်အိမ်မှ ထွက်လာခဲ့ရလေသည်။ နီတွတ်အဖေ ဦးစံရွှေမှာ အကြောင်းမရှိဘဲနဲ့တော့ ခေါ်ခိုင်းမည်မဟုတ်ချေ။ သူ့ကိုခေါ်ရအောင်လည်း ဘာမှထွေထွေထူးထူးအကြောင်းမရှိဟုစဉ်းစားရင်း လျှောက်လာရာ တစ်နေရာအရောက်တွင် ချက်ရှုကို လှမ်းတွေ့လိုက်ရလေသည်။

"ဟေ့ကောင် ချက်ရှု"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ... ကျော်စိုး မင်းဘယ်သွားမလို့လဲ"

"နီတွတ်တို့အိမ် သူ့အဖေက ငါ့ကို လာခဲ့ဦးလို့ မှာလို့ ဘာလဲသိချင်တာနဲ့ ချက်ချင်းထွက်လာတာပဲ"

ချက်ရှုမှာ စွယ်ကျယ်အင်္ကျီအနွမ်းစနှင့် နပ်ချေးသုတ်နေရာမှ အံ့အားသင့်သလိုမော့ကြည့်ပြီး...

" ဟင်... ဟုတ်လား၊ နီတွတ်တို့အဖေက ငါ့ကိုလည်းအခေါ်ခိုင်းလိုက်တယ်ကွ၊ ဘာဖြစ်လို့လဲ မသိဘူး"

ဟုပြောလေသည်။ ကျော်စိုးမှာ ချက်ရှုစကားကြောင့် သာ၍ပင် အံ့သြသွားရလေသည်။

ဤသို့ဖြင့် ကျော်စိုးနှင့် ချက်ရှုမှာဘာပါလိမ့်ဟူသော အတွေးနှင့် နီတွတ်တို့အိမ်သို့ရောက်သွားလေသည်။

သူတို့ရောက်သွားသောအခါမှာ နီတွတ်မှာမျက်လုံးလေး ကလယ်ကလယ်ဖြင့်ကြည့်နေလေသည်။

"ချက်ရှုနဲ့ ကျော်စိုးပါလား လာကြဟေ့၊ လာကြ လူမိုက်တွေ၊ မင်းတို့က တော်တော်မိုက်တဲ့ ကလေး



တွေ"

ရောက်ရောက်ချင်းပင် နီတွတ်အဖေဦးစံရွှေမှာ သူတို့နှစ်ယောက်ကိုဆီး၍ မာန်မဲလိုက်တော့၏။ ချက်ရှုသည် အကြောင်းရင်းကို ဧဝေဇဝါရိပ်မိဟန်ဖြင့် နီတွတ်ကို လှမ်းကြည့်လိုက်ရာ နီတွတ်မှာ ငုတုတုငိုင်တိုင်တိုင်ပုံစံနှင့် ထိုင်နေသည်ကို တွေ့လိုက်ရလေသည်။

"ဟဲ့ နီတွတ် ပြောစမ်း၊ နင်ညက ပြောခဲ့တဲ့ ကိစ္စက အမှန်ပဲလား၊ ဟိုနှစ်ကောင်ရော ပါတယ်ဆိုတာ ရောတကယ်လား"

"ဟုတ်... ဟုတ်ပါတယ်အဘ ကျွန်တော်တို့ ဟိုလူကြီးကို စချင်နောက်ချင်လို့ပိတ်ခဲ့တာပါ၊ သူ့ကို မုန်းလို့ လုပ်ခဲ့တာမဟုတ်ပါဘူး"

နီတွတ်၏ ထစ်ထစ်ငေါ့ငေါ့ စကားတွေ အဆုံး ကျော်စိုးမှာ မျက်လုံးပြူးသွားရလေတော့၏။

"ဟုတ်သလားကျော်စိုး၊ နီတွတ်ပြောသလို ဂူပေါက်ကို လူရှိမှန်းသိရက်နဲ့ ပိတ်ခဲ့ကြသလား"

နီတွတ်အဖေ ဦးစံရွှေက ကြေးကွမ်းညှပ်ကြီးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ကွမ်းသီးစိတ်ရင်း မျက်နှာထားတင်းတင်းကြီးဖြင့် မေးလိုက်ရာ ကျော်စိုးမှာ ဆတ်ခနဲပင်တုန်သွားရသည်။

"ဟုတ်... ဟုတ်ပါတယ် အဘဦးစံရွှေ၊ ကျွန်တော်တို့ အဲဒီအပေါက်ကြီးကို ကျောက်တုံးတွေနဲ့ ဆို့ခဲ့မိပါတယ်၊ ဒါပေမယ့် အဲဒီလူကြီး ပြန်ထွက်လာမယ်ထင်တာကြောင့်..."

"တော်... တော် တော်တော်မိုက်တဲ့သတ္တဝါတွေ၊ နင်တို့ အပြစ်ဘယ်လောက်ကြီးပြီလဲ သိရဲ့လား"

"သိပါတယ် အဘရယ်၊ ဒါပေမယ့် ရွာလူကြီးနဲ့တော့ မတိုင်ပါနဲ့နော်၊ ဘဘုန်းကြီးကိုလည်း မလျှောက်ပါနဲ့"

ချက်ရှူစကားအဆုံးတွင် ဦးစံရွှေက မျက်တောင့်နီကြီးနှင့် စိုက်ကြည့်ပြီး

"ဟင် ခွေးတိရစ္ဆာန်လေးတွေ၊ ကိုယ့်အလှည့်ရောက်မှာ၊ အသားနာမှာတော့ ကြောက်ကြသလားဟင်၊ လူမိုက်တွေ၊ မရဘူးဟေ့... မရဘူး၊ ငါမတိုင်လည်း နင်တို့အပြစ်ကမသေးဘူးဟ၊ သိရဲ့



လား၊ သူတော်ကောင်းကို ပြစ်မှားတဲ့အတွက် နင်တို့ဝဋ်လည်မယ်၊ တူသောအကျိုးတို့ခံစားရမယ်၊ သူ့လိုပဲ နင်တို့ပြန်ဖြစ်လိမ့်မယ်"

ဟု အော်ငေါက်ပြောဆိုလိုက်ရာ သုံးယောက်လုံး တုတ်တုတ်မျှ မလှုပ်ရဲအောင် ကြောက်လန့်သွားရှာလေတော့သည်။

"ဟေ့... နင်တို့ဝဋ်လည်တယ်ဆိုတာကို သိအောင် ပြောပြထားရဦးမယ်"

ဟုဆိုကာ ဦးစံရွှေကြီးသည် ဘုရားစင်အောက်ရှိ စာအုပ်စင်ကလေးမှ စာအုပ်တစ်အုပ်ကို ယူလာလေသည်။ ထိုစာအုပ်ထဲမှာ ဓာတ်ပုံအချို့ကို ထုတ်ယူလိုက်ပြီး

"ဒီမှာ ကြည့်ကြစမ်း"

ဟု ဆင်တွေနှင့် ခရီးသွားနေပုံ၊ ဘုရားဖူးကြပုံများကို ပြလေသည်။

"ဒါ အဘတို့တွေ တမြန်နှစ်က အလောင်းတော်ကဿပကို ဘုရားသွားဖူးထားတဲ့ပုံတွေ၊ ဒါ အလောင်းတော်ကဿပဂူ"

www.burmeseclassic.com

www.burmeseclassic.com



အလောင်းတော်ကဿပ ဘုရားဖူးသွားပုံနှင့် ဂူပေါက်ပိတ်မိသည့်ကိစ္စ မည်သို့သက်ဆိုင်နေသလဲဟု စဉ်းစားရင်း ပုံများကိုကြည့်ကြရ၏။

"အေး… ဒီဓာတ်ပုံတွေ နင်တို့ကို ပြတာ အကြောင်းမဲ့မဟုတ်ဘူး အလောင်းတော်ကဿပရဲ့ ဘဝဖြစ်စဉ်ကိုပြောပြချင်လို့ အလောင်းတော်ကဿပမဖြစ်ခင် လူ့ဘဝက ငှက်အသေလေးတစ်ကောင်ကို ဖိုခနောက်ဆိုင် ကျောက်တုံးလေးသုံးတုံးနဲ့ ပိတ်ထားခဲ့မိတဲ့အတွက် သူဟာ ရဟန္တာဖြစ်တာတောင်မှ ဖိုခနောက်သုံးလုံးပုံစံ ပိတ်နေတဲ့တောင်ကြားထဲမှာ ပရိနိဗ္ဗာန်ပြုရတယ်။ ပရိနိဗ္ဗာန်ပြုတယ်ဆိုတာ လူတွေလိုပြောရင်သေတာပေါ့၊ အဲဒီတော့ နင်တို့လည်းလွတ်မှာ မဟုတ်ဘူး၊ အဲဒီတော့ ကြပ်ကြပ်ကြီးသတိထား၊ သူများကိုလုပ်သလို ကိုယ်ပြန်ခံရမယ်၊ နောက်လုပ်ရဲရင် လုပ်ကြည့်ကြပေတော့"

ဦးစံရွှေ၏ စကားအဆုံးတွင် ကျော်စိုးတို့သုံးဦးမှာ



မျက်နှာငယ်လေးနှင့် တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်လိုက်မိကြပြီး ခေါင်းများငုံ့လာလေတော့သည်။

သူတို့ကို နောက်မလုပ်ရဲအောင် ခြောက်လှန့်လိုက်သော စကားသည် သူတို့ရင်ထဲတွင် သံမှိုနှက်လိုက်သလို စွဲထင်သွားလေတော့၏။

❀❀❀❀❀

www.burmeseclassic.com

ညရောက်သောအခါ ကျော်စိုးမှာ တလူးလူးတလိမ့်လိမ့်ဖြင့် တော်တော်နှင့်အိပ်မပျော်နိုင်တော့ချေ။ အိပ်တော့မည်ဟု ကြံတိုင်း သူများကိုလုပ်သလို ကိုယ်ပြန်ခံရလိမ့်မယ်၊ ဝဋ်လည်မယ်ဟူသော အသံကိုသာ ထပ်တလဲလဲ ကြားယောင်နေပြီး မည်သို့မျှအိပ်ရဘဲဖြစ်နေလေသည်။

အိပ်ပျော်တော့မည်ကဲ့သို့ မျက်လုံးက မှေးခနဲကျသွားပြန်လျှင်လည်း နားကွဲလုမတတ် ကျယ်လောင်လှသော မြေပြိုသံလို အသံကြီးကိုကြားကာ အိပ်ရာမှပြန်နိုးလာရစမြဲပင်ဖြစ်ပြီး တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်များကျလျှက် ကတုန်ကယင် ဖြစ်နေရ၏။ တစ်ခါတစ်ရံ အားခနဲပင်



ယောင်အော်မိလေရာ… မိခင်ဖြစ်သူက ကျော်စိုးအား

''ဟဲ့သား… မောင်ကျော်စိုး… လူလေး… ဘာဖြစ်တာတုန်း'

ဟု ထခေါ်ရ၏။ နောက်မှအိမ်မက်ယောင်နေမှန်း သိသွားလေသည်။

နံနက်လင်းခါနီးရောက်မှပင် ကျော်စိုးမှာ မှေးခနဲအိပ်ပျော်သွားတော့သည်။ ထိုသို့ အိပ်ပျော်သွားသည့်အချိန်မှာပင် သူ့ဘဝတစ်သက်တာ အမြဲသွေးလန့်နေစေတော့မည့် အိမ်မက်တစ်ခုကို မြင်မက်ခဲ့လေတော့၏။

သူသည် တောစပ်မှ ဂူပျက်ကြီးအနီးသို့ တစ်ယောက်တည်း ရောက်နေသည်။ ထိုနေရာသို့သူတစ်ယောက်တည်း မလာသင့်မှန်းသိပါရက်နှင့် ထိုအနားက မခွာနိုင်ဘဲ တဝဲလည်လည်ဖြစ်နေသည်။

သူရောက်နေသောအချိန်မှာ နေလည်နေခင်းဖြစ်ပြီး အလင်းရောင်ကောင်းစွာရသည့်အပြင် တစ်တောလုံး လင်းထိန်နေလေသည်။ တောအုပ်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်ပြီး လေတိုးသံသဲ့သဲ့ပင် မကြားရချေ။ ငှက်သံများ

www.burmeseclassic.com

www.burmeseclassic.com



ကြားနေရသောကြောင့် သူ့စိတ်ထဲ အနည်းငယ်ပျော်ရွှင်လာပြီး လေးခွပါ၊မပါ စမ်းကြည့်လိုက်သည်။

လေးခွကအဆင်သင့် လောက်စာလုံးတွေလည်း အများကြီးပါလာသဖြင့် လေးခွကိုအသင့်ချိန်ကာ ငှက်သံများကြားရာ နေရာသို့ တရွေ့ရွေ့တိုးခဲ့သည်။ ထိုအချိန်က နီတွတ်နှင့် ချက်ရှုပါမလာသည်ကိုပင် ခပ်ကောင်းကောင်းဟု တွေးလိုက်မိသေး၏။

ထိုစဉ် တစ်တောလုံး လေများ တဟူးဟူးတိုက်လာပြီး သူချိန်ထားသော ငှက်များမှာ ကြောက်လန့်တကြား အော်ဟာစ်ထွက်ပြေးသွားလေတော့သည်။

"ဝူး… ဝူး"

"ဝေါ"

"ဝုန်း"

လေတိုက်သံအပြင် မြေပြိုသံလိုအသံကြီးပါ ထွက်ပေါ်လာပြီး တောကြီးတစ်ခုလုံး သိမ့်သိမ့်ခါသွားလေတော့သည်။

ကျော်စိုးမှာကြောက်ပြီး ခြေဦးတည့်ရာ စွတ်ရွတ်



ပြေးခဲ့မိ၏။ သို့သော် မည်သို့ဖြစ်မှန်းမသိ၊ သူ့ခြေထောက်များမှာ သဲထဲနစ်နေသလို ရုန်းမရချေ။ စောစောက လင်းထိန်နေခဲ့သော တောအုပ်ကြီးမှာလည်း မိုးမှောင်ကျလာသလို အုံ့ဆိုင်း မည်းညို့လာလေတော့၏။

"ဟင်… ဟို… ဟိုလူကြီး"

ထိုလူကြီးက သူ့ကိုကျောခိုင်းနေရင်းမှ တဖြည်းဖြည်းလှည့်ကြည့်လာသည်။ ဆံပင်ဖားလျား မှတ်ဆိတ်မွေး ထူလဗျစ်နှင့် သူ့တစ်ကိုယ်လုံး မှောင်မည်းနေသော်လည်း မျက်လုံးကြီးနှစ်လုံးကမူ ဖြူဖွေးနေလေသည်။

ထိုမျက်လုံးဖြူဖြူကြီးများနှင့် သူ့ကိုစိုက်ကြည့်နေသည်။ ထို့နောက် ထိုလူကြီး၏ ညာလက်သည် လေတိုက်ခံရသော သစ်ကိုင်းခြောက်ကြီးပမာ တဖြည်းဖြည်း မြောက်တက်သွားပြီး သူ့ကိုလက်ယပ်ခေါ်လေသည်။

"ဟင့်အင်း… ဟင့်အင်း"

သူ ခေါင်းကို သွက်သွက်ခါယမ်းရင်း နောက်ကို ဆုတ်လိုက်မိသည်။ မှတ်ဆိတ်မွေး[illegible]ကြီးများနှင့် သူ့မေးများသည် တဆတ်ဆတ်လှုပ်လာပြီး

www.burmeseclassic.com

www.burmeseclassic.com



"လာခဲ့ ငါနဲ့ ဒီမှာလာနေလှည့်"

ဟူသော အော့နှလုံးနာဖွယ် အသံနက်ကြီးနှင့် လှမ်းခေါ်လိုက်၏။ ထိုလူကြီးမှာ ခပ်တိုးတိုးပြောသော်လည်း လိုဏ်ခေါင်းထဲမှလာသလို ထပ်ခါတလဲလဲ တုန်ခါမြည်ဟီးသွားပြီး အသံကြီးကမစဲတော့ဘဲ ဆတ်တိုက်ထွက်ပေါ်လာလေသည်။

"မလာဘူး မလာဘူး… ကျွန်တော့်ကို မခေါ်ပါနဲ့"

သူ့အသံများက ထစ်ငေါ့တုန်ယင်နေသည်။ လူကြီးက လက်ကို ဆန့်တန်းရင်း လှမ်းခေါ်ပြန်သည်။

"နင်လာရမယ်၊ လာကိုလာရမယ်"

ပြောရင်း ဆန့်ထားတဲ့လက်ကြီးက သစ်ပင်ကိုင်းတက်များလို ဖြာထွက်ပြီး သူ့ရှေ့ကိုရောက်လာသည်။ ထိုလက်ကြီးဖြင့် မကြာမီ သူ့ကိုရစ်ပတ်ခေါ်ဆောင်သွားတော့မည်မှန်း သိလိုက်သော်လည်း ခြေထောက်များ မြေကြီးထဲတွင် ကျွံနေပြီး တော်တော်နှင့်နုတ်မရချေ။

"နင် ပြေးလို့မလွတ်ပါဘူး၊ ဟား… ဟား… ဒီမှာလာနေကို နေရမယ်… ဟား… ဟား… ဟား"

"အား… မလာဘူး… မလာဘူး… ကယ်ကြပါဗျို့ အမေရေ ကယ်ပါဦးဗျို့"

သူ သတိဝင်လာပြီး သံကုန်ခြစ်အော်လိုက်လေတော့သည်။ သူ့အသံက ကျပ်ခဲတစ်ဆို့နေသော်လည်း လည်ချောင်းမှ ခက်ခဲပင်ပန်းစွာ ရုန်းကန်ထွက်လာပြီး ကျယ်လောင်စွာ အော်ဟစ်လိုက်နိုင်၏။

"အား"

ခနဲအော်သံနှင့်အတူ သူပြေးဖို့ ခြေထောက်တွေက ပေါ့သွားသည်ကို သတိထားလိုက်မိချိန်တွင် အိပ်မက်မှ လန့်နိုးလာခဲ့လေတော့သည်။

✸

ကျော်စိုးမှာ ချက်စုနှင့် ထနောင်းပင်ကြီးအောက်တွင် ကစားရင်း ညကအိမ်မက်အကြောင်းကို ပြန်စဉ်းစားနေမိသည်။ သူ့အိမ်မက်ဆိုးများကို မကြာခဏမက်ဖူးပါသည်။

www.burmeseclassic.com



ဘုရားရှိခိုးပြီး မအိပ်လျှင် အိမ်မက်ဆိုးများ မက်တတ်ကြောင်း အမေက မကြာခဏ ဆုံးမသော်လည်း ဘုရားရှိခိုးဖို့ သူ သဲသဲကွဲကွဲ မမှတ်မိတော့ချေ။

''ကျော်စိုး''

''ဟင်''

ချက်စူ၏ ရုတ်တရက်ခေါ်သံကြောင့် သူလန့်သွားမိသည်။ ချက်စူက ရွာထဲလမ်းဖက်ကို မကြာခဏလှမ်းကြည့်ပြီး

''ဟိုကောင်လည်း မလာဘူး''

ဟု ပြောလေသည်။ သူတို့မနက်အစောကြီးကတည်းက ရောက်နေတာဖြစ်ပြီး နီတွတ်အလာကို စောင့်ဆိုင်းနေကြခြင်းဖြစ်သည်။

''နီတွတ်က အရင်နေ့တွေဆို သူအစောဆုံးရောက်တာကွ၊ ဒီနေ့မှ ဘာဖြစ်လို့ နောက်ကျနေလဲ မသိဘူး''

''သူ လာတော့လာမှာပါကွာ ငါတို့ အရင်ကြိုရောက်မယ်လို့တောင် ထင်မှာမဟုတ်ဘူး



ကြည့်နေ၊ သူလာလိမ့်မယ်''

ချက်စူကပြောရင်း လောက်စာလုံးတွေကို ပုံပြီး ပစ်ဖို့ပြင်နေသည်။

''ဟော့… ငါတို့ဒီလိုလုပ်ရအောင်၊ နီတွတ်လာလို့ ငါတို့ကို ရုတ်တရက်မတွေ့ရင် အံ့သြသွားမှာပဲ အဲဒီတော့… ငါတို့ဘယ်ရောက်သွားပါလိမ့်ဆိုပြီး ပျာယာခတ်သွားအောင် ပုန်းနေရအောင်''

ကျော်စိုးစကားအဆုံးတွင် ချက်စူက ထိုအကြံအစည်ကို သဘောကျသလို ပုန်းရန်နေရာကို ဟိုဟိုဒီဒီလိုက်ရှာကြည့်လေသည်။

''ဒီနားမှာက ဆူးချုံတွေချည်းပဲ၊ ဟိုဆပ်သွားဖူးတောထဲလဲ ဝင်မပုန်းချင်ဘူး ဆူးစူးတယ်၊ ဘယ်မှာပုန်းကြမလဲ''

''ဟိုဖက်က သပွတ်ပင်တွေအကွယ်ဆိုရင်ရော''

''ဟာ… အဲဒီနားတော့ မသွားနဲ့၊ ခါချဉ်တွေပေါမှပေါ''

သူတို့နှစ်ယောက်မှာ ယခင်ပုန်းနေကျနေရာတွင်

www.burmeseclassic.com

www.burmeseclassic.com



လည်း မပုန်းချင်ကြချေ။ ထိုနေရာများတွင်ပုန်းပါက နီတွတ်က အလွန်လျှင်သူဖြစ်ရာ အလွယ်အတကူ တွေ့သွားမည်သာဖြစ်သည်။ အတန်ကြာသော် ချက်စူမှာ တစ်စုံတစ်ခုကို အကြံရသလို ဝမ်းသာအားရ ဖြစ်သွားပုံနှင့်

'ကျော်စိုးရေ' ဟု လှမ်းခေါ်လိုက်လေသည်။

"ဟေး"

"ငါသိပြီကွ၊ ဟိုတစ်ခါ ငါတို့ ငှက်သိုက်တက်နှိုက်တဲ့ သနပ်ပင်ကြီးပေါ် တတ်ပုန်းနေကြမယ်၊ အဲဒီအပင်ပေါ်ကကြည့်ရင် နီတွတ်လာတာကို မြင်ရတယ်ကွ"

"အေး... ဟုတ်တယ်၊ ငါတို့သနပ်ပင်ပေါ် တက်ပုန်းကြတာပေါ့"

သူတို့နှစ်ယောက်မှာ သနပ်ပင်အုပ်အုပ်ကြီးပေါ်သို့ တက်ပြီး ပုန်းနေလိုက်ကြသည်။ သနပ်ပင်ကြီးမှာ မြင့်လည်းမြင့်သည့်အပြင် သစ်ခေါင်းပေါက်ကြီးများရှိသောကြောင့် လူလေးငါးယောက် တက်နေတာတောင် အလွယ်တကူ မမြင်နိုင်ချေ။



ချက်စူနှင့် ကျော်စိုးမှာ ခပ်မြင့်မြင့်နေရာရှိ ခွဆုံကောင်းကောင်းတွင်ထိုင်ကာ နီတွတ်အလာကို စိတ်လှုပ်ရှားစွာ စောင့်နေကြလေတော့သည်။ အတော်လေးကြာသောအခါ လေလေးတဖြူးဖြူးနှင့်မို့ နှစ်ယောက်လုံး အိပ်ငိုက်လာကြသည်။

စောင့်ရသောအလုပ်မှာ အလွန်စိတ်ပျက်ဖွယ်ကောင်းလှသည်။ ကြာတော့ နှစ်ယောက်လုံး သစ်ပင်ပေါ်တွင် အိပ်ပျော်ခြင်းသို့ ရောက်သွားကြလေတော့၏။

သူတို့နှစ်ယောက်မှာ မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ၊ နိုးလာသောအချိန်တွင် ညနေပင်စောင်းနေပြီဖြစ်လေသည်။

"ဟော့... ချက်စူ ထစမ်း၊ ကြည့်ပါဦး ငါတို့မနက်ကတည်းက အိပ်ပျော်သွားတာ နေတောင်ဝင်တော့မယ်၊ ဟိုကောင်နီတွတ်ကို အပုန်းကောင်းတာ အိမ်ကဆူတော့မှာပဲ၊ နီတွတ်လည်း ငါတို့ကို မတွေ့လို့ ပြန်သွားပြီထင်တယ်"

ကျော်စိုးနှင့် ချက်စူမှာ အိပ်ရေးဝသွားပြီဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



"ဟော်… ဘယ့်နှယ် လူလေးကို ဘယ်သူစောင့်ပေးနေလို့ တော်က စိတ်ချလက်ချ ပြန်လာတာလဲ" ဟု လှမ်းပြောလိုက်လေသည်။

"ဟိုမှာ ညွှန့်ဟန်တို့ရှိပါတယ်ကွာ၊ ဖျားတာပဲ ပျောက်သွားမှာပါ၊ ဘာမှစိုးရိမ်မနေပါနဲ့"

"ပြောတော့လွယ်လှချည်လား ကိုစံရွှေ၊ ကလေးအခုလိုဖြစ်တာ ရှင်မကောင်းလို့ ရှင်သိရဲ့လား၊ ရှင်ခြောက်လှန့်လိုက်လို့၊ အိမ်မက်ဆိုးတွေ မက်ပြီး အပြင်းဖျားတာ၊ ဘယ့်နှယ်တော် ကလေးပေါက်စလေးတွေကို တော်ရဲ့ဆုံးမဖို့၊ ခြောက်လိုက်လှန့်လိုက်တာ ကျိန်စာတိုက်တဲ့အတိုင်းပဲ"

"ဟ ငါက နောက်မလုပ်ရဲအောင်ပြောတာ တမင်လှန့်တာမှမဟုတ်တာ"

"အို…. နောက်မလုပ်ရဲအောင်ပြောတာ တော်ရဲ့ပြောလည်းရတာပဲ၊ ခုဟာက တဆိတ်လွန်လွန်းပါတယ်၊ ကလေးတွေစိတ်ထဲမှာ ငါတို့လုပ်ခဲ့တဲ့အပြစ်တော့ မလွဲမသွေခံရမှာပဲဆိုတဲ့ စိတ်ကြီးစွဲသွားတော့ မဖြစ်သင့်တာတွေ ဖြစ်ကုန်ရင် မခက်ဘူးလား၊ လူကြီးဖြစ်ပြီးနည်းနည်းမှ မဆင်ခြင်ဘူး"



ဒေါ်စိန်ရင်၏ စကားကြောင့် ဦးစံရွှေမှာ အတော်လေးဒေါသထွက်သွားဟန်ရှိလေသည်။ လှည်းပေါ်မှ ကောက်ရိုးများ၊ ယိုင်လိပ်များကိုဆွဲချကာ

"ဟော့… တော်… တော်၊ မင်းဘာမှမသိနားမလည်ဘဲ ဝင်ဝင်မပြောနဲ့၊ ငါက ဖြစ်တတ်တာကို သိအောင်ပြောရတာ"

ဟု တစ်ခွန်းမှအလျှော့မပေးဘဲ ပြန်ပြောလိုက်လေတော့၏။ ထိုအခါ သားသမီးဇောနှင့် စိတ်ပူနေသော ဒေါ်စိန်ရင်ကလည်း ဒေါနှင့်မောနှင့် ပြန်အော်လေသည်။

လင်မယားနှစ်ယောက် အချေအတင်ပြောဆိုနေကြစဉ် ချက်ကူနှင့်ကျော်စိုးမှာ နီတွတ်အတွက် စိတ်မကောင်းစွာနှင့်ပင် ပြန်လာခဲ့ကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ပတ်ခန့်ကြာသောအခါ ကျော်စိုးနှင့် ချက်စု တို့ကစားနေခိုက် နီတွတ်ဆေးရုံကပြန်လာပြီ ဟူသော သတင်း ကို နားစွန်နားဖျားကြားလိုက်ရလေသည်။

"ဖိုးချိုရေ....နီတွတ် ဆေးရုံကဆင်းလာပြီတဲ့၊ နေကောင်းသွားပြီထင်တယ်"

ချက်စု၏ဝမ်းသာအားရစကားအဆုံးတွင်နှစ်ယောက်သား နီတွတ်ဆီသို့ထွက်လာခဲ့ကြလေသည်။ သူတို့နှစ်ယောက်မှာ နီတွတ်ကို အလွန်တွေ့ချင်နေကြပြီဖြစ်သည်။ သူတို့အဖွဲ့တွင် နီတွတ်က ခေါင်းဆောင်လိုဖြစ်နေသောကြောင့် နီတွတ်မရှိသည့်ရက်တွင် ကစားရသည်ပင်



ပျော်စရာမကောင်း၊ ပျင်းရိသလိုဖြစ်နေကြရသည်။

"ဟော့ ချက်စု ကြည့်စမ်း လူတွေ ဟိုရှေ့မှာ တရုန်းရုန်းနဲ့ဘယ်ကိုသွားနေကြတာလဲမသိဘူးကွ"

"အေးနော် ဟော...ပြောရင်းဆိုရင်း နီတွတ်တို့ အိမ်ထဲကို ဝင်သွားကြပြီကွ"

"ဟာ...မဟုတ်သေးပါဘူး၊ ဟိုဖက်လမ်းကြားထဲ ကွေ့သွားတာမဟုတ်ဘူးလား"

ကျော်စိုးစကားအဆုံး ချက်စုက ခဏနေစမ်း ဟူသော သဘောနှင့်လက်ကာပြရင်း ဆက်မသွားဘဲ တုံ့ခနဲ ရပ်လိုက်၏။

"ဘာလဲ ချက်စု"

"မင်း မကြားဘူးလား သေသေချာချာနားထောင်စမ်း၊ ငိုသံလိုလိုကြားတယ်"

ချက်စုပြောတာမှန်သည်။ နီတွတ်တို့ အိမ်ဘက်မှ ငိုသံတွေ စီစီညံညံထွက်လာသည်။

"အောင်မယ်လေး... အဖြစ်ဆိုးလိုက်တာသား ရယ်"

www.burmeseclassic.com

www.burmeseclassic.com



''ဘယ်လိုဖြစ်ရတာတုံး လူလေးရဲ့… သားရေ… နီတွတ် အမေခေါ်နေတာ ထူးပါဦး… အီး… ဟီး… ဟီး…''

အိမ်နားသို့ရောက်လာလေ ငိုသံမှာ ပိုပြီးကျယ်လာလေပင်။ သူတို့နှစ်ယောက်လုံး အံ့သြထိတ်လန့်နေရာမှ ရုတ်တရက် သတိဝင်လာကာ ထိုအိမ်ဘက်သို့ သုတ်ခြေတင်ပြီး ပြေးခဲ့ကြလေတော့သည်။ နီတွတ်တို့ခြံထဲရောက်သွားသောအခါ လူအုပ်ကြီးမှာ အိမ်ပေါ်နှင့်ခြံထဲတွင် ပြည့်ကျပ်ခဲနေလေသည်။

''နီတွတ် နီတွတ် ဘာဖြစ်တာလဲဟင်''

နီတွတ်၏အစ်ကိုဝမ်းကွဲတော်သူ ကိုစိန်ကုလားမှာ စုပ်တသပ်သပ်၊ အံ့တကြိတ်ကြိတ်နှင့် အတော်လေးယူကြုံးမရဖြစ်နေဟန်ရှိလေသည်။

''နီတွတ်ဆုံးပြီ'' တဲ့။

ချက်စူနှင့်ကျော်စိုးမှာ သူတို့နားကိုပင် သူတို့မယုံနိုင်တော့ချေ။ နီတွတ်သေပြီဟု သူတို့အနေနှင့်ဘယ်လိုမှ လက်ခံ၍မရ။



သတင်းလာမေးသော လူအုပ်ကြီးမှာ စိတ်မကောင်းခြင်း၊ အံ့သြနေခြင်းတို့ကြောင့် မေး၍မဆုံးနိုင်တော့။

''လှည်းပေါ်မှာ စကားတွေတောင် ပြောလာတာအကောင်းပါဗျာ၊ နေကောင်းလို့ဆေးရုံကဆင်းခွင့်ပေးလိုက်တာပါ၊ အားနည်းနေတာကလွဲရင် ဘာအဖျားမှမရှိတော့ဘူးလို့ ဆရာဝန်ကိုယ်တိုင်ပြောလိုက်တာပဲ''

''ဒါနဲ့များ… ဘယ်လိုဖြစ်ပြီး တစ်ချီတည်းအသက်ပါသွားရတာလဲ၊ စဉ်းစားလို့မရနိုင်ဘူး''

စိန်ကုလားက ခေါင်းကိုတွင်တွင်ခါရမ်းရင်း

''ကျုပ်စိတ်ထင်တော့ ဟိုနေရာကြောင့်လို့ထင်တယ်''

ဟု အံကြိတ်သံနှင့် ပြောလိုက်လေသည်။

''နေစောင်းပြီဆိုတော့ ကျုပ်လည်း ရွာရောက်ချင်ဇော နဲ့ လှည်းကိုတောစပ်ဖြတ်လမ်းက မောင်းလာခဲ့တာ၊ တောစပ်ဂူပျက်နားလည်းရောက်ရော ချက်ချင်းကတုန်ကယင်ဖြစ်လာပြီး မျက်ဖြူလန်

www.burmeseclassic.com

www.burmeseclassic.com



သွားတယ်၊ ပြီးတော့ တစ်ချီတည်းအသက်ပါ
သွားတော့တာပဲ''

စိန်ကုလား၏ စကားအဆုံးတွင် သူတို့နှစ်ယောက်မှာ တစ်ယောက်မျက်နှာတစ်ယောက် ထိတ်လန့်တုန်လှုပ်စွာ လှမ်းကြည့်လိုက်မိကြသည်။ ချက်ရှုမှာ မျက်နှာတစ်ခုလုံး သွေးဆုတ်ဖြူရော်နေပြီး သူလည်း ဟကိုယ်လုံး တဆတ်ဆတ် တုန်ယင်နေခဲ့လေသည်။

ကြောက်မက်ဖွယ်ရာ အရိပ်ဆိုးကြီးသည် ထိုအချိန်မှစ၍ နုနယ်သော သူတို့နှလုံးသားကို အုပ်မိုးထားလိုက်လေတော့သည်။

''ငါ့ အဖြစ်ကတော့အဲဒါပါပဲကွာ''

ဟု ကျော်စိုးက သူ့စကားကို အဆုံးသတ်လိုက်သည့်အချိန်တွင် သူ၏မျက်လုံးတွင် မျက်ရည်လိုလို အရည်ကြည်များ ရစ်ဝဲဝေ့သီနေသည်ကို တွေ့လိုက်ရလေတော့သည်။

ထို့ပြင် သူ့အသွင်မှာ အတိတ်ပုံရိပ်ထဲမှ တော်တော်နှင့် ရုန်းထွက်နိုင်ပုံမရဘဲ အလွန်အမင်း တုန်လှုပ်ချောက်ချား



ပုံပေါ်နေလေသည်။ ကျော်စိုး၏အသွင်မှာ အပြစ်လုပ်မိစဉ် မိဘမြင်သွားသောကြောင့် ထိတ်လန့်နေသော ကလေးငယ်ကဲ့သို့ ဖြစ်နေ၏။

ကျော်မိုးနှင့်ကျော်တိုးမှာ ကျော်စိုးအတွက် စိတ်မကောင်းဖြစ်သွားရသည်။ သူငယ်ချင်းဖြစ်သူ၏ ရင်ထဲတွင် ကာလအတော်ကြာ ထိန်းမှာကျင်ခဲ့ရသော ဝေဒနာအတွက်စာနာမိကာ ကျော်စိုး၏ ပုခုံးကိုဖက်၍နှစ်သိမ့်လိုက်မိကြသည်။

''အဲဒီလိုတော့လည်း မဟုတ်ပါဘူးကွာ၊ ပြီးခဲ့တာ
တွေပြီးပြီပဲ၊ ဘာမှစိတ်ထဲထားပြီး စိတ္တဇကြီး
ဖြစ်မနေပါနဲ့တော့ သူငယ်ချင်းရာ''

ကျော်မိုး၏ စကားအဆုံးတွင် ကျော်တိုးကလည်း ခေါင်းတစ်ချက်ညိတ်လိုက်ပြီး

''ဟုတ်တယ် သူငယ်ချင်း၊ ဒါက စိတ်ကခြောက်
လှန့်နေတဲ့ အဲဒီအဖြစ်အပျက်ကြောင့် မင်းကိုယ်မင်း
နောက်ဆယ်နှစ်အတွင်း သေမယ်လို့ ပြောတာလား၊
မဖြစ်နိုင်ပါဘူးကွာ''

ဟု ပြောလိုက်လေသည်။ ကျော်စိုးက ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ခါရမ်းပစ်လိုက်ရင်း သက်ပြင်းကိုခပ်မှျင်းမှျင်း ရှိုက်သွင်းသည်။

"အဲဒီလိုတော့ မဟုတ်ဘူးကွ၊ အဖြစ်ဆိုးကြီးက ငါတို့သုံးယောက်ကြားမှာ ဒီတစ်ခုတည်းနဲ့ အဆုံးသတ်သွားတာ မဟုတ်ဘူး၊ နီတွတ်သေတာက အဆုံးမဟုတ်တဲ့ နိဒါန်းအစဆိုတာ နီတွတ်သေပြီး လနည်းနည်းအကြာမှာပဲ သိခဲ့ရတယ်၊ အဲဒါကတော့… တောစပ်က ဟိုနေရာမှာ ချက်ရူပိုးထိတာပဲ၊ ခါတိုင်းဆို ငါတို့ရွာက ကပ္ပိယကြီးက မြွေနိုင်တယ်၊ ပိုးထိတဲ့လူနာတိုင်းကို ပျောက်အောင် ကုပေးနေကျ၊ ဒါပေမယ့် ချက်ရူကိုတော့ မကုပေးနိုင်ခဲ့ဘူး။ ချက်ရူကို ကိုက်တဲ့မြွေက တိုက်မြွေတဲ့လေ"

ကျော်စိုးစကားအဆုံးတွင် ကျော်မိုးရောကျော်တိုးပါ ခေါင်းကိုခပ်သွက်သွက်ခါရမ်းကြလေသည်။ ကျော်တိုးက ကျော်စိုးကို နှင့်နဲ့စွာကြည့်ပြီး

"ဒါ… ဒါတိုက်ဆိုင်မှုပါကွာ၊ စိတ်စွဲလမ်းတာ



လည်းပါတယ်၊ ဥပါဒါန်ကြောင့်ဥပါဒ်ရောက်တယ်ဆိုတဲ့စကား မင်းလည်းကြားဖူး ပေါ့၊ အကောင်းဆုံးကတော့ ဒီအဖြစ်အပျက်တွေကို မင်းစိတ်ထဲရိုးရိုးတန်းအဖြစ်အပျက်တွေလို့ လက်ခံနိုင်အောင် ကြိုးစားရမယ်"

မည်သို့ပင်ဖျောင်းဖျနှစ်သိမ့်စေကာမူ ကျော်စိုးကတော့ ခေါင်းကိုသာတွင်တွင်ခါယမ်းနေလေတော့၏။

✸

နောက်တစ်နေ့ ကျောင်းဆင်းသောအခါ ကျော်မိုးနှင့်ကျော်တိုးမှာ ကျောင်းအနီး လက်ဖက်ရည်ဆိုင်တွင် သွားထိုင်ကြလေသည်။ ကျော်စိုးမှာ လက်ဖက်ရည်ဆိုင်မလိုက်ချင်ဟုဆိုကာ အဆောင်သို့ပြန်သွားသောကြောင့် နှစ်ယောက်တည်း ထွက်လာခဲ့သည်။

"ကျော်စိုးကတစ်မျိုးပဲကွ၊ ဒီကောင်ဉာဏ်လည်းကောင်းတယ်၊ စာလည်းငါတို့ထက်တော်ရဲ့သား၊

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ မဟုတ်တဲ့ဘက်မှာ တစ်ယူသန်အစွဲတွေ ရှိနေရတာလဲမသိဘူး''

ကျော်တိုး၏စကားကြောင့် ကျော်မိုးမှာ အလွန် ထူးထူးဆန်းဆန်းနိုင်လှသော သူငယ်ချင်းဖြစ်သူ၏ စိတ်ကို နားမလည်နိုင်စွာ စဉ်းစားတွေးတောနေမိလေသည်။ ကျော်စိုးသည် သူတို့နှင့် စတွေ့ကတည်းက စကားပြောဆိုပုံ အမူအရာ ကအစ အေးဆေးသိမ်မွေ့သည်။ ရုပ်ရည်အားဖြင့် သူတို့ထဲတွင် ကြည့်အကောင်းဆုံးနှင့် မိန်းကလေးများစိတ်ဝင်စားခြင်းခံရဆုံးဖြစ်သည်။ အစကတော့ ရိုးလွန်းအေးလွန်းသည်ဟုသာ ထင်မှတ်ခဲ့မိသည်။ အချိန်ကြာလာတာနှင့်အမျှ သူ့စိတ်ထဲတွင် လှိုင်းမိုးဖိစီးနေသော စိတ်ဒဏ်ရာတို့ကို တစ်စတစ်စသိမြင်လာခဲ့သည်။

''သူ့စိတ်ထဲမှာ ဒီအယူအဆလွဲကြီးက တော်တော် အမြစ်တွယ်နေပြီကွ၊ တော်သေးတယ်၊ စိတ္တဇဝေဒနာရမသွားတာ''

ကျော်မိုး၏စကားအဆုံး ကျော်တိုးက မျက်မှောင်ကျုံ့လိုက်ရင်း



''ဒီကောင်က အကဲကိုပိုလွန်းတာပါကွာ၊ ခေတ်ပညာတတ်ပြီး ဒါတွေ စွဲလမ်းယုံကြည်နေတာ ငါတော့ တော်တော်အံ့သြတာပဲ''

ဟုပြောလိုက်လေသည်။

''အဲဒီလိုတော့ ပြောလို့မရဘူးကွ၊ ငယ်နုတဲ့ နှလုံးသားတစ်ခုမှာ စွဲထင်နေတဲ့ အရိပ်က ဖျောက်ပစ်ရခက်တယ်၊ အမှန်တော့ ဦးစံရွှေဆိုတဲ့ လူကြီးအမှားပဲကွ၊ သူ့အဆုံးမလွန်လို့ ကလေးတွေ စိတ်ထဲမှာမစွဲသင့်တာကြီး စွဲသွားရတာ၊သူကတော့ နောင်ကြဉ်အောင်အပြစ်ပေးတဲ့ သဘောနဲ့ဆုံးမပေမယ့် သူပေးတဲ့အပြစ်ဒဏ်က ကလေးတွေအတွက် အစွဲအလမ်းကို ပိုပြီးကြီးမားအောင် လုပ်သလိုဖြစ်သွားတာ ပေါ့ကွာ''

''ဒါကတော့ လူကြီးဆိုတာမျိုးက ကလေးတွေ နောက်မလုပ်ရဲအောင် ခြောက်လှန့်ကြတာပါကွာ၊ ခုဆို ကျော်စိုးက ကလေးမှမဟုတ်တော့တာ၊ ဒါတွေကလည်းမေ့သင့်ပါပြီ၊ ငါတို့ငယ်ငယ်က

www.burmeseclassic.com

www.burmeseclassic.com



ငါ့အဘွားဆို သိပ်ပြီးလှန့်တတ်တာ၊ ည,ည ငါက အိမ်လည်ပြီးဆော့တတ်တယ်၊ ပြီးတော့ ညဘက်ဆို စိတ်ကောက်ပြီးငိုတော့ ငါ့အဘွားက အိမ်ထောင့်က လက်ပံပင်မှာ ဒေဝေါရှိတယ်လို့ပြောတာ၊ ငါလည်း ကြောက်လိုက်တာ၊ လှုပ်ကိုမလှုပ်ရဲဘူး၊ ဒေဝေါဆို တာ ဘာကောင်မှန်းလည်း မသိဘူး၊ ဒါပေမယ့် ဒေဝေါလာပြီဆိုရင် ငါ့မှာ နေစရာကိုမရတော့ပါ ဘူးကွာ၊ ရယ်စရာတောင် ဖြစ်သွားပြီ''

ကျော်တိုး စကားအဆုံး ကျော်မိုးက ခေါင်းကို ဖြည်းညင်းစွာခါယမ်းလိုက်ပြီး

''ဒါပေမယ့် မင်းမျက်စိရှေ့မှာ အဲဒီဒေဝေါလက်ချက်နဲ့ ဘယ်သူမှ ဒုက္ခမရောက်ခဲ့ဘူး မဟုတ်လား၊ ကျော်စိုးကျတော့ သူ့မျက်စိရှေ့တင် ဟိုနှစ်ယောက်က ဘာလိုလို ပယောဂမကင်းဘဲ သေသွားရကော ဆိုတော့ စိတ်ထဲမှာတစ်ခု ဖြစ်နေတော့တာပေါ့၊ ငါတို့အိမ်နားမှာ ကောင်လေးတစ်ယောက် တော်တော်ဆိုးတာ၊ အသက်က နှစ်ဆယ့်တစ်နှစ်လောက်



ပေါ့၊ အဲဒါ ဒီလောက်သောင်းကျန်းရမလား၊ ဆိုးရမလားဆိုပြီး ဖအေလုပ်တဲ့လူက အခန်းတစ်ခန်းထဲ တစ်နေကုန်သော့ခတ်ထည့်ထားတာ၊ ခဏဆိုပြီး ခြောက်လှန့်ထည့်လိုက်တာပဲ၊ မေ့ပြီးညနေစောင်းတဲ့အထိ မဖွင့်ပေးမိဘူး၊ သတိရလို့ သွားဖွင့်ပေးတော့ အကြောက်လွန်ပြီး အထဲမှာသေနေပြီ၊ အဲဒါ စိတ်ကပြန်သတ်သွားတာကွ''

''ဘာပဲဖြစ်ဖြစ်ကွာ၊ ကျော်စိုးက ငယ်ငယ်ကတည်းကတောင် ဘာမှမဖြစ်ခဲ့ဘဲနဲ့၊ ခုအရွယ်ကျမှ ဘာလို့ ဒုက္ခရောက်ရမှာလဲ၊ ဒီလောက်အကောင်းကြီး သေလောက်တဲ့ရောဂါလည်းဘာမှရှိသေးတာမဟုတ်ဘူး''

ကျော်တိုးစကားအဆုံး ဘာမှမတုံ့ပြန်တော့ဘဲ ကျော်မိုးသည် ခပ်ဝေးဝေးသို့သာ ငေးနေလေတော့၏။ သူတို့နှစ်ယောက်ဆုံတိုင်း ကျော်စိုးအကြောင်းကိုသာ တွက်မရသောပုစ္ဆာတစ်ပုဒ်လို အဖြေရှာကြ၊ ဝေဖန်ကြမြဲပင်။ သဘောထားချင်း၊ ထင်မြင်ယူဆပုံချင်းတော့ လုံးဝမတူကြချေ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူတို့နှစ်ယောက်လုံး ကျော်စိုးခံစားနေရသော အဖြစ်အပျက်ကို တူညီစွာသိမြင်ခွင့်ရခဲ့သည့် အဖြစ်အပျက်တစ်ခုက သိပ်မကြာခင်မှာပင် ဖြစ်ပွားခဲ့လေတော့သည်။ ထိုညက စာမေးပွဲရှိသောကြောင့် သူတို့အားလုံး အဆောင်သို့မပြန်ဖြစ်ကြတော့ဘဲ သူတို့ဆရာဦးစိုးဟင့်အခန်းတွင် စာကျက်ရင်း စုအိပ်လိုက်ကြလေသည်။

ညဉ့်နက်သောအခါ အားလုံးအိပ်ရာဝင်ကြလေတော့သည်။ အားလုံးအသက်ပြင်းပြင်းရှူ၍ အိပ်ပျော်သွားကြသော်လည်း ကျော်စိုးမှာ ရုတ်တရက်အိပ်မပျော်သေး။ ထို့အတူ ကျော်မိုးမှာလည်း အိုက်စပ်စပ်ဖြစ်နေသောကြောင့် မအိပ်နိုင်သေးဘဲ ရှိနေလေသည်။ ခဏအကြာတွင် ကျော်စိုးမှာ ဘယ်ညာလူးလှိမ့်နေရာမှ အိပ်ပျော်သွားလေတော့သည်။ ကျော်တိုးနှင့်ဝင်းထင်ဟူသော အတန်းတူသူငယ်ချင်းတစ်ယောက်ဆိုလျှင် တရှူးရှူး၊တခေါ်ခေါ်နှင့် ဟောက်ပင်ဟောက်နေချေပြီ။

အချိန်ကား ညည့်နှစ်နာရီပင်နီးပါးပင်ရှိနေပြီဖြစ်သည်။ ကျော်မိုးမှာ မှေးခနဲ ပျော်တော့မည်ကဲ့သို့ ဖြစ်နေ



စဉ်

"အား…"

ဟူသော အော်သံကြီးကြောင့် အိပ်ရာမှ အထိတ်တလန့် ထထိုင်လိုက်မိသည်။

"ဂူဝမည်းမည်းကြီး…သွား·သွား··ထွက်သွား…"

"ကျွန်တော့်ကို မခေါ်ပါနဲ့၊ ဂူပျက်ကြီးထဲမှာ မြွေတွေ…မြွေတွေ ပြုလာပြီ"

တိတ်ဆိတ်နေသောညအချိန့်တွင် ကြားလိုက်ရသော ကျော်စိုး၏ အထိတ်တလန့်အော်သံကြောင့် အားလုံးအိပ်ရာမှ လန့်နိုးလာကြတော့သည်။ ကျော်တိုးမှာ ပထမတော့ ကြောင်နေပြီး ခဏကြာမှ မီးခလုတ်ကို ဖွင့်ဖို့သတိဝင်လာ၏။

"အား….ကယ်ကြပါဦး…ကယ်ကြပါဦး…ကျွန်တော်မလာဘူး"

ကျော်စိုးမှာ မျက်စိအစုံကို မှိတ်ထားရက်နှင့်ပင် လက်များကို မျက်နှာရှေ့၌ တစ်စုံတစ်ခုကို ကာကွယ်ထားသလို ကာထားကာ အော်ဟစ်နေလေသည်။

"ကျော်စိုး ကျော်စိုး··"

www.burmeseclassic.com

www.burmeseclassic.com



"အား.....မလာနဲ့"

"ကျော်စိုး ဟော့ကောင်"

ကျော်တိုးမှာ ကျော်စိုး၏ ပုခုံးအားခပ်ကြမ်းကြမ်း ဆွဲလှုပ်နှိုးလိုက်မှပင်

"ဟင်"

ဟု ဆိုရင်း ကြောင်တောင်တောင်ပြန်ကြည့်လေသည်။ သူတို့အားလုံးမှာ ကျော်စိုးအား အထိတ်တလန့်နှင့် ထိုင်ကြည့်နေမိကြလေသည်။

ကျော်စိုးသည် မျက်နှာပေါ်တွင် စိုရွှဲနေသော ချွေးသီးချွေးပေါက်များကို လက်ဖြင့် ပွတ်သုတ်ပစ်လိုက်ပြီး သူတို့ကို ရှက်ကိုးရှက်ကန်းနှင့် ပြန်ကြည့်နေလေသည်။

ကျော်စိုးအကြောင်းကိုမသိသော ဝင်းထင်မှာ ကြောက်လန့်နေပြီး စကားအထစ်ထစ်အငေါ့ငေါ့နှင့်

"ကျော်...ကျော်စိုး...မင်း..ဘာ...ဘာအိပ်မက်တွေ မက်နေတာတုန်း"

ဟုမေးလေသည်။ ကျော်စိုးက ခေါင်းကိုဖြည်းညင်းစွာ ခါယမ်းလိုက်ပြီး ဘာမှပြန်မဖြေဘဲနေလေသည်။



"မင်း အိပ်မက်ဆိုးတွေ မက်နေတာမဟုတ်လား၊ ကဲပါကွာ ပြန်အိပ်လိုက်တော့၊ ငါတို့ရှိနေတာပဲ"

ကျော်မိုးစကားအဆုံးတွင် ကျော်စိုးက ဘာမှပြန်မဖြေဘဲ ခပ်ဟဟပွင့်နေသော အိမ်ပြင်ပြတင်းပေါက်ကို လှမ်းကြည့်ကာ တစ်စုံတစ်ခုကို တီးတိုးရေရွတ်နေ၏။

"မင်း ဘာပြောလိုက်တာလဲ ကျော်စိုး"

ကျော်တိုးက အိမ်အပြင်ကို လှမ်းကြည့်ပြီး စိုးရိမ်တကြီး မေးလိုက်လေသည်။

"ဩော်... ဒီည လမိုက်ညဆိုတာကို ငါမေ့သွားတယ်၊ ဒီလိုမှန်းသိရင် ငါမအိပ်ပါဘူး၊ လမိုက်ညတိုင်း ငါ အိပ်မက်ဆိုးတွေမက်တတ်တယ်"

ကျော်စိုးစကားကြောင့် သူတို့အားလုံး အံ့အားသင့်သွားပြီး ကျော်စိုးကို ကရုဏာလည်းသက်၊ နားမလည်နိုင်သလိုလည်းဖြစ်မိကာ သက်ပြင်းကိုယ်စီချလိုက်မိတော့၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုအဖြစ်အပျက်ဆန်းများအပြီး နောက်ပိုင်းတွင် ကျော်မိုးရော ကျော်တိုးပါ သူ့အပေါ်တွင် အမြင်ပြောင်းလဲလာခဲ့ရလေတော့သည်။

ကျော်စိုးသည် အများအမြင်တွင် ဘာမှမထူးခြားသော သာမန်ကျောင်းသားတစ်ယောက်အဖြစ် အေးအေးဆေးဆေး ရှိနေခဲ့သော်လည်း သူနှင့်အနီးကပ်ဆုံး အရင်းနှီးဆုံးဖြစ်သော ကျော်မိုးတို့အတွက်မူ ထူးဆန်းသောလူတစ်ယောက်ဖြစ်ခဲ့ရသည်။

တစ်ချိန်တည်း တစ်ပြိုင်တည်းတွင် ယုံကြည်လက်ခံလိုက်ရခြင်းမဟုတ်ဘဲ တိုက်ဆိုင်သည်ဟု ပြော၍ရသလို



ထူးဆန်းစွာဖြစ်ပျက်သည်ဟု ပြောနိုင်သော ကိစ္စများက တစ်ခုပြီးတစ်ခု ဆက်တိုက်ဖြစ်ပေါ်ခဲ့ရာမှ သိလာခဲ့ရခြင်းပင် ဖြစ်၏။

အကြောင်းမှာ ကျော်စိုးသည် အနေအထိုင် အေးဆေးသည်ကလွဲ၍ နုံနုံအအ၊ ထုံထိုင်းသူတစ်ယောက် မဟုတ်သလို၊ နမော်နမဲ့ နေတတ်သူလည်းမဟုတ်ချေ။ သို့သော် **သူတို့**သုံးယောက် အတူတူရှိနေသည့်အချိန်တွင် တစ်ခုခု ထိမိခိုက်မိစရာကြုံပါက ကျော်စိုးကိုသာ ထိခိုက်မိတတ်လေသည်။

တစ်ခါက ကျောင်းရှေ့ကွင်းပြင်တွင် ကျောင်းသားငယ်များ ဂေါ်လီရိုက်နေသည့်အားမှ ဖြတ်အလာတွင် ကျောင်းသားတစ်ယောက်အရှိန်နှင့် ရိုက်လွှတ်လိုက်သော ဂေါ်လီမှာ ကျော်စိုး၏ နဖူးတည့်တည့်ကို လာမှန်လေသည်။ ထိုမျှနှင့် မပြီးသေးချေ။

သူတို့အားလုံးကျောင်းပိတ်ရက်တွင် ဘောလုံးကန်ကြသည့်အခါ ဘောလုံးမကန်တတ်သော ကျော်စိုးမှာ လိုက်ကြည့်ရုံသာရှိ၏။ ထိုအခါတွင် ကွင်းဘေးတွင် ထိုင်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေသော ကျော်စိုးကိုမှ ဘောလုံးက တည့်တည့်သွားမှန်တတ်သည်။

ကျော်စိုးနှင့်အတူ ရေလမ်းခရီးသွားရမည်ဆိုလျှင် သူတို့နှစ်ယောက် တစ်ခါတည်းနှင့်ပင် လန့်သွားခဲ့ရဘူးသည်။ ရာသီဥတုကလည်း အကောင်း၊ ရေစီးကလည်း သိပ်သန်လှသည်မဟုတ်သော ချောင်းထဲတွင် သူတို့အားလုံးလှေစီးရင်း လှေမှောက်ကြသည်။ ထိုစဉ်က ရေကူးတတ်သော ကျော်စိုးမှာ မည်သို့ဖြစ်သည်မသိ။ ရုတ်တရက်လန့်ကာ သတိလစ်သလို၊ ကြွက်တက်သလိုနှင့် ရေနစ်သွားရဖူးသည်။ လမ်းဘေးဓာတ်တိုင်တွေ၊ မီးကြိုးတွေနှင့် မလွတ်သော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်လှဲစဉ်ကလည်း ခပ်ဝေးဝေးကရှောင်ပါရက်နှင့် ကျော်စိုးခေါင်းကို သစ်ကိုင်းစမှန်ကာ သုံးလေးချက်ချုပ်လိုက်ရ၏။ ထိုအဖြစ်အပျက်များမှာ ဘာမှမဟုတ်ဘူးဟု ဆိုနိုင်သော်လည်း တိုက်ဆိုင်မှုဟု ပြောလို့မရတော့ဘဲ ကျော်စိုးတစ်ယောက်တည်းကိုသာကွက်၍ ကံခေနေစေခဲ့ကြောင်း လက်ခံလိုက်ရတော့သည်။

သို့သော် ထိုနှစ်က စာမေးပွဲဖြေဆိုရာတွင် ကျော်စိုး



မှာ ကံမခေခဲ့ချေ။ သူတို့ သုံးယောက်လုံး စာမေးပွဲအောင်ကြသည်။ ထိုသို့ စာမေးပွဲအောင်သွားခြင်းနှင့်အတူ သူတို့သုံးယောက်မှာလည်း တစ်နယ်စီ ခွဲခွာခဲ့ရတော့၏။ နယ်ခံဖြစ်သော ကျော်မိုးမှလွဲ၍ ကျော်ဟိုးနှင့် ကျော်စိုးမှာ သူတို့ဇာတိသို့ စာမေးပွဲဖြေပြီးကတည်းက အသီးသီးပြန်သွားခဲ့ကြသည်။

ကျော်စိုးမှာ သူ့ရွာသို့ ပြန်သွားပြီးကတည်းက တစ်ခေါက်မျှ ပေါ်မလာတော့ချေ။ ကျော်ဟိုးကတော့ မကြာမကြာ ရောက်လာဖြစ်လေသည်။ ကျော်ဟိုးလာတိုင်းလည်း ကျော်စိုးအကြောင်းတွေကို ပြောဖြစ်ခဲ့ကြသည်။

ကျော်မိုးလိုပင် ကျော်ဟိုးမှာ ကျော်စိုးသတင်းကို နားစွင့်နေပြီး သူသိသမျှကို ပြန်ပြီးဖောက်သည်ချတတ်၏။

ကျော်စိုးမှာ ရွာပြန်ရောက်ရောက်ချင်းပင် သူ့အမေဆုံးသွားသောကြောင့် စိတ်ညစ်ပြီး ထွက်သွားလိုက်သည်မှာ ဘယ်ရောက်မှန်းမသိ ။သတင်းအစအနပင် မကြားရကြောင်း ကျော်စိုးတို့သားအမိမှာ သူတို့ရွာတွင် လယ်မြေဧကပေါင်းမြောက်များစွာကို ပိုင်ဆိုင်ထားကြောင်း၊ ကျော်စိုးမှာ

www.burmeseclassic.com

www.burmeseclassic.com



ထိုလယ်ယာများကို ဘာမှ ပြန်မကြည့်ဘဲ ထွက်သွားသော ကြောင့်ဆွေမျိုးနီးစပ်တော်သူ လူကြီးတစ်ယောက်ကပင် ထိန်းသိမ်းပေးထားကြောင်းကို သိရလေသည်။

ထိုအကြောင်းများကို ကျော်မိုးမှာ သိတန်သလောက် သိပြီးဖြစ်၏။ သို့သော် ကျော်တိုးလာတိုင်း ကျော်စိုးသတင်းကို အပြည့်အစုံ ယူလာတတ်သည်။

ကျော်စိုးအကြောင်းကိုသိပြီးဖြစ်သောကြောင့် သိပ်မအံ့သြတော့သော်လည်း ဘယ်ကိုရောက်နေမှန်းမသိ၊သတင်းအစအနပင် မကြားရသည့်အတွက် သူတို့အားလုံး စိတ်ပူမိကြသည်။ ကျော်စိုးသည် စိတ်ဖိစီးမှုများနေသည်မှလွဲ၍ အသိဉာဏ်ပြည့်စုံသောသူဖြစ်သောကြောင့် ကိုယ့်ကိုယ်ကို ဒုက္ခရောက်အောင်တော့ မပြုလောက်ပါဘူးဟု ဖြေ တွေး, တွေးမိပြန်တော့ အနည်းငယ် စိတ်သက်သာရာရသွားမိလေသည်။

ကျော်စိုးအကြောင်း လုံးဝသတင်းမကြားဘဲနေရာမှ နှစ်နှစ်ခန့်အကြာတွင် ကျော်မိုးထံသို့ စာတစ်စောင်ရောက်လာလေ၏။



ထိုစာထဲတွင် သူဘယ်မှာနေသည်၊ ဘာလုပ်နေသည်ဟူ၍မပါဘဲ အိပ်မက်အကြောင်းကိုသာ ခရေစေ့တွင်းကျ ရှင်းပြထားသည်ကို တွေ့လိုက်ရတော့၏။

သူ့ခြေလှမ်းများက ရွာစပ်က ထွက်လာစဉ်ကလို မဟုတ်၊ တဖြည်းဖြည်း လေးလံနှေးကွေးလာသည်။ ကလေးတစ်ယောက်ဘဝတုန်းကလို ပျော်ပျော်ရွှင်ရွှင် လွတ်လွတ်လပ်လပ် ပုံစံမျိုးမဟုတ်ဘဲ မဖြစ်မနေကိစ္စတစ်ခုနှင့် လာရသလိုလို ခြေထောက်တွေက သိပ်မရွေ့ချင်ဘဲနှင့် ရွေ့နေရသလို ဖြစ်နေသည်။

မကြာခင် တောစပ်အနီးသို့ရောက်လာသည်။ နေ့လည်ခင်း နေမွန်းတည့်ချိန်ဖြစ်သော်လည်း နေပူသည်လည်းမဟုတ်ဘဲ ညဘက်လသာသလို ခပ်မှောင်မှောင်ဖြစ်နေသော အလင်းရောင်အောက်တွင် ပြေးလွှားဆော့ကစားနေသော ကလေးနှစ်ယောက်ကို လှမ်းတွေ့လိုက်ရ၏။ ထိုကလေးနှစ်ယောက်ကို သူမြင်ဖူးသလို ပိုမို၍ ကြည့်နေစဉ် တစ်ယောက်ကသူ့ကို မြင်သွားပြီး လှမ်းခေါ်လိုက်လေသည်။

“ဟေ့ ကျော်စိုး လာလေ...

www.burmeseclassic.com

www.burmeseclassic.com



သူ ကလေးနှစ်ယောက်နှင့် မလှမ်းမကမ်းရောက်သွားသည်။ ကလေးနှစ်ယောက်မှာ ဆယ့်တစ်နှစ်၊ ဆယ့်နှစ်နှစ်လောက်သာရှိဦးမည်။ သူ့အသက်က နှစ်ဆယ့်နှစ်နှစ်ရှိနေပြီဖြစ်၏။

''ဟေ့ကောင်…လာလေကွာ..ဘာငေးနေတာလဲ ကစားရအောင်''

ကလေးတစ်ယောက်ကခေါ်လိုက်ပြန်သည်။ သူ ထိုကလေးနှစ်ယောက်၏ မျက်နှာကို သေသေချာချာ မြင်လိုက်ရစဉ် တစ်ကိုယ်လုံးကြက်သီးများ ဖြန်းခနဲထလာတော့၏။

နီတွတ်နှင့်ချက်စု။ ဟိုးလွန်ခဲ့တဲ့ ဆယ်နှစ်နီးပါးက သေဆုံးခဲ့ပြီးသော နီတွတ်နှင့်ချက်စုကို သူပြန်တွေ့နေရပြီ။ သူ အံ့သြထိတ်လန့်စွာနှင့် ရပ်ကြည့်နေမိစဉ် နီတွတ်နှင့်ချက်စုက သူ့ကို လှည့်ပတ်ပြီး ပြေးဆော့နေကြသည်။

''ဟေ့.. ကျော်စိုးလာပါကွ၊ ငါတို့နဲ့ အတူတူ ကစားရအောင်''

''ခေါ်မနေပါနဲ့ကွာ၊ ဒီကောင်က ကြောက်ကြီး၊



ဘယ်နေရာမှ အဖြစ်ရှိတာမဟုတ်ဘူး''

သူ့ကို မခေါ်ဖို့ပြောလိုက်သူမှာ နီတွတ်ပင်ဖြစ်သည်။ နီတွတ်မျက်နှာက ကြောက်စရာကောင်းလောက်အောင် တင်းမာခက်ထန်နေပြီး သူ့ကို လာစေချင်ပုံမရချေ။ သူဘာမှပြန်မပြောဘဲ ကြောင်တောင်တောင်နှင့် ရပ်နေမိသည်။ ချက်စုက သူ့ကို ဟီးခနဲ တစ်ချက်ရယ်ပြရင်း လက်ယပ်ခေါ်ပြန်သည်။

''ကျော်စိုး သွား… သွား မင်းမလာနဲ့၊ ဒီကောင်ချက်စုကလည်း ဘာဖြစ်လို့ အတင်းလိုက်ခေါ်နေတာလဲ၊ သွား မင်းပြန်တော့''

နီတွတ်က သူ့ကို မျက်နှာထားတင်းတင်းနှင့် နှင်လွှတ်သည်။ အသက်အရွယ်၊ လူကိုယ်ခန္ဓာကိုယ်ချင်းယှဉ်လျှင် ထက်ဝက်မကကြီးနေသော သူ့ကို လုံးဝကြောက်ရွံ့အံ့သြဟန်မပြဘဲ ခါးခါးသီးသီးနှင်လွှတ်နေသော နီတွတ်ကို ကြည့်ကာ သူတစ်စုံတစ်ခုကို ပြောရန် ဟန်ပြင်လိုက်သည်။

သို့သော် နီတွတ်က ပြေးနေရင်းမှ သူ့ရှေ့သို့ လှည့်လာကာ

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ထွက်သွားလို့ပြောနေတာ မကြားဘူးလား"

ဟု အော်ပြန်သည်။ နီတွတ်၏ မျက်ကွင်းများမှာ ညိုမည်းချိုင့်ဝင်နေပြီး မျက်လုံးကြီးများကလည်း တလည်လည်ဖြစ်နေလေသည်။ သူနီတွတ်မျက်နှာကို ကြည့်ပြီး မနှစ်မြို့စွာ နောက်သို့တစ်လှမ်းဆုတ်လိုက်မိသည်။ ချက်စုက တော့ မျက်နှာပြုံးပြုံးရွှင်ရွှင်နှင့်ပင် သူ့ကို ဖော်ရွေနှစ်လိုစွာ ခေါ်သည်။

"လာပါကွာ၊ သူလည်း ငါတို့လို ကစားချင်မှာပေါ့၊ သုံးယောက်အတူတူရှိတဲ့ဟာကို သူတစ်ယောက်တည်း ဘာလို့ဖယ်ထားရမှာလဲ"

ချက်စုစကားကို သူသဘောကျသလိုလိုဖြစ်သွားသည်။ သူ့စိတ်သည် ချက်ချင်း ကလေးလေးလို ပြန်ဖြစ်သွားသည်။

အာစေးထည့်ထားသလို စေ့ပိတ်နေသော သူ့ပါးစပ်က ရုတ်တရက်ပွင့်ဟသွား၏။

"ကစားမယ်၊ ငါလည်းမင်းတို့နဲ့ အတူကစားမယ်"



သူ့စကားအဆုံး နီတွတ်မျက်နှာ ကွက်ခနဲ ပျက်သွားသည်။ အံကို ကြိတ်ရင်း

"ဒီကောင်တော့"

ဟု ကြိမ်းမောင်းကာ မျက်တောင့်နီကြီးနှင့် စိုက်ကြည့်နေလေသည်။ ချက်စုက ဘာမှ ဂရုမစိုက်ရန် လက်ကာပြပြီး

"လာ ငါတို့ ဂူဝနားမှာ သွားကစားမယ်"

ဟုခေါ်လေသည်။ နီတွတ်က တစ်စုံတစ်ခု ပြောတော့မည်ကဲ့သို့ ဟန်ပြင်လေသည်။ ထိုစဉ် တောစပ် ဂူဝကြီးဆီမှ ဝုန်းခနဲ မြည်သံကြီးကို ကြားလိုက်ရသော နီတွတ်မှာ အထိတ်တလန့်နှင့် လှည့်ကြည့်လိုက်၏။ ချက်စုက သူ့လက်ကိုဆွဲရင်း

"လာ ကျော်စိုး အဲဒီကို သွားကြည့်ရအောင်"

ဟုခေါ်လေသည်။ သူ့စိတ်ထဲ မလိုက်ချင်ကောင်းနိုး၊ လိုက်ရကောင်းနိုးနှင့် ချီတုံချတုံဖြစ်နေစဉ်

"လာကြစမ်း...အခုလာခဲ့ကြစမ်း"

www.burmeseclassic.com

www.burmeseclassic.com



ဟူသော အော်သံနက်ကြီးကို ကြားလိုက်ရ၏။

''လာ ဖိုးချို ဘာမှမကြောက်နဲ့၊ သွားရအောင်''

ချက်စူက သူ့လက်ကိုဆွဲကာ မရမက ကပ်ခေါ်လေသည်။ သူမလိုက်ဘူးဟု ငြင်းဆန်ဖို့ အားယူပေမယ့် ခြေထောက်တွေက ထိုဂူကြီးနားသို့ တရွေ့ရွေ့ ပါသွားရသည်။

ထိုအခါနီတွတ်၏

''အား . . .''

ဟူသောအော်သံကြီးကို ကြားလိုက်ရသည်။

''နီတွတ် . . . နီတွတ် ဘယ်ရောက်သွားပြီလဲ''

သူ့လက်ကို ဆွဲကိုင်လာသော ချက်စူလက်က ရေခဲလို အေးစက်ပြီးတောင့်တောင့်ကြီးဖြစ်နေသောကြောင့် သူငုံ့ကြည့်လိုက်သည်။

အား . . . လွှတ် . . . လွှတ် ငါ့ကိုလွှတ်''

သူ ထိတ်လန့်ခြောက်ချားစွာ အော်ဟစ်လိုက်သံက ဂူပျက်ကြီးနှင့် တောင်စောင်းတစ်လျှောက် ပဲ့တင်ထပ်သွားသည်။ ချက်စူ။ မည်းညိုနေသော မျက်ကွင်းများ အလယ်တွင် ဖြူဆွတ်ပြီး မျက်ဆန်မရှိသော မျက်လုံးများနှင့် သူ့ကို



စိုက်ကြည့်ကာ အရိုးခေါင်းခြောက်ကြီးလို မချိသွားဖြဲ ရယ်ပြနေသည်။

သူ လက်ကို အတင်းဖိရုန်းသည်။ ကလေးလက်ဆိုပေမယ့် အသေကုပ်တွယ်ထားသလို မြဲမြံကာ အတော်နှင့် ရုန်းမရ။ ထိုစဉ် ဂူဝမှ အရိုပ်မည်းကြီးတစ်ခု ပေါ်ထွက်လာသည်။ ထိုအရိပ်ကြီးကို မကြည့်ရဲသောကြောင့် သူမျက်နှာလွှဲထားလိုက်မိသည်။

သို့သော် ထိုမည်းမည်းကြီးလှုပ်ရှားသမျှကို မြင်ချင်ဘဲ အကုန်မြင်နေရသည်။ သူ့လက်ကြီးက တစ်ဖက်ဆက် တုန်ရင်နေကာ ကြောက်ရွံ့နေဟန် ရှိသောနီတွတ်၏လည်ကုတ်ပေါ်တွင် တင်ထားမိရာမှ သူတို့ဆီသို့ ဆတ်ခနဲဆောင့်တွန်းထုတ်လိုက်၏။

နီတွတ်မှာ သူ့ကို ခုနပုံစံမျိုးမဟုတ်တော့ဘဲ ဝမ်းနည်းကြေကွဲသည့်အကြည့်နှင့် စူးစိုက်ကြည့်ပြီး အေးစက်စက်သူ့လက်ကလေးများနှင့် လာကိုင်ကာ ဂူဘက်သို့ဆွဲခေါ်လေတော့သည်။

''အား . . . ငါ့ကိုလွှတ်ပါ . . . ငါ့ကိုလွှတ်ကြပါ''

www.burmeseclassic.com

www.burmeseclassic.com



သူ့အော်သံက အချည်းနှီးသာ။ အရိပ်မည်းကြီးက ဂူအောက်သို့ လက်ညှိုးညွှန်ပြသည်။ ချက်ချင်းပင်ရုတ်တရက်မှာ သူ့ကို ကောက်ယူလိုက်သော အရာတစ်ခုကြောင့် ဂူထဲသို့ တရွေ့ရွေ့နှင့် ဝင်ရလေတော့၏။ သူတို့ ဂူထဲရောက်ပြီးခဏအကြာ ဂူပြင်မှ ရယ်သံကြီးကို ကြားလိုက်ရလေတော့သည်။ ထို့နောက် တပုန်းပုန်း တအုန်းအုန်း အသံများကို ကြားရပြန်သည်။

မြေပြိုပြီ ဟူသော အသိကြောင့် အပြင်သို့ အတင်း ရုန်းပြေးနေကြပေမယ့် သူ့ခြေထောက်တွေက မြေပြင်တွင် သစ်ပင်ပေါက်သလို ကပ်တွယ်နေကြသည်။

"အား...."

သူကြောက်လန့်ထိတ်လန့်စွာ အော်ဟစ်လိုက်စဉ်မှာပင် ဂိမ်းခနဲ မြည်သံကြီးနှင့်အတူ ဂူပေါက်ကြီး ပိတ်သွားတော့ သည်။

ထို့နောက် မြေပြိုသံကြီးများ ပိုမိုနီးကပ်လာသော အခါ သူ့ကိုဂူပေါ်သို့ ကျောက်တုံးကြီးများ တစ်အုန်းအုန်း ပြုတ်ကျလာသည်။ ဒူကြီးသည် ဟစ်ဖြည်းဖြည်း ပြိုပြီး သူ့ကိုအပေါ်သို့ ပိလာလေတော့၏။ သူ့အသက်ရှုတွေ



ကျပ်လာသည်။

မကြာခင် သူသေရတော့မည်ကိုသာ နောက်ဆုံး သိလိုက်ရလေတော့သည်။

✸

ကျော်စိုးစာဆုံးသွားသည်နှင့် ကျော်မိုးမှာ သင်္ချိုင်း တစ်ချက်ချရင်း ခေါင်းကို ဖြည်းညင်းစွာခါယမ်းလိုက်လေ တော့သည်။ ထို့အတူ ယောက်ျားပီသပြီး ကြံ့ခိုင်သော ကိုယ်ခန္ဓာနှင့် ချောမောသော ကျော်စိုး၏ရုပ်သွင်ကို ပြန်မြင် ယောင်လာမိသည်။

"အိပ်မက်ဆိုတာ မမက်ပါနဲ့လို့တားမရဘူး သူငယ်ချင်း၊ အထူးသဖြင့် ငါ့အတွက်ပေါ့၊ လမိုက် ညမှာ အိပ်မက်မမက်အောင် ဘယ်လိုမှ လုပ်လို့မ ရဘူး"

ကျော်စိုးပြောခဲ့သော စကားများကို ကြားယောင်ရင်း သူပင် ကျောထဲစိမ့်ခနဲဖြစ်သွားရသည်။ သူ၏ အိပ်မက်

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို စာရေးပြီး နောက်ထပ် ဘာစာမှမလာတော့ဘဲ တစ်နှစ်ကျော်ခန့် အဆက်အသွယ် ပြတ်သွားခဲ့ရလေသည်။

တစ်ရက်တွင် သူထံသို့ စာတစ်စောင်ရောက်လာသည်ဆိုသောကြောင့် သူ့စိတ်ထဲ အနည်းငယ် စနိုးစနောင့်ဖြစ်သွားမိသေးသည်။ သူထင်သည့်အတိုင်းပင် ကျော်စိုးထံမှ စာဖြစ်နေသောကြောင့် သူစိတ်ပူသလို သိပ်ဆိုးဆိုးရွားရွားကြီး မဖြစ်နိုင်သေးသည့်အတွက် အနည်းငယ် စိတ်သက်သာရာရသွားမိ၏။

ယခင်တစ်ခေါက်ကလို အိပ်မက်ဆိုးတွေပဲ ဖြစ်နေမည်လားဟုတွေးရင်း စာကိုဖွင့်ဖတ်လိုက်ရသည်။

သို့သော် သူထင်သလို မဟုတ်သည်ကို တွေ့လိုက်ရလေ၏။

[illegible]

[illegible]



[illegible]

[illegible]

[illegible]

www.burmeseclassic.com



မရေမရာ စကားတစ်ခွန်းနှင့် ပဟေဠိလုပ်ကာ အဆုံးသတ်သွားသော ကျော်စိုး၏ စာကိုဖတ်အပြီးတွင် သူ့စိတ်သည် အလွန်တစ်ရာမှ လွတ်လပ်ပေါ့ပါးသွားသလို ခံစားလိုက်ရလေတော့သည်။ ကျော်စိုးအတွက်လည်း စိတ်အေးသွားရတော့၏။

သူတို့သုံးယောက်တွင် ကျော်တိုးမှလွဲ၍ သူနှင့်ကျော်စိုးမှာ တစ်ကိုယ်ရည် တစ်ကာယသမားချင်းတူနေသောကြောင့် တစ်ခါတစ်ရံ ကျော်စိုးလို စိတ်ပျော်ရာမှာ လိုက်နေချင်စိတ်ပင် ပေါ်၍လာတတ်လေသည်။ သို့သော် သူကဇာတိမြို့ကို မစွန့်ခွာနိုင်ပြန်ရာ ကိုယ့်မြို့၌ပင် မြေတိုင်းဦးစီးဌာနတွင် အလုပ်လျှောက်ထားပြီဖြစ်သောကြောင့် ဘယ်မှသွားလို့မဖြစ်သေးချေ။

ကျော်မိုးမှာ စိတ်ကူးတည့်ရာလျှောက်တွေးပြီး ပြုံးလိုက်မိလေသည်။ ထို့နောက် ကျော်စိုးအား သတိရကြောင်း အဆင်ပြေနေသည်ဟု ကြားရသောကြောင့် ဝမ်းသာမိကြောင်း၊ သူ့အလုပ်အကြောင်း စာပြန်ရေးကာ ကျော်စိုးပေးသော လိပ်စာအတိုင်း ပို့လိုက်လေတော့၏။

---

သူမြေတိုင်းဦးစီးဌာနတွင် စာရေးအဖြစ် အလုပ်ဝင်ရပြီး တစ်လခန့်ကြာသောအချိန်၌ စာတစ်စောင်ရောက်လာ၏။

"ကိုကျော်မိုးရေ ဒီမှာ ခင်ဗျားစာဗျို့၊ ပို့တာတော့ အိမ်လိပ်စာနဲ့ပဲ ကြုံလို့တစ်ခါတည်းပေးခဲ့တော့မယ်"

စာပို့လုလင် မောင်ဝင်းကျော်မှာ သူနှင့်အတော်လေးရင်းနှီးလေသည်။ ယခု ဌာနသို့လာသော စာများကို ပေးရင်း သူ့ထံသို့လာသောစာကိုပါ တစ်ခါတည်း ပေးခဲ့လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



စာအိတ်ပေါ်မှ ညီညာသပ်ရပ်သော လက်ရေးကို မြင်လိုက်ကတည်းက ကျော်စိုးစာမှန်း သိလိုက်သောကြောင့် ဘာသတင်းများ အထူးအဆန်းကြားရဦးမလဲဟု သိချင်ဇောနှင့် ရေးလက်စစာရင်းများကိုပစ်ပြီး စာအိတ်ကို အလျင်စလိုပင် ဖွင့်လိုက်မိ၏။

စာကိုမဖတ်ခင် တစ်ရွက်လုံးခြုံငုံကြည့်ပြီး သူအလွန်အံ့သြသွားမိသည်။ အဘယ့်ကြောင့်ဆိုသော် စာ၏ထိပ်ပိုင်း ကျော်စိုးဆိုသော နေရာမှလွဲ၍ အောက်ကစာမှာ မိတ္တူဆွဲထားသော စာလုံးမည်းများဖြစ်နေခြင်းကြောင့်ပင်။

"ဒီကောင် ဘာအထူးအဆန်းတွေ လုပ်ပြန်ပြီလဲ" ဟု တွေးပြီး စာကိုဖတ်ကြည့်လိုက်သည်။

ကျော်စိုး

မင်းအလုပ်ကိစ္စနဲ့ ပြီလား၊ ငါတော့ အလုပ်လည်း အတော်လေးအဆင်ပြေနေပြီဆိုတော့ စိတ်အေးချမ်းပြီး မိသားစုဘဝလေးတစ်ခု အတည်တကျ တည်ဆောက်တော့မယ်လို့ စိတ်ကူးမိတယ်။

တစ်ခါတည်းပြောပြရဦးမယ်။ ငါ လက်ထပ်မယ့်



မိန်းကလေးက လယ်မိုက်ရွာဦးပိုင်းက စာရေးမလေးတစ်ယောက်ပါ။ သူနဲ့ငါ တွေ့ဆုံတွေ့မြင်ဖူးတာ သိပ်မကြာသေးဘူး။ ဒါပေမယ့် သူရော ငါရော လက်ထပ်ဖို့ ဘာမှအကြာကြီး မရှိဘဲ အပြင် နှစ်ယောက်လေးနှစ်သိုက်ဘဲ အသက်ကလည်း အိမ်ထောင်ပြုဖို့ သိပ်မစောတော့ဘူးလို့ထင်တယ်။ သူနဲ့ ငါက အသက်အရွယ်ချင်း အတူတူပဲ။ သူမှာ ညီမလေးတစ်ယောက်ရှိတာကလွဲလို့ မိဘမရှိတော့တော့ ကျွန်လည်းတူတယ်ကွ။ ငါတို့ နှစ်ယောက်က ကံတူအကျိုးပေးလို့ ဆိုရမယ်။ သူက ဒီမြို့က မဟုတ်ဘူး။ နယ်သူက သင်းသင်းရှုတဲ့။ ကိုယ့်ငါးချွန် ကိုယ်ချွန် တတော့မဟုတ်ပါဘူး။ ဒါပေမယ့် ရုက တော်တော်လှတယ်ကွ။ အိမ်ထောင်ရေးတွေ၊ အချစ်ရေးတွေ မိတ်ဆွေတစ်ယောက် ဘူးထင်တယ်တဲ့ အမွဲလည်း သူနဲ့တွေ့မှ ကျွတ်တော့တာပဲ။ အမှန်က အိမ်ထောင်ဆိုးတွေနေရာမှာ ရုက်ပဲ အမှား ယိုးမကတဲ့ အထိ ငါတို့နှစ်ယောက် တစ်ယောက်ကိုတစ် ယောက် သိပ်ချစ်ကြတာကွ။ ရုက် ငါ့အကြောင်းတွေကို စပြီးပြောရရင် ငါ့အပေါ်ကရှုထောင့်သက်သွားတာ။ သူက ဘာသာရေးလည်း တော်တော်ကိုင်းရှိုင်းတယ်။ ငါ့ကို လည်းအများကြီးရှိုက်တယ်။ မင်းတို့နဲ့ တွေ့ပေးချင်လို့ပြီ။ ငါတို့လက်ထပ်ဖို့ သိပ်မလိုတော့ဘူး။ မင်းတို့နှစ်ယောက် ကတော့ လာပြီးချော်လောရမယ်နော်။ အလုပ်တွေတာဝန်တွေ ဘာမှ နားမလည်ဘူး။ အချက်တည်းက ကြိုပြောထားတာ။ ဒါပဲကွာ။ အခိုးမှုလို့

www.burmeseclassic.com

www.burmeseclassic.com



စာတောင်မရှည်တော့ပြီ တစ်ယောက်ထဲပြီး ပို့လိုက်ရတာ မင်္ဂလာဆောင်ရက်နှိုး ဒါကြောင်းကြားလိုက်တော့မယ်။

မင်းတို့ရဲ့

သူငယ်ချင်း

ကျော်မိုး

ကျော်မိုး၏ စာကိုဖတ်ပြီး သူသဘောကျစွာ ရယ်လိုက်မိတော့သည်။ စာပို့လုလင် မောင်ဝင်းကျော်မှာ ရုတ်တရက်မပြန်သေးဘဲ ကိုငြိမ်းဝေတို့လူစုနှင့် စကားပြောနေရာမှ စာဖတ်ရင်းပြုံးစေ့စေ့ဖြစ်နေသော ကျော်မိုးကို တစေ့တစောင်း အကဲခတ်နေလေ၏။

ထိုစဉ် ကျော်မိုးမှာ ရုတ်တရက် တဟားဟား ထ ရယ်လိုက်သောကြောင့် အားလုံးတအံ့တဩ လှည့်ကြည့်လိုက်ကြလေတော့သည်။

"ဟာ ကိုကျော်မိုး စာထဲမှာ ဘာတွေတွေ့လို့ ဒီလောက် ရယ်နေရတာလဲဗျ"

မောင်ဝင်းကျော်မှာ အလွန်စပ်စပ်စုစု နိုင်သူဖြစ်ရာ



ကျော်မိုး စာကိုအလောတကြီး ဖွင့်နေကတည်းက စိတ်ဝင်စားနေခြင်းဖြစ်၏။

"ဘာမှ မဟုတ်ပါဘူးဗျာ၊ အထက်တန်းကျောင်းတုန်းက သူငယ်ချင်းတစ်ယောက်က အိမ်ထောင်ပြုတော့မယ့်အကြောင်း စာရေးလိုက်လို့ပါ"

"ဒါများဗျာ၊ အူလှိုက်သည်းလှိုက် ထရယ်ရတယ်လို့၊ ဒါရယ်စရာမှ မဟုတ်တာ"

ကိုငြိမ်းဝေ၏လေသံက သူငယ်ချင်းအိမ်ထောင်ပြုသည်ကိုကြားပြီး မိမိမှာ ချစ်သူရည်းစားပင်မရှိသေးသည့်အတွက် စိတ်ဖောက်သွားပြီလားဟု လှောင်ပြောင်လိုဟန်များပါနေလေသည်။

"မဟုတ်ဘူးဗျ၊ ဒီကောင်က ကျွန်တော်တို့အုပ်စုထဲမှာ တော်တော်ထူးဆန်းတာ၊ ဒီလောက်မြန်မြန်ဆန်ဆန်ကြီး စိတ်ကူးလိမ့်မယ်လို့ မထင်လို့"

သူ့ရဲ့ကပျာကယာ ဖြေရှင်းသံအဆုံးတွင် စာပို့လုလင် မောင်ဝင်းကျော်က

"ဒါဖြင့်··· ကိုကျော်မိုးသူငယ်ချင်းက ဟို မိန်းမ

www.burmeseclassic.com

www.burmeseclassic.com



လျာစိတ် ပေါက်နေလို့လားဗျာ''

ဟု နှုတ်သွက်လျှာသွက်ထမေးလိုက်ရာ ကိုကျော်မိုးမှာ ငိုရမလို၊ ရယ်ရမလို ဖြစ်သွားရလေတော့သည်။

''ဘယ်က မိန်းမလျာစိတ်ပေါက်ရမှာလဲဗျာ၊ ဒီကောင် ထူးဆန်းတယ်ဆိုတာ သူ့စိတ်ဗျ၊ သူ့စိတ်က ပုံမှန်မဟုတ်တာကို ပြောတာ''

ဟု စိတ်ပေါက်ပေါက်နှင့် အော်ပြောလိုက်သော ကျော်မိုးစကားအဆုံးတွင် မောင်ဝင်းကျော်က

''ဪ စိတ်မနှံ့ရှာဘူးကိုး''

ဟု အတွန့်တက်ပြန်လေသည်။

''ဟာဗျာ... ခင်ဗျားထင်ရာတွေလျှောက်ပြောနေဘယ်၊ သူ့စိတ်ဆိုတာ တစ်ခုခုကို စွဲလမ်းနေတာကိုပြောတာ၊ ဘယ်က စိတ်မမှန်ရမှာလဲ၊ စိတ်မှန်လို့ ဘွဲ့ရပြီး အလုပ်တောင်ဝင်နေပြီ''

''ဪ... ဒီလိုလား... သူက ဘာကိုစွဲလမ်းနေတာလဲ''

''သူစွဲလမ်းနေတာ... အင်း... ပြောရရင်တော့



အရှည်ကြီးပါပဲဗျာ၊ မသိချင်ပါနဲ့တော့''

ကျော်မိုးမှာ စပ်စုပြီး လျှာရှည်လွန်းသော မောင်ဝင်းကျော်ကို စကားမြန်မြန်ဖြတ်လိုသည်နှင့် မပြောဘဲ နေလိုက်ရာ တရင်းလုပ်ရင်း နားစွင့်နေသော အပျိုကြီးမညွန့်စိန်၏ မျက်စောင်းကိုလည်းကောင်း၊ ကိုငြိမ်းဝေ၏ မကျေမနပ်အကြည့်ကိုလည်းကောင်း ခံလိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

အချိန်က အမှတ်တမဲ့နေရင်းနှင့်ပင် ကုန်လွန်လာခဲ့သည်။ ကျော်မိုးပင် ရာထူးတစ်ဆင့်တိုးပြီး နယ်ပြောင်းရ၏။ ထိုမြို့သို့ရောက်ပြီး နှစ်လခန့်အကြာတွင် သူငှားနေသော အိမ်နှင့် ကပ်ရပ်ခြံသို့ မိန်းကလေးတစ်ယောက် ရောက်နေသည်ကို အမှတ်မထင်တွေ့လိုက်ရ၏။

တစ်နေ့သော ရုံးပိတ်ရက် နေ့လည်ခင်းတွင် ခြံထဲရှိ အရိပ်ကောင်းလှသော ပိတောက်ပင်အောက်တွင် ပက်လက်ကုလားထိုင်တစ်လုံးချကာ စာဖတ်နေခိုက်တွင် အမြဲလိုတံခါးပိတ်ထားလေ့ရှိသော အိမ်ဘက်ဆီသို့ ဘာရယ်မဟုတ်လှမ်းကြည့်ရင်း အိမ်ရှေ့ဝရံတာတွင် ရေဖိုနေသော ဆံပင်ရှည်



ကြီးကိုဖြန့်ကာ တဘက်စတစ်ခုနှင့် သုတ်နေသော အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရသောကြောင့် သူ ရုတ်တရက်အံ့သြသွားမိလေသည်။

သူရောက်ကတည်းက ထိုအိမ်တွင် လူအရိပ်အယောင်မတွေ့ရဘဲ ယနေ့မှ မိန်းကလေးတစ်ယောက်ကို ဘွားခနဲတွေ့လိုက်ရသောကြောင့် နေခင်းအချိန်ကြီးမှာပင် ကြောက်သလိုလို၊ လန့်သလိုလိုဖြစ်သွားမိသေးသည်။ သို့သော် ထိုမိန်းကလေးမှာ တစ်ခါကြည့်ပြီး မျက်စိမခွာနိုင်လောက်အောင် လှပသူဖြစ်နေရာ တအံ့တသြနှင့်ပင် ငေးနေမိတော့၏။

ထိုမိန်းကလေးသည် အနက်တွင် အပြာနုနှင့် အဖိရောင်ပတ်လည်စင်းများပါသော ကချင်ထမီနှင့် သနပ်ခါးရောင်အင်္ကျီလက်ပြတ် ရင်ဖုံးကလေးကို ချပ်ချပ်ရပ်ရပ် ဝတ်ဆင်ထားရာ သူမ၏ခန္ဓာကိုယ် ကျစ်ကျစ်လေးမှာ ထင်ထင်ရှားရှား ပေါ်လွင်လှပနေတော့သည်။ ယမီနှင့် အင်္ကျီအဆင်ကြောင့် သူမ၏ အသားအရေမှာ နဂိုရှိရင်းစွဲထက်ပိုပြီး ဝင်းနှစ်နေသလိုထင်ရ၏။ ရေစို၍ကပ်နေသော ဆံပင်ရှည်ကြီးမှာ နောက်ကျောသို့ သေသေချာချာ ဖြန့်ချပြီး ဖြီးလျှင်

www.burmeseclassic.com



တင်ပါးအောက်အထိ ရောက်မည်ထင်သည်။

သူမည်မျှ သတိလက်လွတ်ငေးနေမိသည်မသိ။ မိန်းကလေးသည် ဆံပင်ကို တစ်ဖက်သို့ သပ်တင်ရင်း သူ့ဘက်ကို မျက်နှာအလှည့် သူကလည်းအငေးနှင့် သွား၍ ကြုံလေရာ သူမမှာ အာမေဋိတ်သံတိုးတိုးလေးပြုရင်း နှုတ်ခမ်းလေးပွင့်ဟသွားခဲ့လေ၏။

"အို..."

မိန်းကလေးမှာ ရှက်ရွံ့သော အမူအရာလေးနှင့် တစ်ခဏမျှတွေကြည့်ပြီး အိမ်ထဲသို့ လှစ်ခနဲပြေးဝင် ပျောက်ကွယ်သွားလေတော့သည်။ ထိုအခါကျမှ ကျော်မိုးမှာ ဣန္ဒြေသိက္ခာမဲ့သော ငေးနေမိသော မိမိအဖြစ်ကို မိမိဘာသာ ရှက်ရွံ့မိကာ ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်ရင်း စာကိုအာရုံမရောက်နိုင်တော့သဖြင့် အိမ်ထဲသို့ ပြန်ဝင်ခဲ့လေတော့သည်။

BURMESE CLASSIC .com

တစ်ဖက်အိမ်မှ မိန်းကလေးသည် သူ့ကိုမြင်သွားသည့်နေ့မှစ၍ ဝရံတာသို့ အဝတ်လှန်းခြင်း၊ တစ်ခါ၊ ပာစ်ရဲ တံမြက်စည်းလှဲခြင်းပြုသည်မှလွဲ၍ အကြောင်းမဲ့ထွက်မရပ်တော့ချေ။ တစ်ခါတစ်ရံ အိမ်ရှေ့ရေတိုင်ကီတွင် ရေထွက်ချိုးသည့်အခါ ထွက်လာတတ်သော်လည်း မသင့်တော်သောကြောင့် မကြည့်ခဲ့ရချေ။

ကျော်မိုးမှာ နေ့စဉ် ရုံးတက်ရုံးဆင်းလုပ်ရင်းပင် အလုပ်တစ်ခုက ပိုလာသည်။ ယခင်က ချောင်ကျကျ ရပ်ကွက်အတွင်းမှ ရုံးနှင့် အလှမ်းဝေးသော ထိုအိမ်ကလေးကိုသဘောမကျချေ။ ကားလမ်းမမှ ရပ်ကွက်အတွင်းပိုင်းသို့

www.burmeseclassic.com

www.burmeseclassic.com



အသော်ဇဝေးဝေး လျှောက်ရသောကြောင့် အပျင်းပြေ သီချင်းနားထောင်စရာ လက်ဖက်ရည်ဆိုင်ပင်မရှိ။

ထို့ကြောင့် ရုံးမှပြန်ရောက်တိုင်း စာအုပ်တစ်အုပ်နှင့်သာ သူမှာ အပျင်းဖြေရသည်။ ယခုတော့ တစ်ဖက်အိမ်ကွင် သူဘယ်လိုမှ မျှော်လင့်မထားခဲ့ဘူးသော လှပသိမ်မွေ့သည့် မိန်းကလေးကို တွေ့လိုက်ရသောအခါ ချောင်ကျကျ ရပ်ကွက်ကလေးအတွင်းမှ ခပ်မှောင်မှောင် အိမ်ကလေးကိုပင် ပျော်စရာကောင်းသော နေရာတစ်ခုအဖြစ်ထင်မြင်လာမိတော့သည်။

ရုံးမှ ပြန်ရောက်သည်နှင့် အိမ်ထဲတွင် အငြိမ်ထိုင်မနေဘဲ အိမ်သောတံခါးကိုဖွင့်ကာ ဟိုဟိုဒီဒီ လျှောက်လုပ်ခြင်း၊ ခြံထဲဆင်းပြီး အမှိုက်သရိုက်များလှဲကျင်းခြင်း စသောတောက်တိုမယ်ရ အလုပ်များကို မလိုအပ်ဘဲ လျှောက်လုပ်မိလေတော့သည်။ စကားပြောဖော်မရှိလျှင် စာကိုသာ ငြိမ်ကုပ် ဖတ်လေ့ရှိသည့်အကျင့်ပျောက်ပြီး အားတိုင်း သီချင်းတစ်ပုဒ်ကိုသာ ခပ်တိုးတိုးညည်းနေမိ၏။

တစ်နေ့တွင် သူရုံးမှပြန်ရောက်ပြီး ခြံစည်းရိုးရှိ ချုံ

BURMESE CLASSIC .com



နွယ်များကိုရှင်းရန် စိတ်ကူးရလေသည်။ ကိုယ့်အကြံနှင့်ကိုယ်မို့ စိတ်လောကာ ရှပ်အင်္ကျီအဖြူကိုပင် မလဲနေနိုင်ဘဲ လက်မောင်း အထက်သို့လိပ်တင်ကာ ပုဆိုးကို ခပ်တိုတိုဝတ်ပြီး ဆင်းလာခဲ့မိ၏။ တစ်ဖက်ခြံသို့ မသိမသာအကဲခတ်ကြည့်လိုက်တော့ ခြံစည်းရိုးနှင့် သိပ်မဝေးသောနေရာတွင် အဝတ်ရုတ်နေသော မိန်းကလေးကို တွေ့လိုက်ရလေသည်။

သူ့ရင်ထဲ တဒိတ်ဒိတ်ခုန်ရင်း ခြံစည်းရိုးနားသို့ တစ်လှမ်းချင်း တိုးကပ်သွားမိသည်။ သူ့ဘယ်ဘက်ရင်မှ တဒိတ်ဒိတ်ခုန်နေသောရင်သည် ပို၍ကျယ်လောင်လာ၏။ သူက ယောင်ကတမ်း ငုံ့ကြည့်လိုက်မိတော့ ငွေရောင်ဘောလ်ပင်လေးကိုပင် မဖြုတ်မိသည်ကို သတိထားလိုက်မိတော့သည်။

သူ့ခြံစည်းရိုးမှ ခြုံနွယ်စိမ်းစိမ်းတွေကို ခပ်ကြမ်းကြမ်းဆွဲရှင်းနေစဉ် မိန်းကလေးသည် အသံလိုလိုကြားသောကြောင့်လားမပြောတတ်။ ဖျတ်ခနဲ လှည့်ကြည့်လာလေသည်။ ထို့နောက် တစ်ခဏမျှ အံ့ဩထိတ်လန့်သလို သူ့ကိုတွေငေးကြည့်နေပြီး အိမ်ပေါ်သို့ ကသုတ်ကရက်တက်သွားလေ

www.burmeseclassic.com

www.burmeseclassic.com



တော့၏။

ခဏကြာသောအခါ အိမ်ပေါ်မှ အသက်ငါးဆယ် ကျော်အရွယ်ရှိ အမျိုးသမီးကြီးတစ်ဦး ကပျာကယာဆင်း လာပြီး

''ဟဲ့… ဟဲ့ ခဏနေပါဦး မောင်ရင်''

ဟု သူ့ကို ကပျာကယာလှမ်းတားလေတော့သည်။ သူနားမလည်သလို ခပ်ကြောင်ကြောင် ပြန်ကြည့်လိုက်မိ သည်။

''ကျွန်တော့်ကို ပြောတာလားခင်ဗျာ''

''ဟုတ်ပါတယ်ကွဲ့၊ ဟုတ်ပါတယ် ဒါနဲ့ မောင်ရင် က ဘာစိတ်ကူးနဲ့ ဒီအပင်တွေကို ဆွဲနုတ်နေတာ လဲ''

''ဗျာ''

ထိုအမျိုးသမီးကြီး၏ စကားကြောင့် အံ့သြသွားရ သည်။

''သြော်… ဒီအပင်တွေကို ဘာစိတ်ကူးနဲ့နုတ်ပစ် တာလဲလို့မေးတာပါ''

သူစိတ်အလိုမကျစွာ ပြန်ကြည့်ပစ်လိုက်သည်။



ချက်ချင်းဆိုသလို ဆံပင်ရှည်ကြီးနှင့် မိန်းကလေးမျက်နှာကို ပြန်မြင်ယောင်ကာ စိတ်ကိုလျှော့ချပစ်လိုက်ရင်း

''ဒီလိုခြုံတွေ၊ နွယ်တွေပိတ်နေတော့ ခြင်အောင်း တာပေါ့ဗျာ၊ ကျန်းမာရေးနဲ့လည်း မညီညွတ်ဘူး မဟုတ်လား၊ တော်ကြာ သွေးလွန်တုပ်ကွေးဖြစ်''

သူ့စကားမဆုံးခင် အဒေါ်ကြီးက လက်ကာပြရင်း

''နေ… နေပါဦးကွယ်… သွေးလွန်တုပ်ကွေးဖြစ် စရာ ဒီနားမှာ ကလေးသူငယ်လည်းမရှိပါဘူး၊ ပြီးတော့ ဒါ အဒေါ်စိုက်ထားတာကွဲ့''

ဟုပြောလိုက်လေတော့သည်။

''ဗျာ''

''ဟုတ်တယ်…၊ အဒေါ်ရောဂါနဲ့တည့်လို့ ကင်း မုံပင်ကို လိုတဲ့အချိန်ရအောင် ခြံစည်းရိုးမှာ ကပ် ထားတာ၊ သူကဆေးဖက်လည်းဝင်တယ်၊ ဟင်း ချက်စားလို့လည်းရတယ်၊ ကြည့်ပါဦး၊ အသီး ကင်းကလေးတွေတောင်ထွက်နေပြီ၊ တော်သေးတာ ပေါ့၊ နှင်းယုအပြောမြန်လို့… နို့မဟုတ်ရင် ကျန်

www.burmeseclassic.com

www.burmeseclassic.com



ပြောင်မှာပဲ''

အဒေါ်ကြီးသည် သူ့ အကြောင်းမရှိအကြောင်းရှာ နှုတ်ပစ်ခဲ့မိသော သီကင်းလေး တန်းလန်းလေးတွေနှင့် ကင်းမုံပင်ကိုကြည့်ကာ အလွန်နှမြောတသနေပုံရလေသည်။ သူ ဘာပြန်ပြောရမှန်းမသိ။ အလွန်အားနာသွားရသည်။

''ဟို… ဒီလိုပါအဒေါ် ကျွန်တော်က ဒါကို မြက်… မြက်ပင်အောက်မေ့လို့နှုတ်မိတာပါ''

'' ကျွတ်… ကျွတ် ဖြစ်မှဖြစ်ရလေ၊ မင်းနှယ် ကွယ်၊ ဒီအရွယ်ရောက်နေပြီ၊ ကင်းမုံပင်မှန်း မြက်ပင်မှန်းတောင် မသိတော့ဘူးလား''

''ဟုတ်ကဲ့… ကျွန်တော် ကင်းမုံသီးဟင်းတော့ စားဖူးပါတယ်၊ အပင်ကိုတော့ တစ်ခါမှ မမြင်ဘူး လို့ပါ၊ နောက်မနှုတ်တော့ပါဘူး''

သူ့ရှက်ကိုးရှက်ကန်းနှင့် မသိမသာလှမ်းကြည့်လိုက်တော့ ပြုံးတော့မယောင် မျက်နှာကလေးနှင့် သူ့အားတံခါးဝမှ ကြည့်နေသော မိန်းကလေး၏မျက်နှာကလေးကို တွေ့လိုက်ရလေတော့သည်။



ခုနအဒေါ်ကြီးပြောသော သူမနာမည်။ ဘာပါလိမ့်။ ကင်းမုံ၊ ကင်းမုံ မဟုတ်သေးပါဘူး။ ကင်းမုံက သူ၏အငြိုးတကြီးနှင့် အနှုတ်ခံရသည့်အပင်။ မိန်းကလေးနာမည်က…။

''ဟော့…နှင်းယုရေ''

''အံမယ်လေး''

အဒေါ်ကြီး၏ ခေါ်သံအဆုံးတွင် သူ့ရဲ့ အထိတ်တလန့်အော်သံကြောင့် အဒေါ်ကြီးမှာ

''ဟဲ့ …သောက်ပလုပ်တုတ်

ဟု ယောင်အော်ရင်း ထခုန်လေတော့သည်။

''ဘာ… ဘာတွေ့လို့လဲ မောင်ရင်''

''ဘာမှ မတွေ့ပါဘူးခင်ဗျာ၊ ကျွန်တော့်လက်ပေါ် ပေါက်ဖတ်ကြီးကျလာလို့ပါ''

''အို… မင်းနှယ်နော်… ယောက်ျားတန်မဲ့ ပေါက်ဖတ်ကို လန့်ရတယ်လို့''

သူ့အဖြစ်ကိုကြည့်ပြီး နှင်းယုက ခေါင်းငုံ့ရင်းပြုံးလိုက်သည်ကို အမှတ်မထင်တွေ့လိုက်ရသောကြောင့် သူ့

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲတွင် ရှက်သလိုလို၊ ပျော်သလိုလိုဖြစ်လာလေသည်။

"ဒါနဲ့... မောင်ရင်"

"ခင်ဗျာ..."

ခုနက မောင်ရင်နှုတ်ထားတဲ့ ကင်းမုံပင်တွေကို ဒီဖက်ကိုပေးပါကွယ်၊ နမြောစရာကောင်းတယ်၊ ရွှေပုစွန်ခြောက်ထောင်းထည့်ပြီး ကြော်စားရမယ်၊ နှင်းယုရေ ကင်းမုံတွေလာသယ်လှည့်ကွယ်"

အဒေါ်ကြီး၏ စကားအဆုံးတွင် နှင်းယုမှာ ဆန်ခါလေးတစ်လုံးကိုင်ရင်း အိမ်ပေါ်မှဆင်းလာသည်။ သူကင်းမုံပင်တစ်ထွေးကြီးကို တစ်ဖက်ခြံသို့ လှမ်းပေးလိုက်သည်။

ထို့နောက် သနပ်ခါး ခပ်ပါးပါးလေးလိမ်းခြယ်ထားသော နှင်းယု၏ မျက်နှာဝိုင်းဝိုင်းကလေးကို တမေ့တမော လိုက်ငေးနေမိသည်ကို အဒေါ်ကြီး မည်သို့ သဘောပေါက်သွားသည်မသိ။

"သြော်... မောင်ရင်လည်း စားချင်ရင် ယူထားလိုက်ဦးလေ"

"ဟုတ်ကဲ့ နောက်မှပဲ စားတော့မယ်ခင်ဗျ"



"အို..."

နှင်းယုမျက်နှာကလေး ရဲခနဲဖြစ်သွားသလို အဒေါ်ကြီးကလည်း ကြောင်တောင်တောင်နှင့် 'ဟင်' ဟု အာမေဋိတ်ပြုပြီး ကင်းမုံပင်အပုံကြီးကို စိုက်ကြည့်နေသည်။

ထို့နောက် သူ့ကို ပြန်လှည့်ကြည့်ကာ ဧဝေဧဝါ ပုံစံနှင့်

"သြော်... အေး... အခုမစားချင်သေးဘူးကိုး"

ဟုဆိုကာ အိမ်ပေါ်သို့တက်သွားလေတော့သည်။ မြေကြီးပေါ်တွင် ပုံချထားသော ကင်းမုံရွက်များကို ချွေနေသော နှင်းယုကို သူခဏမျှ တွေကြည့်နေပြီး နောက်မှ သတိဝင်ကာ

"ဟို... ကျွန်တော်သွားတော့မယ်နော်"

ဟု နှုတ်ဆက်လိုက်ရာ နှင်းယုက အဲထိတ်တလန့် မော့ကြည့်ပြီး ခေါင်းပြန်ငုံ့သွားလေသည်။ ဤသည်ကိုပင် ကျော်မိုးမှာ နှင်းယုခေါင်းညိတ်ပြသည်ဟု ဖွတ်ပင်သတ်မှတ်ပြီး အိမ်ပေါ်သို့ ပြန်တက်ခဲ့လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ ရုံးပိတ်ရက်တွင် ကျော်မိုးမှာ ပျင်းပျင်းရှိသည်နှင့် တစ်ဖက်ခြံသို့ လည်တဆန့်ဆန့် မျှော်နေမိလေသည်။ ကင်းမုံပင်ကိုစွလည်း မရှိတော့သည့်အတွက် နှင်းယုတို့အိမ်နှင့် ဘာကိစ္စမှ ပတ်သက်စရာမရှိတော့ချေ။

ထို့ကြောင့်ခြံစည်းရိုးဘေး အုန်းပင်၌ ကပ်စိုက်ထားသော သစ်ခွပင်ကို မသိဟန်ဆောင်ကာ ဓားနှင့် ခုတ်ချလိုက်ရမလားဟု မတော်တရော်နိုင်လှသော အတွေးကိုတွေးကာ တစ်ယောက်တည်းပြုံးမိနေစဉ်

"အစ်ကို... ဒီက အစ်ကို"

ဟူသော ခေါ်သံကို ကြားလိုက်ရသောကြောင့်



လှည့်ကြည့်လိုက်ရာ နှင်းယုဖြစ်နေသည်ကို တွေ့လိုက်လေသည်။ သူ တအံ့တသြနှင့် ငေးမောကြည့်နေမိစဉ် နှင်းယုက တစ်စုံတစ်ခုကို လှမ်းပြောလိုက်သည်မို့

"ဟင်... ဘာ.. ဘာပြောလိုက်တာလဲဟင်"

ဟု အလန့်တကြား ပြန်မေးယူရလေသည်။ နှင်းယုကပြုံးရင်း

"ဒီက အစ်ကို့ကို ဆွမ်းကျွေးလာဖိတ်တာပါ"

ဟု ဆိုမှ သူခေါင်းတစ်ချက်ညိတ်လိုက်မိတော့၏။

"ဟို... ဘာအတွက်လဲဟင်၊ အိမ်တက်လား"

ကျော်မိုးစကားအဆုံး နှင်းယုက မျက်နှာညှိုးညှိုးနှင့်ခေါင်းကို ဖြည်းညင်းစွာခါရင်း

"မဟုတ်ပါဘူး၊ မနက်ဖန် မမဆုံးတာ တစ်လပြည့်လို့ ဘုန်းကြီးဆွမ်းကပ်မလို့ပါ"

ဟုဖြေလိုက်လေသည်။

"ဩော်.."

သူစိတ်မကောင်းဖြစ်သွားသည်။

"နှင်းယုက မိဘတွေ မရှိတော့ဘူးလား၊ ဟိုအဒေါ်

www.burmeseclassic.com



ကြီးကရော ဘာတော်သလဲဟင်''

''ဟုတ်ကဲ့၊ မရှိတော့ပါဘူး၊နှင်းယုတို့က ညီအစ်မ နှစ်ယောက်တည်းရှိတာ၊ ဒေါ်ဒေါ်က ဖေ့ဖေ့နှမဝမ်းကွဲပါ၊ မမဆုံးပြီးတော့ နှင်းယုတစ်ယောက်တည်းဖြစ်နေတာနဲ့ အဖော်လာနေပေးတာ၊ ဒေါ်ဒေါ်က ပဲခူးက သီလရှင်ကျောင်းမှာ ယောဂီဝတ်မယ်ဆိုပြီး သွားနေတာ၊ ရုတ်တရက် မမဆုံးသွားတော့ သူလည်း မသွားဖြစ်တော့ဘူးလေ''

နှင်းယု၏စကားကြောင့် သူ စိတ်မကောင်းဖြစ်သွားမိလေသည်။ ဤမိန်းကလေးသည် အလွန်ဆုံးရှိလှမှ အသက်နှစ်ဆယ်၊ နှစ်ဆယ့်တစ်သာ ရှိဦးမည်ဖြစ်၏။

ယခုလို ငယ်ငယ်ရွယ်ရွယ်လေးနှင့် တစ်ကောင်ကြွက်တစ်မျက်နှာ ဖြစ်နေရခြင်းကို သူစိတ်မကောင်း ဖြစ်သွားမိသည်။ သူလည်း မိဘမရှိ၊ ဖခင်ရင်းတစ်ယောက်လို ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့သော ဆရာဦးစိုးတင့်သာ မရှိလျှင် သူ့ဘဝသည်လည်း မတွေးရဲစရာပင်။

''အစ်ကိုလည်း တစ်ယောက်တည်းသမားပါပဲ



ကွယ်''

''ရှင်...''

နှင်းယုက မျက်လုံးလေးဝိုင်းသားနှင့် သူ့ကို ပြန်မော့ကြည့်သည်။

'' ဪ... ကိုယ့်မှာ မိဘ၊ ညီအစ်ကို မောင်နှမတွေတစ်ယောက်မှမရှိဘူးလို့ ပြောတာပါ''

သည်တော့မှ သူမသဘောပေါက်သွားပုံရသည်။

''ဟုတ်လား..''

ဟု ခပ်တိုးတိုးဆိုရင်း ငေးကြည့်နေ၏။ သူသက်ပြင်း တစ်ချက်ခိုးရှိုက်လိုက်မိသည်။ နှင်းယု၏ မျက်ဝန်းလဲ့လဲ့ကလေးတွေ၊ မျက်တောင်ကော့ကော့လေးတွေမှာ သူ့အာရုံတွင် ဖျောက်ဖျက်မရအောင် စွဲနေပြီတည်း။

ထိုမျှမက နှင်းယုသည် ချစ်မြတ်နိုးဖွယ်၊ ကရုဏာသက်ဖွယ် ကောင်းမှန်းကိုလည်း သူနားလည်လိုက်မိသည်။ ချက်ချင်းကြီး ဖွင့်ပြောလိုက်ပြန်လျှင် အားနည်းသူအပေါ် အခွင့်ကောင်းယူရာကျဦးမည်။ ထို့ကြောင့် ချစ်နေရက်နှင့် ဟန်ဆောင်ထိန်းချုပ်ပြီး အချိန်ဆွဲရပေဦးတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



"နှင်းယု ပြန်တော့မယ် အစ်ကို၊ မနက်တရားနာ လာဖြစ်အောင်လာပါတဲ့၊ အဒေါ်ကြီးက မှာလိုက်တယ်"

နှင်းယုက ပြောပြောဆိုဆိုလှည့်ပြန်မည် ဟန်ပြုသည်။ သူခေါင်းညိတ်ပြလိုက်သည်ကို မြင်မှမြင်သွားရဲ့လားမသိ။ သူမက ခြံဝရောက်သွားချေပြီ။ သနပ်ခါးရနံ့က သူ့နှာမှာ ရစ်ဝဲသင်းပျံ့ကျန်ခဲ့လေတော့၏။

ထိုနောက်ပိုင်းမှစ၍ နှင်းယုသည် သူ့အပေါ် မိတ်ဆွေတစ်ဦးထက်ပိုကာ အစ်ကိုရင်းတစ်ယောက်လို ချစ်ခင်အားကိုးလာသည်။ ဘာမဆို တိုင်တိုင်ပင်ပင်နှင့် ပွင့်ပွင့်လင်းလင်း ပြောရဲဆိုရဲရှိလာလေ၏။

သို့သော် သူမ ရင်းနှီးကျွမ်းဝင်လာပုံမှာ သူ့စိတ်ထဲကဆန္ဒနှင့် တစ်ခြားစီဖြစ်သဖြင့် တစ်ယောက်တည်း ကြိတ်မှိတ်ခံစားရင်း ကြိတ်မနိုင်ခဲမရ ဖြစ်နေမိသည်။

နှင်းယု၏အဒေါ် ဒေါ်သောင်းတင်မှာ သူ့ကိုတူရင်းသဖွယ် ခင်မင်၍ ထိုအိမ်သို့ နေ့ညအချိန်မရွေး၊ တံခါးမရှိ၊ ဓားမရှိ ဝင်ထွက်ခွင့်ရ၍သာ တော်တော့သည်။ သူ့မှာလည်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ဒုက္ခ၊ မနက်မိုးလင်း၍မှ နှင်းယုမျက်နှာ မမြင်ရလျှင် ရုံးသွားရတာစိတ်မဖြောင့်၊ ညနေပြန်လာလို့မှ နှင်းယု အရိပ်အခြေမတွေ့ရလျှင် ညအိပ်၍မပျော် ဖြစ်လာသည်။

တစ်ညနေတွင် ပျင်းပျင်းရှိသည်နှင့် စာအုပ်တစ်အုပ်ကို စိတ်မပါဘဲ ဇွတ်မှိတ်၍ဖတ်နေခိုက် အိမ်ရှေ့ဆီမှ

"အစ်ကို… အစ်ကို လာပါဦး၊ ဒေါ်ဒေါ် ဘယ်လိုဖြစ်မှန်းမသိဘူး"

ဟုအော်ရင်း အိမ်ပေါ်သို့ အပြေးအလွှားတက်လာသော နှင်းယုကို တွေ့လိုက်ရာ သူလန့်ဖျတ်၍ သွားလေတော့၏။

"ဘာဖြစ်လို့လဲ.. ဘာဖြစ်လို့လဲဟင်"

"မေးမနေပါနဲ့တော့ အစ်ကို၊ လိုက်သာကြည့်ပါ၊ ဒေါ်ဒေါ်အန်တာ သုံးလေးခါရှိပြီ၊ နှင်းယုလည်း ဘာမှမလုပ်တတ်တော့ဘူး"

နှင်းယုစကားအဆုံးတွင် သူဘာမှ ထွေထွေထူးထူးဆက်မေးမနေတော့ဘဲ သုတ်ခနဲထလိုက်လာမိသည် သူရောက်သွားသောအခါတွင် ဒေါ်သောင်းမှာ ခုတင်ခြေရင်းတွင်



တိုင်ကိုမှီရင်း အလွန်မောဟိုက်နေသောပုံစံနှင့် ထိုင်နေသည်ကို တွေ့လိုက်ရလေတော့သည်။

"အဒေါ်ကြီး အဒေါ်ကြီး"

"ဟင်…"

ဒေါ်သောင်းတင်မှာ လေသံယဲ့ယဲ့သာ ထူးနိုင်တော့သည်။ အန်ရလွန်းလို့ ပင်ပန်းသွားတာပင်ဖြစ်သည်။

"ဒေါ်ဒေါ် ဘယ်လိုနေသေးလဲ"

"နှင်းယု.."

"ရှင်…ဒေါ်ဒေါ်"

"ဆရာဝန်ပင့်လာသလား"

"အင်…"

"အဲ…"

ဒေါ်သောင်းတင်၏ စကားအဆုံးတွင် သူရော နှင်းယုပါ ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။

အားကိုးတကြီးလာခေါ်သော နှင်းယုရှေ့တွင် သူရဲကောင်းဟန်နှင့် လိုက်ပါလာခဲ့မိသော ကျော်မိုးမှာ လှည့်ပဲပြန်ရမလို ဒေါ်သောင်းတင်၏ လက်ကောက်ဝတ်ကို ပြေးဆုပ်

www.burmeseclassic.com

www.burmeseclassic.com



ရမလိုဖြစ်နေမိ၏။

ဟို.. ဟို နှင်းယုလည်း ဘာလုပ်ရမှန်းမသိတာနဲ့၊ အစ်ကိုကျော်မိုးကို ခေါ်လာခဲ့တာ ဒေါ်ဒေါ်"

"ဟင်း..."

ဒေါ်သောင်းတင်မှာ ဟင်းခနဲ သက်ပြင်းချသွားသည်။

"နှင်းယု အဒေါ်ကြီးစိုက်ထားတဲ့ကင်းမုံပင်ဟာ ဆေးဖက်ဝင်တယ်ဆို၊ အဲဒါ ထောင်းတိုက်လိုက်ရရင် မကောင်းဘူးလား"

"အို... ဆေးဖက်ဝင်တယ်ဆိုပေမယ့် ဘာအတွက်သုံးရမှန်း နှင်းယုမှ မသိတာ၊ တော်ကြာ ပိုဆိုးကုန်ပါမယ်"

ဒေါ်သောင်းတင်မှာ တဟင်းဟင်းညည်းညူနေလေတော့သည်။ တအေ့အေ့ တဝေါ့ဝေါ့နှင့် လေတက်နေသည်မှာ အရက်မူးနေသလားလို့တောင် အောက်မေ့ရသည်။

"နေ... ခဏ ဆရာဝန်ပဲ သွားခေါ်လိုက်တော့မယ်"

ဟုပြောပြီး သူထွက်လာခဲ့သည်။ လမ်းထိပ်မှ ဆိုက်



ကားတစ်စီးဝင်ငှားပြီး ဒေါက်တာအောင်ဒွေးဟန် ဆေးခန်းကို သွားရသည်။ ဆေးခန်းရောက်တော့ ဒေါက်တာက ခရီးထွက်သွားသည်ဆိုသောကြောင့် နီးစပ်ရာဆေးခန်း တစ်ခုသို့ဝင်ကာ အကျိုးအကြောင်းပြောပြီး သောက်ဆေးစပ်ခိုင်းရပြန်သည်။

သူပြန်ရောက်လာသောအခါ ဒေါ်သောင်းတင်မှာ မဟာဖြေဆေးသောက်ပြီး အိပ်နေပြီဖြစ်သောကြောင့် ဆေးတိုက်ရမည့်အချိန်နှင့် ဆေးထုတ်များကို သေသေချာချာခွဲပြီး နှင်းယုလက်ထဲ ထည့်လိုက်လေသည်။

နှင်းယုက လက်ထဲတွင် ဆေးထုတ်များကို ကိုင်ထားရင်း သူ့ကိုငေးကြည့်ကာ

"ကျေးဇူးတင်ပါတယ် အစ်ကိုရယ်"

ဟု ခပ်တိုးတိုးဆိုသည်။ သူမသည် ရိုးရိုးသားသား ကျေးဇူးတင်ခြင်းဖြစ်ပါလိမ့်မည်။ သို့သော် သူ့စိတ်သည် မည်သို့ဖြစ်သည်မသိ။ နှင်းယုလက်ကို ဖျတ်ခနဲဆွဲရင်း အတန်ကြာအောင် ကိုင်ထားမိသည်။ နှင်းယုက မရုန်းဘဲ သူ့ကို တအံ့တသြမော့ကြည့်၏။ သူ ခေါင်းငုံ့ပြီး တစ်စုံတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ပြောမည်ဟု ကြံလိုက်စဉ် အိမ်ခန်းထဲမှ ဒေါ်သောင်းတင်၏ ညည်းသံသဲ့သဲ့ကို ကြားလိုက်ရသောကြောင့် နှင်းယုက လက်ကို ကမန်းကတန်းရုန်းပြီး အိမ်ထဲသို့ပြန်ပြေးဝင်သွားလေသလို သူလည်း ယောင်တောင်တောင်နှင့် အိမ်ဖက်သို့ ပြန်ခဲ့ရလေသည်။ ထိုညက သူ တော်တော်နှင့် အိပ်မပျော်ခဲ့ချေ။

✸

နောက်တစ်နေ့နံနက်ရုံးမသွားခင် ဒေါ်သောင်းတင်အား သတင်းသွားမေးမည်ဟု စိတ်ကူးပြီး လက်ဆွဲအိတ်ကို အိမ်ရှေ့၌ထားခဲ့ကာ နှင်းယုတို့အိမ်ဖက်သို့ ထွက်လာခဲ့သည်။ အိမ်ရှေ့တံခါးကို စေ့ရုံသာစေ့ထားသောကြောင့် အသာတွန်းဖွင့်ပြီး ဝင်မည်ပြုခိုက် အထဲမှစကားသံများကြောင့် ကျော်မိုးမှာ ရှေ့မဆက်မိဘဲ တုန့်ခနဲရပ်သွားရ၏။

"ဘာမဟုတ်ပါဘူးလဲ၊ ကျုပ်မျက်စိနဲ့တပ်အပ်တွေ့တာပါ နှင်းယုရယ်"

"ဟာ ဒေါ်ဒေါ်ကလည်း မဟုတ်ပါဘူးဆို၊ အဲဒါ



ဆေးထုတ်ပေးတာပါဆို"

နှင်းယု အသံကြားတာနှင့် သူမမျက်နှာရှက်ပြီး နီရဲနေတာကို မြင်လိုက်ရသလို ခံစားလိုက်ရလေသည်။

"အံမယ်··· နှင်းယုရယ် ကျုပ်က ညည်းတို့အစုံဆိုကတည်းက ထိန်းလာတာပါအေ၊ ဒါလောက်တော့ အရိပ်အကဲခတ်မိပါတယ်၊ ညည်းမှာလည်း ဘာလေးကြုံကြုံ မောင်ကျော်မိုးချည်း ပြေးပြေးခေါ်နေတာ သူတစ်ယောက်ပဲ ညည်းစိတ်ထဲအားကိုးစရာမြင်နေတယ် မဟုတ်လား၊ ဒီလိုဖြင့်လည်း ကောင်းတာပါပဲအေ၊ ညည်းနေရာကျမှ ငါလည်း လွတ်လွတ်လပ်လပ် တရားစခန်း ဝင်နိုင်မှာ၊ ဟိုကလည်း ညည်းကို···"

"အို··· အဒေါ်ကလည်း··"

"ဒေါ်ဒေါ်ကလည်း လုပ်မနေနဲ့၊ ကျုပ်ကတော့ သဘောမတူစရာ ဘာမှမရှိဘူး၊ ညည်းသဘောကျရင်သာ"

"ဒုက္ခပါပဲ၊ ဒေါ်ဒေါ်က ဖွတ်အတင်းချည်းပဲ၊ ဟို

www.burmeseclassic.com

www.burmeseclassic.com



ကဖြင့် နှင်းယုကို ဘာမှတောင် မပြောရသေးဘူး''

''အို… ပြောတဲ့အခါ ဘာမှမူမနေနဲ့၊ ဒါမှ ငါမြန်မြန် ယောဂီဝတ်လို့ရမှာ''

နှင်းယုစကားကြောင့် ကျော်မိုးမှာ ထခုန်မိမတတ် ဝမ်းသာသွားလေသည်။ သို့သော် မျက်နှာပူသည်ကတစ်ကြောင်း၊ နှင်းယုရှက်သွားမှာစိုးသောကြောင့် တစ်ကြောင်း၊ အိမ်ထဲမဝင်တော့ပဲ ကမန်းကတန်းလှည့်အထွက် အိမ်အတက်အဆင်း ဖိနပ်ချွတ်နေရာ၌ ထောင်ထားသော အုန်းတံမြက်စည်းကို ခလုတ်တိုက်မိကာ ခြေချော်ကျသောကြောင့် ဝုန်းခနဲ အသံမြည်သွားလေသည်။

သူချော်လဲနေရာမှ ကပျာကယာ ကုန်းထခိုက် နှင်းယု၏ 'ဟယ်' ဟူသော အာမေဋိတ်သံလေးနှင့်အတူ ဒေါ်သောင်းတင်ကြီး၏ 'ဟော' ဟူသော အလန့်တကြား ရေရွတ်သံကို ကြားလိုက်ရလေတော့သည်။

သူ နောက်သို့လှည့်မကြည့်တော့ဘဲ ခြံဝသို့ ထွက်လာရာ ဒေါ်သောင်းတင်က

''ဟို… မောင်ကျော်မိုး သွားတော့မလားကွဲ့၊



အိမ်ပေါ်မတက်…''

''နေ… နေတော့ အဒေါ်ကြီး၊ ကျွန်တော် ယောဂီဝတ် အဲလေ… ရုံးသွားရအုံးမယ်၊ ညနေမှ လာခဲ့တော့မယ်''

သူ့စကားတွေက အထစ်ထစ် အငေါ့ငေါ့ဖြစ်ရုံမက တလွဲတွေ ဖြစ်နေသောကြောင့် ဒေါ်သောင်းတင်မှာ ရှက်ကိုးရှက်ကန်းဖြစ်သွားပြီး

''အေးကွယ် မနေ့က တညင်းသီးနဲ့ ပုန်းရည်ကြီးချက်ရယ်၊ မှုစ်ချဉ်နဲ့ ဝက်သားဟင်းရယ် စားလိုက်ရာက တက်တော့တာပဲ မောင်ကျော်မိုးရေ၊ သွားသွား ရုံးနောက်ကျလို့ မဖြစ်ဘူးမဟုတ်လား''

ဟူသော အဆက်အစပ်မရှိသော စကားကို လှမ်းအော်ပြောလိုက်ရင်း ကျန်ခဲ့လေတော့သည်။

✱

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သောင်းတင်၏ အစားစုံမှုသာ မစလျှင် နှင်းယုနှင့်သူ တစ်ယောက်ကိုတစ်ယောက် ရှိန်နေတာနှင့် နီးစပ်မှာ မဟုတ်တော့ချေ။

ယခုအခါ နှင်းယုနှင့်သူ ချစ်သူရည်းစားတွေ ဖြစ်ပြီး၍ လက်ထပ်ဖို့ပင် စီစဉ်နေရချေပြီ။ ပြန်တွေးပြီး တညင်းသီးနှင့် မျှစ်ချဉ်ကိုလည်းကောင်း၊ ဒေါ်သောင်းတင်ကို လည်းကောင်း၊ ကျေးဇူးတင်ရမလိုပင်ဖြစ်နေ၏။

မင်္ဂလာဆောင်အတွက် နှစ်ဖက်မိဘဆွေမျိုးအရေးသိပ်မပူပင်ရသော သူတို့နှစ်ဦးမှာ လက်ထက်ဖို့ သိပ်အခက်အခဲမရှိလှချေ။ အရာရာတွင် နှင်းယုသဘော၊ အစ်ကိုသဘောနှင့် အပြန်အလှန်နားလည်မှုရကာ နှစ်ဦးစိတ်ကြိုက် စီစဉ်ခွင့်ရခဲ့သည်။

နှင်းယုရောသူပါ မြို့ခံနယ်ခံမဟုတ်သည့်အတွက် မင်္ဂလာဆောင်ကို မိတ်ဆွေရင်းချာတစ်ချို့နှင့် အကျဉ်းရုံးလိုက်ရလေသည်။ နှင်းယုဘက်တွင် ဒေါ်သောင်းတင်နှင့် တစ်ခြားဆွေမျိုးတစ်ချို့ရှိပြီး ကျော်မိုးဘက်တွင် ဆရာဦးစိုးတင့်နှင့် ရုံးမှ လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းများရှိသည်။ ထိုအထဲတွင်



မင်္ဂလာဆောင် အကျဉ်းရုံးသည်ဆိုသော်လည်း မမေ့မလေ့ဖိတ်ရမည့်သူနှစ်ဦးရှိသေးသည်။

မကြာခင် မင်္ဂလာဆောင်တော့မည်ဟူသော ကျော်မိုးနှင့် ဘာသတင်းမှမကြား၊ လူချင်းမတွေ့တာကြာပြီဖြစ်သော ကျော်တိုးတို့အားဖိတ်ရဦးမည်။

မင်္ဂလာဆောင်ရက်နီးလျှင် စာရေးအကြောင်းကြားလိုက်မည်ဟူသော ကျော်မိုးမှာ သူ့ဆီကစာရပါက အလွန်အံ့သြသွားပေလိမ့်မည်။ ထို့အတူ သတင်းကြားထားသော ကျော်မိုးက မဖိတ်ဘဲ သူ့ဆီက မင်္ဂလာဖိတ်စာရသောကြောင့် ကျော်တိုးမှာလည်း ဘယ့်နှယ့်ပါလိမ့်ဟု ထင်ပေတော့မည်။

တကယ့်တကယ် သူမင်္ဂလာဆောင်သောအခါ ကျော်တိုးသာရောက်လာပြီး ကျော်မိုးမှာ ရောက်မလာချေ။

"မင်းလာတာ ငါဝမ်းသာတယ်သူငယ်ချင်းရာ၊ ဒါပေမယ့် ဟိုကောင်ကျော်မိုး မလာတာတော့ စိတ်ထဲမကောင်းဘူး၊ သူ့သတင်းလည်း ဘာမှမကြားရတော့ ငါစိတ်ပူလ သိကွာ"

"အေး ငါလည်း အဲဒါတွေးနေတာ၊ သူအိမ်ထောင်

www.burmeseclassic.com

www.burmeseclassic.com



ပြုတော့မယ်ဆိုတဲ့အကြောင်း စာရေးပေးပြီးကတည်းက လုံးဝသတင်းမကြားရတော့တာ၊ ငါ သူ့ဆီကို စာထည့်သေးတယ်။ ဘာမှ အကြောင်းမပြန်ဘူး၊ သူ့စာထဲမှာ မနက်ဖန်သဘက်ခါပဲ မင်္ဂလာဆောင်တော့မှာလိုလိုနဲ့ ဘယ်လိုဖြစ်တယ်မသိပါဘူး၊ ဒါနဲ့ မင်းသူ့ကို သေသေချာချာရော ဖိတ်ရဲ့လား''

ကျော်တိုးစကားကြောင့် သူသက်ပြင်းရှိုက်ရင်း ခေါင်းညိတ်ပြလိုက်သည်။

''ငါ သူလုပ်နေတဲ့ စာရင်းစစ်ရုံးလိပ်စာအတိုင်း ဖိတ်လိုက်တာပဲ''

''တကယ်လို့ သူအဲဒီမှာမရှိဘူး၊ အလုပ်ထွက်သွားပြီဆိုရင်ရော''

ကျော်တိုးပြောသည့်စကားမှာ ဖြစ်နိုင်ချေရှိသည်။ သို့သော် အလုပ်ထွက်ရုံနှင့် သတင်းက မျက်ခြေမပြတ်သင့်ချေ။

မည်သို့ပင်ဆိုစေ ကျော်တိုးနှင့် ကျော်မိုးဆုံဖြစ်ကြတိုင်း ကျော်စိုးအကြောင်းကိုသာ ပဟေဠိသဖွယ် ပြောဆို



ကြမြဲပင်။

ကျော်တိုးမှာ သူ့မင်္ဂလာဆောင်ပြီး တစ်ပတ်အကြာမှ ပြန်သွားသည်။ ဖနီး နှင်းယုနှင့်လည်း ရင်းနှီးပြီး အတော်လေး ခင်ခင်မင်မင်ဖြစ်သွား၏။ သူတို့လက်ထပ်ပြီး တစ်လနီးပါး ကြာသောအခါ ကျော်မိုးမှာ ရာထူးတိုးပြီး သူ့ဇာတိမြို့သို့ ပြောင်းရွှေ့ခွင့်ရခဲ့သည်။ထိုအခါ ဒေါ်သောင်းတင်မှာ ဘယ်မှ မလိုက်လိုတော့။ ပဲခူးရှိ သီလရှင်ကျောင်းသို့သာ သွားပါရစေဟု ဆိုသဖြင့် ခွင့်ပြုလိုက်ရလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

ကျော်မိုးမှာ မိမိဇာတိမြို့သို့ ရာထူးတိုးပြီး အရာရှိပေါက်စလေးအဖြစ်နှင့် ပြန်လာရသောကြောင့် ဝမ်းသာမဆုံးတော့။ ထို့ပြင် ချောမောလှပသော ဇနီးလေးပါ,ပါလာသောကြောင့် ရုံးမှလုပ်ဖော်ကိုင်ဖက်ယောင်းများမှာ အားကျနေကြသည်။

တစ်ခုခက်နေသည်က နှင်းယုသည် သူ့မြို့တွင်လုံးဝမပျော်ချေ။ အမြဲလိုလို ရုံးမှခွင့်ယူပြီး သူ့မြို့သို့ပြန်ပို့ဖို့သာ ပူဆာနေလေ့ရှိသည်။

ရောက်စကတော့ လွမ်းရှာမှာပဲလေ၊ နေသားမှ မကျသေးဘဲလေဆိုပြီး မကြာခဏ ပြန်ပို့ပေးခဲ့သည်။



နောက်တော့ အလုပ်မအားတာနှင့် လိုက်မပို့ဖြစ်တော့။ ရာထူးကြီးလာသည်နှင့်အမျှ တာဝန်ဝတ္တရား ပိုများလာကြောင်း ရှင်းပြကာ ချော့မော့ထားရသည်။ နှင်းယုသည် သူ့ထက်သုံးနှစ်မျှငယ်သော်လည်း အတွေးဆုံးနုမကလေးလို ဆိုးချင်နွဲ့ချင်နေသည်။ လိမ္မာသည်၊ သူ့စကားနားထောင်သည်ဟု ဆိုနိုင်သော်လည်း တစ်ခါတစ်ရံ စိတ်ကောက်ချင်သည်။

ယခုလည်း သူ့ရုံးမှ ပြန်လာသည်ကို ထွက်မကြိုဘဲ သိုးမွေးထိုင်ထိုးနေသည်။ ယခင်က ထမင်းအိုးငှဲ့ကာနီး ဖြစ်နေရင် ပျော့ချင်ပျော့ပါစေဆိုပြီး ယောကျ်ားဖြစ်သူကို ထွက်ကြိုသောနှင်းယုမှာ အိမ်ရှေ့သို့ပင်ထွက်မလာ၊ သူလှမ်းခေါ်သည်ကိုပင် အသံမပြုဘဲ ခပ်မဆိတ်နေသဖြင့် ကျော်မိုး စိတ်ထဲတွင် တစ်မျိုးဖြစ်သွားရ၏။

"နှင်းယုကို အစ်ကို ဝမ်းသာစရာပြောပြရဦးမယ် သိလား"

အင်္ကျီကို ချိတ်မှာ ကိုယ့်ဘာသာချိတ်ရင်း နှင်းယုကိုချော့ဖို့ စကားစရသည်။ နှင်းယုက မျက်လုံးပင်[illegible]မ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ချေ။

"နှင်းယု ဘာဖြစ်နေတာလဲ၊ ပြောစမ်း အစ်ကိုကို စိတ်ကောက်နေတာလား"

နှင်းယုကသက်ပြင်းချပြီး ထိုးလက်စသိုးမွေးချည်လုံးနှင့်အပ်ကိုချကာ အိမ်ခန်းထဲဝင်သွားသည်။ သူခဏမျက်မှောင်ကျုံ့ရင်း တွေးနေရာမှ ကမန်းကတန်းထပြီး အိမ်ခန်းထဲ ဝင်လိုက်ခဲ့၏။

နှင်းယုက ကုတင်ပေါ်တွင် သူ့ကို ကျောခိုင်းရင်း ငူတူတူ ထိုင်နေသည်။

"နှင်းယု"

သူ့အသံက မမာသော်လည်း အနည်းငယ်ကျယ်သွားသည်။ နှင်းယုက သူ့ကို လှည့်မကြည့်သောကြောင့် သူ နှင်းယုအနားသို့တိုးသွားပြီး နောက်ကျောမှ ခါးကိုသိမ်းဖက်ရင်း သူမ၏ပုခုံးတွင်မေးတင်ကာ

"ပြောစမ်း အစ်ကို့မိန်းမက ဘာတွေစိတ်အလိုမကျဖြစ်နေတာလဲ၊ ဘယ်လောက်ခက်ခဲနေပါစေ၊ အစ်ကို ရအောင်လုပ်ပေးမယ်၊ ပြောဘာလိုချင်လို့လဲ"



နှင်းယုက ငြိမ်သက်တွေဝေနေရင်းမှ

"အိမ်ပြန်ချင်တယ်"

ဟု မဆိုင်းမတွ ပြန်ဖြေလေသည်။ သူခဏမျှ ကြောင်သွားပြီး ဟက်ဟက်ပက်ပက် ရယ်လိုက်မိ၏။

"သြော်… ငါ့မိန်းမက အသက်နှစ်ဆယ်ကျော်ပြီဆိုတော့ လူကြီးမှတ်နေတာ၊ အပြီးသတ်တော့ အိမ်လွမ်းတဲ့ ကလေးဖြစ်နေပါရောလား၊ ခင်ဗျားက အိမ်ထောင်သည်ဗျ၊ နားလည်ရဲ့လား၊ ယောကျ်ားရှိတယ်၊ ဘယ်အိမ်ကို ပြန်ချင်တာတုံး၊ အိမ်မှာ ဘယ်သူရှိလို့တုံး"

ကျော်မိုးမှာ နှင်းယုစကားကို မသိဟန်ဆောင်ကာ စလိုက်သည်။ တကယ်တော့ ဟိုမြို့လေးမှာကျန်ခဲ့သည့် သူမအိမ်လေးကို နှင်းယုပြန်ချင်နေမှန်း သူသိသည်။ အစကတည်းက အိမ်ကို ရောင်းခဲ့မိရင် အကောင်းသား၊ဟု တွေးလိုက်မိ၏။

"ဘယ်သူရှိရှိမရှိရှိ ၊ အဲဒါ နှင်းယုငယ်ငယ်ကတည်းက နေခဲ့တဲ့အိမ်၊ နှင်းယုလွမ်းတယ်၊ အမြဲ သတိရနေတယ်၊ အစ်ကို့ကိုမခွဲနိုင်လို့ လိုက်လာ

www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် နည်းနည်းမှမပျော်ဘူး၊ ဟိုအိမ်ကလေးမှာ နှင်းယု တစ်သက်လုံးနေမယ်လို့ ဆုံးဖြတ်ထားတာ''

ဟု ပြောရင်းနှင့် နှင်းယုငိုလေတော့၏။

''ဟောဗျာ… အဲဒါက ဘာဖြစ်ရတာလဲ နှင်းယုရဲ့ ခု အစ်ကိုက အဲဒီအကြောင်းပြောမလို့၊ အလုပ်ကိစ္စနဲ့ အဲဒီဘက်ကို နှစ်ပတ်လောက်ခရီးထွက်ရမယ်၊ အဲဒါ မအိမ်လွမ်းကို ခေါ်သွားရရင် ကောင်းမလားလို့''

သူ့စကားအဆုံး နှင်းယုက သူ့ဘက်သို့လှည့်ပြီး သူ့လက်မောင်းကိုထုသည်။

''ကြည့်ပါလား၊ အစ်ကိုမကောင်းဘူးနော်''

''စောစောကတည်းကပြောမလို့ ခင်ဗျားက မျက်နှာကြီး ရှုပုတ်ပြီး အရင်ကောက်နှင့်နေတာကိုး''

ကျော်မိုးစကားအဆုံး နှင်းယုမှာ ငိုမဲ့မဲ့ကလေးနှင့် အံကြိတ်ထားရာမှ ဟက်ဟက်ပက်ပက် ရယ်ချလိုက်လေတော့သည်။

သဘောပေါ်တွင် နှင်းယုမှာ ကျော်မိုးကို စိတ်ကောက်နေပြန်သေးသည်။ အကြောင်းမှာ ကျော်မိုးသည် နှင်းယုတို့မြို့တွင် သင်္ဘောဆိုက်ပါက တစ်ခါတည်းဆင်း မနေရစ်ဘဲ လုပ်ငန်းကိစ္စရှိသည့်မြို့သို့ လမ်းသင့်သဖြင့် တစ်ခါတည်းဆက်လိုက်မည်ဆိုသောကြောင့်ပင်။

''တစ်ခါတည်း အလုပ်ရှိတဲ့ဆီ အရင်သွားလိုက်တော့ အပြန်ဒီမှာ အေးအေးဆေးဆေး ပင်နားလို့ရတာပေါ့ကွာ၊ အခုဒီမှာ အစ်ကိုကဆင်းနေပြီး ပြန်ခါနီးမှ ဟိုကိုသွားရင် ကမန်းကတန်းဖြစ်နေမှာပေါ့''

www.burmeseclassic.com

www.burmeseclassic.com



“ဘာမှကမန်းကတန်းဖြစ်စရာမလိုဘူး၊ ပြန်ခါနီးမှာ အစ်ကိုရောနှင်းယုပါ အတူတူသွားမယ်၊ အပြန် ပုံကာနေ တန်းပြန်လည်းပြီးတဲ့ကိစ္စကို…”

“ကောက်လိုက်တာ နှင်းယုရယ်၊ ကလေးလည်းမ ဟုတ်ဘဲနဲ့၊ အစ်ကိုပြောတာကို နားထောင်စမ်းပါ”

နှင်းယုမှာ သူ့ဘက်ကိုလှည့်မကြည့်ဘဲ တစ်ဖက်သို့ မျက်နှာလွှဲနေသည်။

“သွားပါ သွားပါ၊ ဟိုကို လွတ်လွတ်လပ်လပ် တစ်ယောက်တည်းခွဲသွားချင်တယ်၊ အလုပ်ကိစ္စ၊ အလုပ်ကိစ္စနဲ့ ဟိုမှာ ဘယ်သူရှိနေမှန်းမှမသိဘဲ”

“မဆိုင်လိုက်တာကွာ၊ အစ်ကိုက အဲဒီနယ်ကို အခုမှစသွားရမှာ ဘယ်သူကရှိနေမှာလဲ၊ အရင် သွားဖူးနေကျဆိုရင် တစ်မျိုးပေါ့”

သူ့စကားအဆုံး နှင်းယုမှာ ဖျတ်ခနဲ လှည့်ကြည့်ပြီး မျက်တောင်းတိုးကာ

“ဒေါသ တွေ့လား၊ စကားထဲက ဓာတ်ပြလာပြီ၊ အခု သွားဖူးနေကျနေရာမှာတော့ ရှိချင်ရှိမယ် ဆို



တဲ့သဘောပေါ့၊ ဟင်… ဟုတ်လား၊ မိန်းမ လစ်တာနဲ့ ကိုယ့်ကိုယ်ကို လူပျိုထင်နေတာ၊ အခု လည်း နှင်းယုလိုက်ခဲ့ပါ့မယ်ဆိုတာကို အတင်း ခွာထုတ်နေတယ်၊ သိတယ်… သိတယ် မလိုက် တော့ဘူး၊ ရှင့်ဘာသာ တစ်ယောက်တည်းသွား၊ ပြန်မလာချင်လည်း အဲဒီမှာပဲ နောက်မိန်းမတစ် ယောက်ကို ယူပြီးနေ၊ ဒေါ်ဒေါ့်နောက် လိုက် သွားပြီး သီလရှင်ဝတ်လိုက်မယ်”

ဟု စိတ်ဆိုးမာန်ဆိုးနှင့် ပြောလိုက်ရာ ကျော်မိုးမှာ သဘောကျပြီး တဟဲဟဲနှင့် ရယ်၍သာနေလေသည်။

“နှင်းယုကို မလိုက်စေချင်ဘူးဆိုတာ ပင်ပန်းမှာ စိုးလို့ သိရဲ့လား၊ အဲဒီလို နယ်တွေဘက်ဆင်းရင် ကြုံသလိုတည်းခိုရတာ၊အစ်ကိုက ယောက်ျားလေး၊ ဘာမှမဖြစ်ဘူး”

“နှင်းယုလည်း ဘာမှမဖြစ်ဘူးအစ်ကို၊ ကာယ ကံရှင်ကတောင် အပင်ပန်းခံနိုင်တာ၊ ဘာကြောင့် မခေါ်ချင်ရတာလဲ”

www.burmeseclassic.com

www.burmeseclassic.com



နှင်းယုစကားအဆုံးတွင် ကျော်မိုးသက်ပြင်းချလိုက်မိသည်။

"ကဲ ဒေါ်နှင်းနှင်းယု ဒီလောက်ကျုပ်ကို သက်ာမကင်းဖြစ်နေရင်လည်း လိုက်သာလိုက်ခဲ့ ပေတော့ဗျာ၊ မဟုတ်တရုတ်တွေကို လျှောက်စွပ်စွဲမနေနဲ့တော့"

သူ့စကားအဆုံး နှင်းယုက သူ့ဘက်ကို ချာခနဲလှည့်ကြည့်ပြီး တဖြည်းဖြည်းပြုံးလာလေသည်။

"တကယ်ပြောတာလား"

"ဩော်... လိုက်ခဲ့ပါဆိုမှပဲ"

"အဟင်း... မလိုက်တော့ဘူး၊ နှင်းယုက အစ်ကို့စိတ်ကိုသိချင်လို့၊ မလိုက်ချင်ပါဘူး၊ အိမ်ကိုပဲရောက်ချင်လှပြီ"

"ဟောဗျာ... တတ်လည်းတတ်နိုင်တဲ့ မိန်းမပဲ၊ မရဘူး၊ လိုက်ကိုလိုက်ခဲ့ရမယ်"

သူ့စကားကြောင့် နှင်းယုက သဘောကျစွာရယ်သည်။မကြာခင် သူမဆင်းရမည့် သဘော်ဆိပ်နားသို့ရောက်



လာသည်။ သဘော်ဥသြဆွဲသံက ကျယ်လောင်စွာထွက်ပေါ်လာသည်။

"နှင်းယု ဆင်းတော့မယ် အစ်ကို"

နှင်းယုက ပစ္စည်းပစ္စယလေးတွေကိုစုရင်း ဆင်းဖို့ဟန်ပြင်နေသည်။

"ဖြည်းဖြည်းမှဆင်းပါနှင်းယုရယ်၊ သဘော်ဖြင့်ကမ်းမကပ်သေးဘူး"

"အထုတ်တွေကျန်ခဲ့မှာစိုးလို့ အစ်ကိုရဲ့"

"ကျန်တော့ရော အစ်ကို ရှိနေတာပဲဟာ"

"အို... အစ်ကို ခရီးဆောင်အိတ်နဲ့စာရင်းစာအုပ်တွေထည့်တဲ့အိတ်သာ ယူထားပါ၊ တစ်ခြားပစ္စည်းခြင်းတွေ နှင်းယုယူသွားမှဖြစ်မှာပေါ့၊ ဒါနဲ့ မြန်မြန်ကိစ္စပြီးရင် ပြန်ခဲ့နော်အစ်ကို၊ နှင်းယုတစ်ယောက်တည်း အိမ်မှာ..."

"စိတ်ချပါကွာ၊ အစ်ကိုကလည်း မလွဲသာလွန်းလို့သာ... စိတ်မချပါဘူး"

သူ့စကားအဆုံး နှင်းယုက သဘောကျစွာရယ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ သင်္ဘောဆိပ်ကမ်းကပ်သောအခါ နှင်းယုကို သူ အထုတ်အပိုးများဆွဲပြီး ဆိပ်ခံဘောတံတားနားအထိ လိုက်ပို့ပေးလိုက်၏။ တံတားပေါ်မှ အထုတ်တွေ၊ ခြင်းတွေဆွဲရင်း ကမ်းပေါ်သို့ တရွေ့ရွေ့တက်သွားသော နှင်းယု၏နောက်ကျောကို သူ ရပ်ကြည့်နေမိသည်။ သင်္ဘောပေါ်မှ လူများ အတက်အဆင်း၊ ကုန်အတင်အချလုပ်နေသောကြောင့် ချက်ချင်းမထွက်ဖြစ်သေး။ ထို့ကြောင့် နှင်းယုကမ်းပေါ်တက်သွားသည်အထိ သေသေချာချာ လိုက်ကြည့်လို့ရသည်။

နှင်းယုမှာ သူ့ကို မြင်လား၊ မမြင်လားမပြောတတ်၊ သင်္ဘောဆီသို့ တစ်ချက်လှည့်ကြည့်ပြီး ဆက်လျှောက်သွားသည်။ တစ်နေရာအရောက်တွင် နှင်းယုသည် ရှေ့ဆက်မလျှောက်ဘဲ တုံ့ခနဲ ရပ်လိုက်၏။

သူမ၏ရှေ့တွင် လူတစ်ယောက်က လမ်းပိတ်ရပ်နေသည်။ နှင်းယုက ဘယ်ဘက်တိုးလျှင် ဘယ်ဘက်ရွှေ့ရပ်၏။ ညာဖက်ပြန်တိုးလျှင် ညာဖက်လိုက်ရွှေ့ရပ်သည်။ လမ်းမအလယ်တွင် ထုတ်ဆီးတိုးသလိုဖြစ်နေသော နှင်းယုနှင့် ထိုလူကိုကြည့်ကာ သူမျက်မှောင်ကျုံ့လိုက်မိသည်။



ထိုလူမှာ အသားဖြူဖြူ အရပ်မြင့်မြင့်ဖြစ်ပြီး ရခိုင်ပုဆိုးအပြာကွက်နှင့် ရှပ်အင်္ကျီအဖြူကိုဝတ်ထားကာ ရည်မွန်သန့်ပြန့်သော အသွင်ရှိလေသည်။ သို့သော် အမျိုးသမီးတစ်ယောက်ကို လမ်း၌ပိတ်ကာ စေ့စေ့စူးစူးကြည့်နေပုံမှာ ရိုင်းပြလွန်းလှသည်။

ထိုသူ မည်သူနည်း။ နှင်းယု၏ ရည်းစားဟောင်းပေလား။

သူတောက်တစ်ချက်ခေါက်လိုက်မိသည်။ သင်္ဘောကမ်းမှမခွာခင် အဝတ်အိတ်နှင့်စာရင်းဖိုင်များ ထည့်ထားသော လက်ဆွဲအိတ်ကိုယူကာ သင်္ဘောပေါ်မှ ခပ်သုတ်သုတ်ဆင်းခဲ့သည်။

နှင်းယုမှာ သူနှင့်ကျောခိုင်းအနေအထားဖြစ်သောကြောင့် သူသင်္ဘောပေါ်မှဆင်းလာသည်ကိုမမြင်၊ သူမရှေ့မှ လူ၏မျက်နှာကို သူမြင်ရသည်။ နှင်းယုကို ဘာစကားတစ်ခွန်းမှမပြောဘဲ တွေတွေကြီးစိုက်ကြည့်နေသည်။

"ဟေ့လူ ဒါဘာလုပ်တာလဲ"

သူ ပြောပြောဆိုဆို ထိုသူ၏ရင်ဘတ်ကို တွန်းထုတ်

www.burmeseclassic.com



လိုက်သည်။ ရုတ်တရက် သူရောက်လာသောကြောင့် နှင်းယုမှာ ထိတ်လန့်အံ့သြသွားပုံရ၏။

"ဟယ်... အစ်ကို"

ဟု လွှတ်ခနဲအော်လိုက်ပြီး သူ့လက်မောင်းကို ဆွဲထားသည်။ သူတွန်းလိုက်သောကြောင့် နောက်သို့ နှစ်လှမ်းသုံးလှမ်း ခန့်ယိုင်သွားသော ထိုလူကို ဒေါသတကြီးမျက်နှာချင်းဆိုင်လိုက်၏။

ထိုလူမှာ လူမမာတစ်ယောက်လို အားနည်း ဖြူဖျော့နေသည်။ နက်မှောင်နေသော မျက်ခုံးများအောက်မှ ရှုးရှုတောက်ပနေခဲ့ဟန်ရှိ သောမျက်လုံးများက ရီဝေဆွေးမြေ့ရိပ်သန်းနေပြီး သူ့ကို ကြောင်တောင်တောင်ပုံစံနှင့် ခပ်တွေတွေပြန်ကြည့်လာ၏။

သူ့စိတ်ထဲ တစ်မျိုးဖြစ်သွားသည်။

ဒီလူ့ မျက်လုံးတွေ။ တစ်မျိုးပါလား။ ဒီလို ရီဝေဝေ မျက်လုံးတွေ သူ ရင်းရင်းနှီးနှီးသိခဲ့ဖူးသည်။

"ခင်ဗျား..."

သူ့နှုတ်က ယောင်ပြီး အသံထွက်သွားမိ၏။ ထိုလူ



ကလည်း တစ်စုံတစ်ခု ပြောတော့မယောင် နှုတ်ခမ်းက ဆတ်ခနဲလှုပ်သွားသည်။

မေးစေ့မှာ ပါးချိုင့်ကလေးက ထင်းခနဲပေါ်လာသည်။ သူ့ရင်ထဲ ထိတ်ခနဲတုန်သွားသည်။ ဒါ...

"ကျော်... ကျော်စိုး"

ကျော်မိုးစကားသံအဆုံး သူ့မျက်လုံးများ လက်ခနဲဖြစ်သွားသည်။

"ကျော်မိုး... ကျော်မိုးလားဟင်"

သူ့အသံက တဆိတ် အားနည်းဖျော့တော့လွန်းလှသည်။ ယခင်က နီးညှို့ရဲရဲစိုနေသော ကျော်စိုးနှုတ်ခမ်းတွေက ဆေးလိပ်အလွန်အကျွံသောက်ထားသူလို ပြာနှမ်းသွေ့ခြောက်နေသည်။ သူ့မျက်လုံးတွေက ပုံမှန်မဟုတ်သလို ကြောင်တောင်တောင်နိုင်လှ၏။ လမ်းပျောက်နေသော ကလေးငယ်တစ်ယောက်၏ ကြောက်ရွံ့နာကျင်မှုမျိုး။

ကျော်မိုးရင်ထဲ ဆို့နင့်သွားရသည်။ စာလေးနှစ်စောင် သုံးစောင်မှလွဲ၍ ရှစ်နှစ်တိုင်တိုင်ကွဲကွာခဲ့ရသော အရင်းနှီးဆုံး သူငယ်ချင်း။

www.burmeseclassic.com

www.burmeseclassic.com



''မင်း... ဘယ်က ဘယ်လို...''

ကျော်မိုးအသံတွေက ထစ်ငေါ့ကာ အဖျားခတ်တုန်ယင်သွားသည်။ ကျော်စိုးက သူ့မျက်နှာကို ခပ်တွေတွေ စိုက်ကြည့်ပြီးမှ နှင်းယုံဆီအကြည့်ရွှေ့သည်။

''ဒါ ငါ့အမျိုးသမီး၊ ငါတို့လက်ထပ်တာမကြာသေးဘူး၊ မင်းရော လက်ထပ်ပြီးပြီလား''

ကျော်စိုးက ခေါင်းကို ခပ်ဖြည်းဖြည်းခါရင်း နှင်းယုကို သေသေချာချာ ပြန်ကြည့်သည်။ ထို့နောက်သူ့နှုတ်မှ တိုးလျှသော စကားတစ်ခွန်းထွက်လာသည်။

''သူ... သူက ငါချစ်သူနဲ့တူလွန်းတယ်၊ ဒါပေမယ့် သူ့လို ဘယ်ဘက်ပါးမှာ မှဲ့မပါဘူး''

''အို...''

နှင်းယုထံမှ အာမေဋိတ်သံလေးက အလန့်တကြားထွက်လာသည်။

''အခု မင်းတို့လက်မထပ်ဖြစ်ဘူးလား၊ သူ ဘယ်ရောက်သွားလို့လဲ''

''စုဆုံးတာ ခြောက်လမိုက်ညပဲ''



''ဖြစ်မှဖြစ်ရလေကွာ''

သူ့ရဲ့ ကရုဏာသက်စွာ ရေရွတ်လိုက်တဲ့စကားအဆုံး နှင်းယုထံမှ အင့်ခနဲရှိုက်သံကို ကြားလိုက်ရသည်။ ပြီးမှ ဗလုံးဗထွေးလေသံနှင့်

''အစ်ကို သူပြောတဲ့ စုဆိုတာ နှင်းယုအစ်မ သင်းသင်းစုပဲဖြစ်မှာ''

ဟုပြောလိုက်ရာ ကျော်မိုးမှာ အလွန်အံ့သြသွားမိတော့၏။ ကျော်စိုး၏မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်လိုက်မိသည်တွင် နီရဲနေသော မျက်လုံးများ၌ မျက်ရည်များပြည့်လျှံရစ်ဝိုင်းလာသည်ကို တွေ့လိုက်ရလေသည်။

✸

''မင်းနဲ့ ကျော်သိုးဆီကို ငါစာရေးလိုက်တဲ့အချိန်က ငါ့ဘဝရဲ့အပျော်ဆုံးအချိန်တွေပါပဲ၊ ငါ့ဘဝမှာ နောက်ထပ် ဘယ်တော့မှပြန်မရနိုင်တော့မယ့် အပျော်ဆုံးကာလတွေပဲပေါ့ ဟုတ်ပါတယ်၊ ငါ ဘယ်တုန်းကမှ အဲဒီလိုမပျော်ခဲ့ဖူးဘူး၊ ငါ နောက်

www.burmeseclassic.com

www.burmeseclassic.com



ထပ်ဘယ်တော့မှ အဲဒီခံစားချက်မျိုးပြန်ရမှာ မဟုတ်တော့ပါဘူးကွာ''

ကျော်စိုးအသံက မျှော်လင့်ချက်အားလုံး ရိုက်ချိုးဖျက်ဆီးခံရသူပမာ အင်အားမဲ့နေသည်။ ကျော်မိုးမှာ သူငယ်ချင်းဖြစ်သူအား မည်သို့ နှစ်သိမ့်ရမှန်းမသိသလို ငေးကြည့်နေမိ၏။ နှင်းယုမှာလည်း တစ်သိမ့်သိမ့်ရှိုက်ကာသာ ငိုနေတော့သည်။

''ဘယ်လိုဖြစ်ရတာလဲကွာ''

''တိုက်ပဲတိုက်ဆိုင်လွန်းတယ် အစ်ကိုရယ်၊ မမစုလက်ထပ်ခါနီးဆဲဆဲမှာ ရုတ်တရက် ဆုံးသွားတယ်ဆိုတာပဲသိလိုက်ရတယ်၊ ဘယ်လိုဖြစ်မှန်းတောင် အသေးစိတ်မသိလိုက်ရဘူး၊ အဲဒီအချိန်တုန်းက နှင်းယုက ဒေါ်ဒေါ်နဲ့ပဲခူးမှာ ရိပ်သာဝင်နေတာ၊ ကံကောင်းတယ်ပဲပြောရမလား၊ ကံဆိုးတယ်ပဲပြောရမလားမသိဘူး၊ နှင်းယု တရားနဲ့ဖြေနိုင်ခဲ့တယ်၊ ခုလို မမစုနဲ့ လက်ထပ်မယ့် ခင်ပွန်းလောင်းတစ်ယောက်ကို ပြန်မတွေ့ခင် အထိပေါ့''



နှင်းယုရဲ့စကားအဆုံး ကျော်စိုးက သက်ပြင်းတစ်ချက်ရှိုက်လိုက်ပြီး နှုတ်ခမ်းကိုဖိကိုက်ထားသည်။ ရင်ထဲတွင် မချိမဆန့် ကြေကွဲပမ်းနည်းနေရမှန်း သူ့မျက်လုံးတွေက သက်သေခံနေ၏။

''အဖြစ်က ဒီလို… အဲဒီနေ့က ငါ ရုံးကခွင့်ယူပြီးမနက်ပိုင်း သူနဲ့ မင်္ဂလာခန်းဝင်ပစ္စည်းတွေ သွားဝယ်ကြတယ်၊ ညနေရုံးဆင်းချိန်အထိ စာရင်းကိစ္စတွေ မပြတ်သေးတာနဲ့ အိမ်ကိုပြန်မအိပ်မိဘူး၊ တကယ်လို့ အဲဒီညနေ စု ငါ့ဆီကို လာမယ်မှန်းသိရင် ငါအိမ်ကို ရောက်အောင်ပြန်မိမှာပဲ၊ အဲဒီညက မိုးတွေသည်းသည်းမည်းမည်း ရွာနေတယ်၊ လမိုက်ည… ဟုတ်တယ်… လမိုက်ည၊ မိုးတွေသည်းသည်းမည်းမည်း ရွာနေတဲ့လမိုက်ညပေါ့''

ဟု နာကျည်းကြေကွဲစွာ ရေရွတ်လိုက်တဲ့ ကျော်စိုးစကားသံအဆုံးတွင် သူတို့နားထဲတွင် မိုးတွေ၊ လေတွေသည်းနေမည့်ညတစ်ညကို မြင်ယောင်လာလေတော့၏။

✸

www.burmeseclassic.com



မှန်၏။ ထိုညက မိုးတွေ သည်းသည်းမည်းမည်းကြီး ရွာနေခဲ့သည်။ ညနေအိမ်ကထွက်လာတုန်းက မိုးရိပ်မိုးခြေမရှိ၊ ကြည်ကြည်လင်လင်ပင်။ သူ့အိမ်ကိုရောက်သွားတော့ ညနေ(၆)နာရီပင်ခွဲနေပြီ။ သူက အခုထိပြန်မရောက်သေး။ မင်္ဂလာဆောင်ရက်နီးမှ သူ့သူငယ်ချင်းတွေကများ ဝိုင်းညှင်းနေကြသလား။ အလုပ်ကိစ္စပဲမပြီးလို့လား စသည်ဖြင့် တွေးရင်း သူမကိုပေးထားသည့် သော့အပိုတစ်ချောင်းကို သုံးကာ အိမ်ထဲတွင် ထိုင်စောင့်နေခဲ့သည်။

မိုးက ခပ်စိတ်စိတ်ရွာရာမှ တဖြည်းဖြည်းသည်းလာသည်။ တစ်ချက်တစ်ချက် လျှပ်စီးကလက်လိုက်သေး၏။

နာရီကိုကြည့်တော့ ခြောက်နာရီနှစ်ဆယ်။

သင်းသင်းစု အိမ်ထဲတွင် ပျင်းရိညည်းငွေ့စွာ စောင့်ဆိုင်းရင်း အိမ်ထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိသည်။

"မဖြစ်သေးပါဘူး၊ ကြာလိုက်တာ၊ မောင်တို့ရုံးကို ဖုန်းဆက်ကြည့်ဦးမှ"

အိမ်အနီးတွင် ဖုန်းဆက်လို့ရသည့်နေရာမရှိ။ လမ်း



ထိပ်ခပ်ဝေးဝေးမှ စတိုးဆိုင်ကို ဖုန်းသွားဆက်မှရမည်။ ခြောက်နာရီခွဲပတ်ဝန်းကျင်ဆိုပေမယ့် မိုးရွာနေတာမို့ မှောင်မိုက်နေချေပြီ။ လမ်းမီးတိုင်ခပ်ကျဲကျဲအောက်တွင် သူမ ခပ်သုတ်သုတ်လျှောက်လာမိ၏။ လမ်းထိပ်ရောက်တော့ စတိုးဆိုင်က ပိတ်ထားတာမို့ လက်လျှော့ပြီးပြန်ခဲ့ရသည်။

တစ်ကိုယ်လုံးလည်း မိုးကရွှဲရွှဲစိုနေပြီဖြစ်သည်။ ထီးဆောင်းပေမယ့် အရပ်လေးမျက်နှာက ဝေ့ဝဲတိုက်ခတ်နေသော လေကြောင့်မလုံ။ အိမ်ပေါ်ရောက်တော့ ထမီရော အင်္ကျီပါ စိုနေပြီဖြစ်သည့်အတွက် သူ့အင်္ကျီဟောင်းတစ်ထည်နှင့် ပုဆိုးဟောင်းတစ်ထည်ကို ယူဝတ်လိုက်ရသည်။

ကိုယ့်ပုံကိုယ် မှန်ထဲတွင်ပြန်ကြည့်ပြီး ရယ်ချင်သွားမိ၏။ သူပြန်လာလျှင်လည်း သင်းသင်းစုပုံစံကို ကြည့်ကာ ရယ်ပေဦးမည်ဟုတွေးပြီး ရှက်ရွံ့စွာ ပြုံးလိုက်မိပြန်သည်။ ရုတ်တရက် လျှပ်စီးတစ်ချက် ဝင်းခနဲလက်သွားသည်။ သူမ လန့်သွားပြီး မှန်ကို မျက်နှာသုတ်ပုဝါနှင့် ကပျာကယာ ကာထားလိုက်မိ၏။

တစ်ကိုယ်လုံး ကြက်သီးတွေဖြာပြီး ကတုန်ကယင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်။ မိုးခြိမ်းသံကို သိပ်ပြီးမကြောက်တတ်သော သင်းသင်းစုပင် စိတ်လှုပ်ရှားမိ၏။

စိတ်တည်ငြိမ်သွားအောင် ဘာပြန်လုပ်ရမလဲဟု စဉ်းစားရင်း သူမအကြည့်က မီးဖိုချောင်ထဲရောက်သွားသည်။

''ဟုတ်ပြီ၊ မောင်ပြန်လာရင် စားရအောင် ထမင်းဟင်းချက်ထားမှ၊ ဘာရှိလည်းမသိဘူး''

သူမတစ်ကိုယ်တည်း စိတ်ကူးရင်း မီးဖိုချောင်ဘက်သို့ ထွက်လာခဲ့သည်။ အိမ်ခန်းထဲရှိ ဗီရိုရှေ့မှအဖြတ် ယောက်ျားတစ်ယောက်ကို ပြုံးခနဲ တွေ့လိုက်ရ၏။

''အံမယ်လေး...''

သင်းသင်းစုအော်သံက မိုးသံတွေကို ဖောက်မထွက်နိုင်ပေမယ့် အတော်ကလေးကျယ်လောင်သွားသည်။ အရိပ်လိုလိုတွေ့ရာဘက်သို့ လှမ်းကြည့်လိုက်သည်။

''သြော်... ငါ့နယ်''

ယောက်ျားလေးအပတ်တွေ ယူဝတ်ထားမိသော သူမပုံစံကို မှန်ထဲ၌ပြန်မြင်ပြီးလန့်သွားမိသောကြောင့် တစ်ယောက်တည်းရယ်လိုက်မိသည်။ မီးဖိုချောင်ထဲမှပန်းကန်



ကြောင်အိမ်လေးထဲတွင် မြေပဲဆံပုလင်း၊ ပုဇွန်ခြောက်ပုလင်းနှင့် ဘဲဥ သုံးလေးလုံးလောက်သာတွေ့ရသည်။

သူလည်းတစ်ယောက်တည်း ဒါတွေပဲစားနေတယ် ထင်ပါရဲ့။ ရှိတာပဲချက်ထားရတော့မှာပဲဟု တွေးကာ ဘဲဥနှပ်ပြီး ပုဇွန်ခြောက်ယောင်း ကြော်ထားလိုက်ဖို့ပြင်ဆင်လိုက်သည်။

ညရှစ်နာရီကျော်နေပြီ။ ချက်ဖို့ပြုတ်ဖို့ပြင်ဆင်နေတာနှင့် နာရီကိုမကြည့်ဖြစ်တော့။ မေ့လျော့ထားလိုက်သော့သည်။ မီးလာနေသောကြောင့်တော်သေး၏။ နို့မဟုတ်ရင် ဖယောင်းတိုင်မီးမှိန်မှိန်အောက်တွင် သူ့ကိုစောင့်ရပေဦးမည်။ ဘဲဥပြုတ်မယ်ဆိုပြီး လှမ်းအယူ သုံးလုံးအနက် တစ်လုံးက ခွပ်ခနဲ ကျကွဲသွားသည်။

''ကျွတ် ဒုက္ခပါပဲ... အကုန်ညှီကုန်ပြီ''

စိတ်ပျက်လက်ပျက်ရေရွတ်ရင်း လက်ဆေးဖို့ နောက်ဖေးသို့ ထွက်ခဲ့သည်။ နှစ်လုံးသာကျန်ခဲ့သည့် ဘဲဥကို အိုးထဲထည့်လိုက်ပြီး ရေနည်းနည်းထပ်ထည့်လိုက်၏။

လေတိုက်သောကြောင့် အိမ်နောက်ဖေးဖက်မှာ

www.burmeseclassic.com

www.burmeseclassic.com



ရှိသည့် အုန်းပင်က ခေါင်မိုးသွပ်ပြားကို ဖြန်းခနဲလာရိုက်သည်။ သူမ လန့်အော်မိတော့မလိုဖြစ်သွားသည်။ တစ်အိမ်လုံးဝ တစ်ယောက်တည်းပါလားဟူသော အသိကစိတ်ကို အလိုလို ချောက်ချားသိမ်ငယ်နေစေသည်။

လျှပ်စစ်မီးဖိုပေါ် ဘဲဥပြုတ်မည့်အိုးကို တင်လိုက်တဲ့ သူမလက်တွေက မသိမသာတုန်ယင်နေသည်။

'မောင်ရယ် မြန်မြန်ပြန်လာပါတော့' သင်းသင်းစု စိတ်ထဲက တီးတိုးရေရွတ်လိုက်မိ၏။

ရေစက်လက်စိုနေသော လက်ကိုမသုတ်မိ။ ကွိုင်မီးဖိုကို ခလုတ်တင်ပြီးမှ မီးလင်းမလာတာကြောင့် မီးပလပ်ခုံကို လှမ်းကြည့်လိုက်မိသည်။ အစိုးရိမ်လွန်တတ်သော ကျော်စိုးက မီးပလပ်ခေါင်းကို ဖြုတ်ထားခဲ့၏။

သူမ ကပျာကယာထပြီး ပလပ်ခေါင်းကို ထိုးလိုက်သည်။

"ဖျန်း... ဖျန်း"

"အား..."

မီးပလပ်နားက မီးပွားတွေဖြာတက်ပြီး သူမတစ်ကိုယ်



လုံး လွင့်စင်ထွက်သွားသည်။ ရေစိုနေသော ညာဘက်လက်က အကြောတွေအားလုံး ထုံကျင်ပြီး တဆတ်ဆတ်တုန်နေသည်။

"အား... ကျွတ်... ကျွတ်"

လွင့်စင်ထွက်သွားသည့်အရှိန်ကြောင့် ခေါင်းက မာကျောသည့် အရာတစ်ခုနှင့် သွားဆောင့်မိလိုက်ခြင်းဖြစ်မည်။ သူမ ခေါင်းကိုဆုပ်ကိုင်ရင်း မျက်လုံးကို ဖြည်းဖြည်းချင်း ဖွင့်ကြည့်လိုက်သည်။

"ဟင်.."

လက်ထဲမှာ စိုကပ်စေးပျစ်နေသည့်အရာတွေ လက်ကို ဆတ်ခနဲ ပြူကြည့်လိုက်တော့မှ သွေးတွေမှန်းသိရသည်။

"အား... မောင်... မောင်ရေ ကယ်ပါဦး"

သင်းသင်းစုမှာ သွေးတွေကိုကြည့်ရင်း ကယောင်ကတမ်း အော်ဟစ်လိုက်မိသည်။ အပြင်တွင်မိုးကအဖြိုးနဲ့ရွာနေ၏။

အတင်းအားယူထပြီး ကုတင်ပေါ်သို့ရောက်အောင် တက်လာခဲ့သည်။ ခေါင်းထဲမူးနောက်ပြာဝေလာသည်။ သို့

www.burmeseclassic.com

www.burmeseclassic.com



စို့ သွေးနှံ့နှင့် ရောထွေးနေသောညှော်နံ့ကြီးကို ရှူးရှူးဝါးဝါး ရလိုက်၏။ မျက်လုံးဖွင့်အကြည့်တွင် မြင်လိုက်ရသည်က သူမ ထိုးခွဲသောပလပ်ခုံမှ အူထွက်နေသော မီးခိုးလုံးကြီးကို တွေ့လိုက်ရသည်။

တဖျစ်ဖျစ်လောင်ကျွမ်းလာသော ဝါယာကြိုးအသံက သေမင်းခေါ်သံလို နားထဲကို ရှူးရှကျယ်လောင်စွာ ဝင်ရောက်လာ၏။

"မောင်… ကယ်ပါဦး စုကိုကယ်ပါဦး"

သူမခေါင်းမှသွေးတွေက အိပ်ရာခင်းဖြူဖြူပေါ် နှစ်အိုင်စိုရွှဲသွားစေသည်။

အိပ်ရာတည့်တည့်မှ မီးချောင်းက ရုတ်တရက် လှုပ်ယိမ်းလာသလို နားထဲမှာ တံခါးခေါက်သံလိုလို လေကားကို နင်းတက်လာသံလိုလို ကြားလိုက်ရ၏။ မရေးမနှောင်းမှာပင် ကင်းတဲမှ သံချောင်းခေါက်သံ ဆယ့်နှစ်ချက် ထွက်ပေါ်လာသည်။

စိတ်ကထင်နေတာလား၊ မောင်ပြန်လာတာလား၊ စိတ်ထဲ အားတက်သွားတာတော့အမှန်၊ အိပ်ရာပေါ်မှ



မူးနောက်ရီဝေစွာ ကုန်းထပြီး လက်က မိန်းခလုတ်ဆီသို့ လှမ်းလိုက်သည်။

သို့သော် သူမလက်က မိန်းခလုတ်အားဆွဲအချ ဝါယာကြိုးတစ်စက သူမတည့်တည့်သို့ ပျက်ကျလာသည်။

သူမရဲ့အော်သံက မိုးချုန်းသံနှင့်အပြိုင် ကျယ်လောင်ပြည်ဟီးစွာ ထွက်ပေါ်လာသည်။ သို့သော် မည်သူမျှမကြားနိုင်။ အိမ်လေးအတွင်းမှာ ပဲ့တင်ထပ်သွားသည်။

*

"အား…"

ကျော်စိုး၏အော်သံက ရှူးရှူးဝါးဝါး။ သူ့ဘေးတွင် အိပ်ပျော်နေသော ရုံးမှ စာရေးမောင်ဟိန်းကျော်မှာ လန့်နိုးသွားလေတော့၏။

"ဟာ အစ်ကို၊ အစ်ကို ကျော်စိုး"

"အင်း… ဟင်"

ကျော်စိုးတစ်ကိုယ်လုံး ချွေးသီးချွေးပေါက်များဖြင့် ရွှဲနစ်နေသည်။ အိပ်ရာမှလူးလဲထပြီး ဘေးပတ်ဝန်းကျင်ကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။ သူ့အိပ်ရာကုတင်ပေါ်တွင်မဟုတ်။

"အစ်ကို အိပ်မက်မက်ပြီး ယောင်နေတာထင်တယ်"

သူ့နဖူးပေါ်မှစီးကျလာသော ချွေးသီးချွေးပေါက်များကို လက်နှင့်သပ်ချရင်း နာရီကိုကြည့်လိုက်သည်။ ညဆယ့်နှစ်နာရီတိတိ။ အပြင်မှာ မိုးကသည်းသည်းထန်ထန်ရွာနေပေမယ့် သူ့တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်များရေလောင်းထားသလို နစ်နေသည်ကိုကြည့်ရင်း ဟိန်းကျော်မှာ တအံ့တဩ ဖြစ်နေပုံရသည်။

"ငါ... အိပ်မက်ထဲမှာ စုဓာတ်လိုက်ပြီး.. မဟုတ်ဘူး၊ စုအော်သံကို ငါကြားလိုက်ရတာ၊ အပြင်မှာလိုပဲ"

"ဟာ... မဟုတ်တာ အစ်ကိုရာ၊ အိပ်မက်ထဲက အော်သံက အပြင်မှာကြားရတယ်လို့၊ ကြုံကြုံဖန်ဖန် ကျွန်တော်တော့ အစ်ကို့အော်သံပဲ ကြားလိုက်တယ်"

သူ့ ခေါင်းကို ဖြည်းညင်းစွာခါယမ်းလိုက်မိသည်။



စုရဲ့ ကယ်ပါဦးဆိုတဲ့အသံက သူ့နားထဲမှာပီပီသသကြားလိုက်ရခြင်းဖြစ်၏။ အိပ်မက်လိုလိုတကယ်လိုလို စုက သူ့အိမ်ကိုရောက်နေသည်။

"ငါ... အိမ်ပြန်မှဖြစ်မယ်"

သူ့စကားအဆုံးတွင် ဟိန်းကျော်က ခေါင်းရမ်းရင်း

"ဟာ... မပြန်ပါနဲ့ အစ်ကိုရာ၊ အချိန်မရှိတော့ဘူး၊ သန်းခေါင်ကျော်နေပြီ၊ မနက်စောစောမှ ပြန်ပါဗျာ"

ဟု အတင်းတားလေတော့သည်။

"မဟုတ်ဘူး... ငါ့စိတ်တွေ အရမ်းလေးနေတယ်၊ ငါပြန်မှဖြစ်မယ်"

စိတ်ထဲတွင် တစ်ခုခုကို ကြိုသိနေသလို ခံစားနေရသည်။

"မပြန်ပါနဲ့ဗျာ၊ ကျွန်တော်တစ်ယောက်တည်း ဆက်မအိပ်ရဲလို့ပါ"

"အရေးထဲမှ ခင်းဟဲ့ကြောက်နေသေးတယ်၊ ငါ စုကို အရမ်းစိတ်ပူနေပြီ၊ သူတစ်ခုခုဖြစ်နေပြီလို့

www.burmeseclassic.com

www.burmeseclassic.com



ငါထင်တယ်"

"အစ်ကို စိတ်ဆွဲလို့ပါ၊ မစု ဘာမှမဖြစ်နိုင်ပါဘူး၊ အစ်ကိုပဲ စိတ်အေးအေးထားရမှာ"

ဟိန်းကျော်က ပြောပြီးပြီးချင်း ပြန်အိပ်သွားသည်။

"ဟာ… ဟော့ကောင် ထစမ်း၊ မင်းနေခဲ့လည်း နေခဲ့၊ ငါပြန်မယ်"

သူအတင်းထထွက်လာတော့ ဟိန်းကျော်လည်း မနေရဲတော့ချေ။ အိပ်ချင်မူးတူးနှင့် ထလိုက်လာတော့သည်။

ကျော်စိုးမှာ အိမ်သို့ပြန်ရောက်မှ အလာကောင်းပေမယ့် အခါနှောင်းပြီမှန်း သိလိုက်ရတော့၏။

သင်းသင်းစုမှာ မမြင်ရက်မရှုရက်စရာ သေဆုံးနေချေပြီ။ သူမသေအံ့ဆဲဆဲတွင် မိန်းခလုတ်ကို ဆွဲချသွားခြင်းကြောင့် သူ့အိမ်အပါအဝင် တစ်ရပ်ကွက်လုံး အသက်အိုးအိမ် စည်းစိမ်ချမ်းသာရာရခဲ့သော်လည်း သူမ၏ အသက်ကိုတော့ မည်သူမျှ မကယ်တင်လိုက်နိုင်သည်ကို ရင်နင့်ဖွယ် တွေ့လိုက်ရလေသည်။

✸



ကျော်စိုးစကားအဆုံးတွင် မိန်းမသားဖြစ်သောနှင်းယု မဆိုထားနှင့်၊ ကျော်စိုးပင် ရင်ထဲ၌ဆို့နေပြီး မျက်ရည်ဝဲမိလေ၏။

ချစ်သူနှင့်လက်ထပ်ခါနီးဆဲဆဲမှ အသေဆိုးနှင့် သေရသော အစ်မဖြစ်သူအတွက် နှင်းယုမှာ အတော်လေး ယူကြုံးမရဖြစ်နေဟန်ရှိသည်။

"ငါ စိတ်မကောင်းလိုက်တာ သူငယ်ချင်းရာ၊ မင်းနေရာမှာငါသာဆို ရူးသွားမလားပဲ"

ဟုပြောပြီးမှ သူ့စကားမှားသွားမှန်း သိလိုက်ပေမယ့် ပြုတ်ကျသွားတဲ့ပစ္စည်းကို ပြန်ကောက်သိမ်းလို့ရတော့တာမျိုးမဟုတ်သောကြောင့် အားနာနာနှင့်ပင် နေလိုက်ရတော့သည်။ ကျော်စိုးက နှင်းယုကိုကြည့်ပြီး သက်ပြင်းချလိုက်၏။

"ငါလည်း ဘာထူးလဲကွာ၊ ရူးသွားမတတ်ပဲ၊ မဟုတ်သေးပါဘူး၊ ရူးသွားတာပါ၊ အလင်းရောင်ပျပျလေးတွေခါမှ အမှောင်ထဲကို ပြန်ပြုတ်ကျသွား သလိုမျိုးခံစားရတယ်၊ စုမရှိကတည်းက ငါ့ဘဝကို

www.burmeseclassic.com



ဖြစ်ချင်ရာဖြစ် ရေစုန်မျောလိုက်တာပဲ၊ ငါ့ဘဝက အရူးတစ်ယောက်နဲ့ ဘာများကွာသေးလဲ၊ နေချင်ရာနေတယ်၊ သွားချင်ရာသွားတယ်၊ ငါ့မှာ ဆွေမျိုးညီအစ်ကိုမောင်နှမဆိုတာမရှိဘူး၊ ရှင်းရှင်းပြောရရင် ငါ့မှာကျော်စိုးဆိုတဲ့ နာမည်တောင် ပျောက်ဆုံးခဲ့တာကြာပြီ၊ မင်းနဲ့ပြန်မတွေ့ခင်အထိပေါ့ကွာ၊ မင်းငါ့ကို ကျော်စိုးလို့ မခေါ်လိုက်ခင်အထိပေါ့၊ ငါ့နာမည်ငါ မေ့သလိုဖြစ်နေတာ''

''ဒါဆို မင်းအလုပ်..''

''ငါအလုပ်က ထွက်လိုက်ပြီသူငယ်ချင်း၊ ထွက်တာမှ ဘယ်သူ့မှမပြောဘဲ ကိုယ့်သဘောနဲ့ကိုယ်ထွက်လာခဲ့တာ၊ စုသေတဲ့ ညက ရုံးမှာအိပ်ခဲ့တဲ့နေ့ဟာ နောက်ဆုံးနေ့ပဲ၊ အလုပ်ကိုပါ ငါ စိတ်အနာကြီးနာသွားခဲ့တာ၊ အဲဒီညက ရုံးမှာ စာရင်းကိစ္စတွေမရှုပ်ခဲ့ရင် ငါ ညနေစောစော ပြန်ခဲ့ရင် စု ဘာမှဖြစ်စရာအကြောင်းမရှိဘူး''

သေတဲ့လူကတော့ တစ်ဘဝ ချုပ်ငြိမ်းသွားပြီမို့



နောက်တွယ်ရတဲ့ဘဝအသစ်မှာ မည်သို့နေရှာမည်မသိ။ ကျန်ခဲ့သူမှာတော့ အပူသောကမီးတွေဝိုင်းပြီး အရူးတစ်ယောက်လို ကျန်ခဲ့ရသည်။

''ဘာပဲဖြစ်ဖြစ် ပြီးတာတွေပြီးပါစေတော့ကွာ၊ မင်းအသက်ငယ်ငယ်လေးရှိသေးတယ်၊ ဘဝမှာ ရှေ့ဆက်ဖို့တွေ အများကြီးကျန်သေးတာပဲ၊ လူတိုင်းလူတိုင်း ပတ်ဝန်းကျင်ရယ် မိသားစုအသိုင်းအဝိုင်းရယ်ဆိုတာရှိလာရင် ကိုယ်ချစ်တဲ့သူနဲ့ ခွဲခွာဖူးကြတာချည်းပါပဲ၊ ဘုရားဟောဇာတ်နိပါတ်တွေမှာလည်း မင်းကြားဖူးမှာပေါ့၊ လူမသေဖူးတဲ့အိမ်၊ မိသားစုဆိုတာရှိလို့လား၊ ဘဝကို ဘာလို့လွယ်လွယ် အရှုံးပေးရမှာလဲ၊ မင်းတတ်ထားတဲ့ပညာတွေ အစွမ်းအစတွေ၊ စီးပွားဥစ္စာတွေ ဒါတွေဘာလုပ်ဖို့လဲ၊ ဘာအတွက် မင်းမိဘတွေ ရှာဖွေပေးခဲ့လဲ''

ကျော်မိုးစကားအဆုံး ကျော်စိုးက ခပ်ယဲ့ယဲ့ပြုံးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



''ငါတရားမရှိလို့ပြောတာမဟုတ်ပါဘူးကွာ၊ ပညာတွေ၊ ပစ္စည်းဥစ္စာတွေဆိုတာ အသုံးချတတ်တဲ့သူအတွက်ပဲ အသုံးဝင်တာ၊ ငါကဘဝကို လွယ်လွယ်နဲ့ အရှုံးပေးတာလို့ မင်းထင်နေတယ်၊ တကယ်တော့ ငါ့ဘဝက လူ့ရယ်မြည်ကာစမယ်ကြံကာရှိသေးတယ်၊ ကံကြမ္မာက အနိုင်နဲ့ပိုင်းတာကို ခံလိုက်ရပြီးသား၊ ငါထပ်ပြီး အရှုံးပေးနေတော့ရော ဘာမှထူးပြီး မဆုံးနိုင်တော့ပါဘူးကွာ၊ ပညာတတ်တယ်၊ ပစ္စည်းရှိတယ်ဆိုတာက ငါ့အတွက်ဘာမှမဟုတ်ဘူး၊ စုလည်းပညာတတ်တယ်၊ ဒါပေမယ့် ကံကြမ္မာကို သူအနိုင်ယူနိုင်ခဲ့လို့လား၊ သူလည်းရှုံးသွားတာပဲ၊ အင်းလေ·· ကံကြမ္မာဆိုတာက လောကရဲ့တရားသူကြီးပဲ သူစီရင်ချင်သလိုစီရင်ခွင့်ရှိပါတယ်၊ ဟုတ်တယ်၊ သူက ငါတို့မလွန်ဆန်နိုင်တဲ့ အရှင်သခင်ပါ''

ကျော်မိုးမှာ ခေါင်းကိုသာတွင်တွင်ခါယမ်းလိုက်မိသည်။ နှင်းယုက ဘာမှဆက်မပြောရန် မျက်ရိပ်ပြသည်။



တစ်ခြားအကြောင်းအရာတစ်ခုနှင့် သူ့ကို အာရုံပြောင်းသွားစေချင်ပုံရသည်။

''ဒါနဲ့ မင်းဒီကို ဘာလာလုပ်တာလဲ၊ ကျော်တိုးနဲ့ရော တွေ့ဖြစ်သေးလား''

''မတွေ့ပါဘူး၊ သူနဲ့ငါ အဆက်အသွယ်ပြတ်နေတာ ကြာပါပြီ၊ မင်းနဲ့ သူ့ဆီစာပို့ခဲ့တာ နောက်ဆုံးပဲ''

''မင်း ဒီမြို့မှာအသိရှိလို့လား''

ကျော်မိုးစကားအဆုံး နှင်းယုက ဖျတ်ခနဲလှည့်ကြည့်သည်။ တစ်စုံတစ်ခုကို ပြောချင်နေသလို သူမနှုတ်ခမ်းတွေက တရွရွလှုပ်လာပေမယ့် ဘာသံမှမထွက်။ ကျော်စိုးက စီးကရက်တစ်လိပ်ကို မီးညှိရင်း ခပ်ဝေးဝေးသို့ မီးခိုးငွေ့များလွင့်ဝဲသွားသည်ကို လိုက်ငေးနေသည်။ အတန်ကြာမှ

''ဒါ စု ငယ်ငယ်ကနေခဲ့တဲ့မြို့လေးတဲ့၊ သူ့အရိပ်အငွေ့တွေများ ခံစားရမလားဆိုပြီးလာခဲ့တာ''

ဟုပြောရင်း နှင်းယုဘက်သို့ လှည့်ကြည့်၏။

''မင်းအမျိုးသမီးကို ဧတွေ့လိုက်တော့ ငါ့စိတ်ထဲ

www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးဖြစ်သွားတယ်၊ စုက ခရီးသွားရာကနေ ပြန်လာသလိုမျိုး၊ ငါ့စိတ်ကိုငါ ညာပစ်လိုက်တယ်၊ မဟုတ်မှန်းသိရက်နဲ့က စုပဲလို့ ဖွတ်အတင်းယူဆလိုက်မိတယ်၊ ဒါပေမယ့် မင်းအမျိုးသမီး အင်း… စု ရဲ့ညီမလေးအဖြစ်ပြန် တွေ့ရတော့ ငါဝမ်းနည်းဝမ်းသာ ဖြစ်သွားတယ်၊ ရိုးရိုးသားသားစိတ်နဲ့ပါ''

''ငါနားလည်ပါတယ် သူငယ်ချင်းရယ်''

''စုက သူ့မှာ ညီမလေးတစ်ယောက်ရှိတယ်ဆိုတာကိုပဲ ပြောပြထားဖူးတယ်၊ တစ်ခါမှမတွေ့ဖူးခဲ့ဘူး၊ ညီအစ်မဆိုပေမယ့် အမြွှာတွေလိုရုပ်ချင်းဆင်လိမ့်မယ်လို့လည်း မထင်မိခဲ့ဘူးလေ''

ကျော်မိုးနှင့်နှင်းယုမှာ သူ့စကားကို ငြိမ်သက်စွာနားထောင်ရင်း စိတ်မကောင်းဖြစ်နေမိကြလေသည်။

''နှင်းယုလည်း ဒီကိုလာခဲ့တာ မမစုကို လွမ်းလို့လာခဲ့တာ၊ တိုက်တိုက်ဆိုင်ဆိုင် မမစုချစ်သူနဲ့လာဆုံရတယ်လို့၊ တိုက်ဆိုင်လိုက်တာနော်''

နှင်းယုစကားကြောင့် ကျော်စိုးမှာ ငေးငိုင်နေရာမှ



တစ်ချက်လှည့်ကြည့်ပြီး ပြုံးလာလေသည်။

''ဘာပဲဖြစ်ဖြစ် စုရဲ့ညီမလေးဟာ ငါ့ညီမလေးပဲပေါ့''

ကျော်စိုး၏မျက်နှာတွင် ပီတိဖြစ်နေသော အပြုံးကိုမြင်လိုက်ရသည့်အတွက် သူတို့လင်မယားနှစ်ယောက်လုံး ဝမ်းသာသွားကြလေသည်။ နှင်းယုမှာ ကျော်စိုးအားတွေ့ခါစကလောက် ရှိန်ခြင်း၊ကြောက်ခြင်းမရှိတော့ဘဲ အစ်ကိုရင်းတစ်ယောက်လို ကရုဏာသက်နေမိ၏။

www.burmeseclassic.com

www.burmeseclassic.com

တစ်ရက်တွင် ကျော်မိုးမှာ အလုပ်ကိစ္စနှင့်ထိုမြို့အနီးမှ နယ်သို့ခရီးသွားရလေသည်။ ထိုအခါ အိမ်တွင် ကျော်စိုးနှင့် နှင်းယုနှစ်ယောက်သာကျန်ရစ်ခဲ့၏။

တစ်ယောက်နှင့်တစ်ယောက် ပြောစရာစကားမရှိသလို ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်တိတ်ဆိတ်နေမိကြသည်။ စကားပြောပြန်လျှင်လည်း သင်းသင်းစုကိစ္စနှင့်ပတ်သက်ပြီး စိတ်မကောင်းစရာများသာ ဖြစ်နေသောကြောင့် တစ်ဦးနှင့်တစ်ဦး ဘာမှမပြောဘဲ ဆိတ်ဆိတ်နေကြခြင်းသာ အကောင်းဆုံးဖြစ်မည်ဟုတွေးကာ ကျော်စိုးမှာ ဝရန်တာတွင် ထိုင်ပြီး စီးကရက်တစ်လိပ်ပြီးတစ်လိပ် သောက်နေသည်။



နှင်းယုမှာလည်း အိမ်ထဲတွင် လုပ်စရာမည်မည်ရရ မရှိသည်နှင့် ခြံထဲရှိသစ်ပင်များကို ဟိုကြည့်သည်ကြည့် လုပ်နေရလေသည်။ ခြံစည်းရိုးဘေးတွင် ကင်းမုံသီးများပြွတ်ခဲနေအောင်သီးနေသည်ကို မြင်လျှင် ကျော်မိုးနှင့် စတွေ့စဉ်က အကြောင်းကိုသတိရကာ ပြုံးမိလေသည်။ ထိုစဉ် အိမ်ရှေ့ဝရန်တာတွင် ကုလားထိုင်နှင့်ထိုင်နေသော ကျော်စိုးက

"ညီမလေးနဲ့ ဟိုကောင်က ဘယ်မှာစတွေ့ကြတာလဲ"

ဟု လှမ်းမေးလိုက်ရာ နှင်းယုမှာ သူမစိတ်ထဲမှ အတွေးကို သူများမြင်နေရသလားဟု တွေးမိကာ ရှက်ရွံ့စွာ ပြုံးလိုက်မိတော့၏။

"ဘယ်မှာမှ မဟုတ်ဘူး၊ ဒီမှာပဲ ဟိုဖက်ကအိမ်လေးမှာ အစ်ကိုက ငှားနေတာလေ၊ နှင်းယုတို့တူဝရီးနှစ်ယောက်က ဒီအိမ်မှာဆိုတော့…"

"ဪ… ဒီကောင် ခက်ခက်ခဲခဲ ရှာလိုက်ရသားပဲ"

ဟုဆိုကာ ကျော်စိုးမှာ ဟက်ဟက်ပက်ပက် ရယ်၍

www.burmeseclassic.com

www.burmeseclassic.com



သာနေလေသည်။ ကျော်စိုးမှာ မရယ်ရတာ ကြာခဲ့ပြီထင်သည်။ ဘာမဟုတ်တာလေးကို အူလှိုက်သည်းလှိုက် ရယ်မောပစ်ဖို့ ကြိုးစားနေပုံမျိုးပင်။

"ဒါနဲ့ အစ်ကိုနဲ့မမ . . ."

အစ်ကိုနဲ့မမစုတို့ရော ဘယ်လိုစတွေ့ကြတာလဲ ဟု မေးမိမလိုဖြစ်ပြီးမှ မမေးဖြစ်တော့ဘဲ စကားကို တစ်ပိုင်းတစ်စနှင့် ရပ်ထားလိုက်လေသည်။ သို့သော် သူမ၏အရိပ်အကဲကို ခန့်မှန်းမိသွားသော ကျော်စိုးမှာ ခဏမျှ ငြိမ်သက်တွေဝေသွားပြီး အတိတ်ကို ကြည်နူးလွမ်းဆွတ်ကာ မြင်ယောင်တမ်းတမိသလို ပြုံးလိုက်မိ၏။

"အစ်ကိုလည်း စုနဲ့ ဒီလိုပဲ ရုံးသွားရုံးပြန်ရင်း တွေ့ကြတာပေါ့၊ အစ်ကိုက စာရင်းစစ်ရုံးမှာလေ၊ စုက လယ်စိုက်ရှင်းက မဟုတ်လား"

စကားဆိုလျှင် တိုးတိုးသက်သာဆိုပြီး သိမ်မွေ့နူးညံ့သော အပြုံးရေးရေးကို နှုတ်ခမ်းမှာချိတ်ဆွဲထားသည့် ကျော်စိုးမျက်နှာကို ပြန်ကြည့်ပြီး ဖြူစင်အေးချမ်းသော မမစုကို သတိရလာသည်။ မမစုသာရှိလျှင် သူတို့နှစ်ယောက်



ဘယ်လောက်တောင်လိုက်ဖက်ကြမလဲဟု နှမြောတသစွာ တွေးမိ၏။

မမစုသည်လှရုံမဟုတ်။ ယဉ်လည်းယဉ်သည်။ မမစုမျက်နှာသည် ခပ်တည်တည်နေလျှင်တောင် နှုတ်ခမ်းတွေက ပြုံးရိပ်သန်းနေတတ်သည်။ ပြီးတော့ နှင်းယုလိုမဟုတ်၊ သူ့ကိုယ်သူ ပြင်ပြင်ဆင်ဆင်နေတတ်သောကြောင့် မမစုအလှက ပိုပြီးပေါ်လွင်ပြည့်စုံ၏။

"အဲဒီတုန်းက စုကပြောတယ်၊ သူ့မှာ ညီမလေး တစ်ယောက်ရှိသေးတယ်တဲ့၊ သူ့ထက်ပိုလှတယ်လို့ ပြောသေးတာ၊ အစ်ကိုက စုလောက်လှမယ် မထင်ဘူးလို့တောင် ရယ်စရာပြောလိုက်မိသေးတယ်"

"ဟုတ်လား၊ အခုကျတော့ရော"

"စုပြောတာမှန်တာပေါ့၊ ငါ့ညီမကလှသားပဲ"

နှင်းယုပြုံးလိုက်မိသည်။ ကျော်စိုး၏ စိတ်သဘောထားပြည့်ဝပုံ၊ ရိုးသားပုံတို့ကိုမြင်ကာ ထိုသူနှင့်မှ ကံဆိုးစွာလွဲခဲ့ရသော မမစုအတွက် ယူကြုံးမရဖြစ်မိပြန်သည်။ ကျော်စိုးမှာ ဟန်ဆောင်ခြင်းလား၊ စိတ်ကို တင်းထားခြင်း

www.burmeseclassic.com

www.burmeseclassic.com



ကားမပြောတတ်၊ မမစုနှင့်ပတ်သက်သော အမှတ်တရ အကြောင်းအရာလေးများကို တစ်လုံးစနှစ်လုံးစပြောပြရှာလေသည်။ သို့သော် သူပြောပြပုံမှာ တစ်ဆက်တည်းမဟုတ်၊ မျက်လုံးထဲ ပြန်မြင်ယောင်ပြီး ပေါ်လာသောကိစ္စလေးတစ်ကွက်ကို ပြောလိုက်၊ နောက်ထပ်ပြန်စဉ်းစားလိုက်နှင့် ဖြည်းဖြည်းချင်း ပြောပြချင်းဖြစ်လေသည်။

"နေပါဦး၊ ကျော်မိုးရော လစာဘယ်လောက်ရတုံး၊ လောက်ရောလောက်ငှရဲ့လား"

ရုတ်တရက် စကားလမ်းကြောင်းပြောင်းပြီး စီးပွားရေးကိစ္စ ထမေးလိုက်သောကြောင့် နှင်းယုမှာ ခဏမျှအံ့ဩကာ ငြိမ်သက်သွားမိသေး၏။

"အင်း... ဒီလိုပါပဲ၊ ပိုတယ်လျှံတယ်တော့မဟုတ်ဘူးပေါ့၊ ဒါပေမယ့် လင်မယားနှစ်ယောက်တော့ ချောင်ချောင်လည်လည်သုံးရပါတယ်၊ အစ်ကို့သူငယ်ချင်းက ရသမျှတော့အကုန်အပ်ပါတယ်၊ ဟိုတစ်လောက ရာထူးတိုးတုန်းက လစာလုံးဝ မပေးလို့ နှင်းယုလည်း စိတ်ကောက်ပြီး သုံးရက်



လောက်စကားမပြောဘဲ နေပစ်လိုက်တယ်"

"ကျော်မိုးက ဘာတွေသုံးပစ်လို့တုန်း"

"ရာထူးတိုးလို့ ရုံးကအပေါင်းအသင်းတွေကို လိုက်ပြီး ကျွေးရမွေးရတယ်တဲ့လေ"

"သြော်... ဒီလိုလား"

ကျော်စိုးက သဘောကျစွာရယ်နေသည်။

"ဒါနဲ့ အစ်ကိုရော အလုပ်တစ်ခုခုလုပ်ဖို့ စိတ်မကူးတော့ဘူးလား"

နှင်းယုစကားအဆုံး ကျော်စိုးက ပြုံးရင်း ခေါင်းခါလေ၏။

"အလုပ်မလုပ်ဘဲ ဒီအတိုင်းနေမယ်ဆိုလည်း ဖြစ်ပါတယ်၊ လွန်ခဲ့တဲ့တစ်လလောက်တုန်းက ဘကြီးဆုံးလို့ဆိုပြီး ရှိတဲ့လယ်တွေ၊ ခြံတွေအကုန်လွှဲပေးခဲ့တယ်၊ အစ်ကို့အတွက်အမွေပေါ့၊ ဒါပေမယ့် အစ်ကိုမှ အဲဒါတွေစိတ်မပါတော့ဘဲကွာ"

ကျော်စိုးစကားကြောင့် နှင်းယုမှာ အားမလိုအားမရ ဖြစ်သွားဟန်နှင့်

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကလည်း စိတ်မပါဘူးရယ်လို့၊ ကိုယ့်စီးပွားရေး ပြီးတော့ မိဘလက်ငုတ်လက်ရင်းပဲ နှင်းယုတို့များ အဲလိုအမွေပေးမယ့်လူရှိလို့ကတော့"

ဟု ကျော်စိုးအား စီးပွားရေး၌ စိတ်ဝင်စားလာစေရန် ပြောလိုက်လေ၏။ ကျော်စိုးမှာ ဘာမှပြန်မပြောဘဲ ခပ်တွေတွေ လုပ်နေရင်းမှ တစ်ခုခုကို စဉ်းစားသလို မျက်မှောင်ကျုံ့ပြီး ငေးနေလေတော့သည်။

နောက်တစ်နေ့တွင် ကျော်စိုးမှာ ကျော်မိုးနှင့် ညဉ့်အတော်နက်သည်အထိ စကားပြောနေကြလေသည်။

ကျော်စိုးသည် ကောင်းကင်ကို မော့ကြည့်ကာ

"ဘာလိုလို့နဲ့ ဒီနေ့လဆန်းရှစ်ရက်တောင် ရောက်လာပြီနော်"

ဟု ခပ်တိုးတိုးပြောလိုက်၏။ ကျော်မိုးက နားမလည်သလိုကြည့်ပြီး

"ဘာဖြစ်လို့လဲ"

ဟု ပြန်မေးလိုက်သည်။

"စုသေတာ လမိုက်ညကွ ငါ့အဝတ်အစားတွေ

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ပြီး ငါ့အိပ်ရာပေါ်မှာသေတာ"

ကျော်မိုးက မျက်မှောင်ကျုံ့ရင်း ကျော်စိုးကို လှမ်းကြည့်လိုက်၏။

"မင်း ဆိုလိုတာက"

"ငါ လမိုက်ညရောက်တိုင်း အိမ်မက်ဆိုးတွေ မက်တာ မင်းသိတယ်မို့လား"

ဆယ်တန်းကျောင်းသားဘဝ ဆရာဦးစိုးတင့်အိမ်တွင် စာကျက်ရင်း အတူတူအိပ်ကြစဉ်က အိပ်မက်တွေမက်ပြီး ကယောင်ကတမ်း ထအော်သည်ကို အမှတ်ရလိုက်မိတာကြောင့် သူ ခေါင်းညိတ်ပြလိုက်သည်။

"ငါ့စိတ်ထဲမှာ စုသေရတာ ငါ့ပယောဂမကင်းဘူးလို့ ခံစားရတယ်"

"ဟာ... မင်းကလည်း မဟုတ်တာကွာ"

ကျော်စိုးစိတ်ထဲတွင် ထိုအစွဲကြီးရှိနေပါလားဟု သိလိုက်ရသော ကျော်မိုးမှာ စိတ်မကောင်းဖြစ်သွားပြီး အကြောက်အကန် ငြင်းဆန်ကန့်ကွက်ပစ်လိုက်မိသည်။

"ဘာပဲဖြစ်ဖြစ် လူဆိုတာ မွေးကတည်းက သူ့ကံနဲ့



သူ ပါလာကြပြီးသားပါကွာ၊ ဘယ်သူကြောင့် ဘယ်ဝါ့ကြောင့်လို့မှ ပြောမရတာ၊ လူတစ်ယောက်ကတစ်ယောက်ကို ကိုယ်ထိလက်ရောက် သတ်လိုက်တယ်ဆိုရင်တောင် ပြုသူကအသစ်၊ ဖြစ်သူကအဟောင်းပဲ၊ သတ်တဲ့လူက သူအကြောင်းနဲ့သူအသစ်၊ အသတ်ခံရတဲ့လူက ဟိုတုန်းကဝဋ်ကြွေးအဟောင်းကြောင့်ဖြစ်တာ၊ ဒီနေ့ဒီအချိန် ဒီလိုအကြောင်းနဲ့ သေရမယ်ဆိုရင် ရှောင်လွှဲလို့မှမရတာ၊ သူ့မှာဒီလိုဖြစ်ဖို့ အတိတ်ကအကြောင်း ပါလာပြီးသားပါကွာ၊ ဒါ တိုက်ဆိုင်မှုပါ"

"တိုက်ဆိုင်မှု၊ တိုက်ဆိုင်မှုတဲ့လား ငါ့ဘဝမှာ အဲဒီလိုဖြစ်ခဲ့တာတွေများပြီ၊ တိုက်ဆိုင်မှုလို့ မပြောချင်တော့ဘူး၊ အဲဒါကို ငါလက်မခံနိုင်တော့ဘူး၊ စုက ငါ့ကိုယ်စားဝင်ပြီး ခံစားခံသွားတယ်လို့ ငါထင်တယ်"

"တော်ပါတော့ကွာ၊ မင်း ဒါတွေ အခုထိစွဲလမ်းနေတုန်းပဲလား"

www.burmeseclassic.com

www.burmeseclassic.com



''ငါက တမင်စွဲလမ်းနေတာမဟုတ်ဘူး၊ အဲဒီအစွဲကြီးကို မေ့ပစ်ချင်နေတာကြာပြီ၊ မေ့လို့မှ မရတာ၊ ဘာလိုလိုနဲ့ လမိုက်ညရောက်တော့မယ်အင်း... ငါ့ဘဝရဲ့နောက်ဆုံးအချိန် နီးကပ်လာပြီပေါ့လေ''

''မင်း အဲလို လမိုက်ညတွေကို ထိုင်စောင့်နေတာလား ကျော်စိုး အဓိပ္ပာယ်မရှိလိုက်တာကွာ၊ မင်း အလုပ်တစ်ခုခုဝင်လုပ်ပြီး စိတ်ကို နှစ်မြှုပ်ထားသင့်တယ်၊ ဖြစ်လာမှဖြစ်ပါစေကွာ၊ ဘာမှကြိုမတွေးနဲ့၊ အလကားအဓိပ္ပာယ်မရှိတာ''

''ငါ အလုပ်တစ်ခုခုလုပ်ရင် တကယ်ပဲ အဲဒါတွေ မေ့ပျောက်သွားနိုင်လား''

''ဟာ... သေချာတာပေါ့၊ ဘာပဲပြောပြော စိတ်ထဲမှာ အလုပ်ရယ် တာဝန်ရယ်ဆိုတာရှိလာရင် အဲဒါကြီးကို ထိုင်တွေးနေဖို့ အချိန်မရတော့ဘူးပေါ့ကွာ''

သူ့စကားအဆုံး ကျော်စိုးက ဘာမှမပြောဘဲ ပြုံးရုံ



သာပြုံးနေလေသည်။

''မင်းမရှိတဲ့နေ့ကတောင် နှင်းယုနဲ့ငါ မင်းအကြောင်းတွေပြောဖြစ်သေးတယ်''

''ဟုတ်လား ထွေထွေထူးထူး ငါ့အကြောင်း ဘာရှိလို့လဲ''

''မင်း ရာထူးတိုးတဲ့အကြောင်း၊ လစာအကြောင်းပေါ့''

''သြော်... နှင်းယုက ငါ့ကို အပြစ်တင်နေသေးလား၊ အဲဒီလက ရုံးကမိတ်ဆွေတွေကို လိုက်ပြီး ကျွေးရတာနဲ့ ပိုက်ဆံပြန်မအပ်နိုင်ဘူးလေ၊ အဲဒါ မင်းကို တိုင်နေတာလား''

''မဟုတ်ပါဘူး သူစိတ်ကောက်မိတယ်ဆိုတာ ပြောပြတာ''

''သြော်... နှင်းယုက တော်ပါတယ်၊ အသုံးအစွဲ သိပ်ကျစ်လျစ်တာ၊ အဲဒါကြောင့်မို့လဲ ငါရတဲ့လခနဲ့ လောက်ငနေတာ၊ နို့မို့ဆို မလွယ်ပါဘူးကွာ''

ကျော်စိုးသည် တစ်စုံတစ်ခုကိုတွေး၍ ခပ်ဝေးဝေး

www.burmeseclassic.com

www.burmeseclassic.com



သို့ ငေးမောနေလေတော့၏။ ထို့နောက် လခြမ်းကွေးကွေး ကလေးကို မော့ကြည့်ကာ သက်ပြင်းတစ်ချက် ချလိုက်သည်ကို တွေ့လိုက်ရ၏။

✸

"အစ်ကို… အစ်ကို… သူမရှိတော့ဘူး၊ အစ်ကို ကျော်စိုးမရှိတော့ဘူး"

နှင်းယုအသံကြောင့် ကျော်မိုးမှာ အိပ်ပျော်နေရာမှ ရုတ်တရက် လန့်နိုးလာခဲ့လေတော့သည်။

"ကျော်စိုး ဘယ်သွားလို့လဲ၊ ဟိုနားဒီနားသွားတာ ဖြစ်မှာပါကွာ၊ စိတ်မပူပါနဲ့"

ကျော်စိုးမှာ သူနှင့် ညကအေးအေး ဆေးဆေး စကားထိုင်ပြောခဲ့စဉ်က ဘယ်မှသွားမည်လာမည်ဟု မပြော ခဲ့သောကြောင့် စိတ်ထဲခပ်အေးအေးပင်။

"မဟုတ်ဘူး အစ်ကိုရဲ့၊ သူအပြီးထွက်သွားတာ ဟောဒီမှာ သူထားခဲ့တဲ့စာ"

"ဟင်… ဟုတ်လား ပြစမ်းပါဦး"



ကျော်မိုးသည် နှင်းယုလက်ထဲမှ စာရွက်ခေါက် ကလေးကို တအံ့တသြ ဆွဲယူဖတ်ကြည့်လိုက်လေသည်။

ကျော်မိုး

ငါထွက်သွားပြီ၊ မင်းတို့နဲ့နေခဲ့ရတဲ့တစ်ပတ်ကို ငါ့ တစ်သက်လုံး အမှတ်ရနေမှာပါ၊ ငါ့ဘဝ မှာ မင်းတို့လွဲရင် တခြားခင်တွယ်စရာ ဘာမှမရှိသလို ဘယ်သူမှလည်းမရှိတော့ပါဘူး၊ ငါ့ဘဝကို အတတ်နိုင်ဆုံး တည်တည်ငြိမ်ငြိမ်နဲ့ အဖြေတကျဖြစ်အောင် ကြိုးစားရဦးမယ်

နှင်းယုကိုလည်း ပိုပြီးစောင့်ရှောက်ပေးပါ၊ သူ့ကို ငါ့ ညီမရင်းလေးလိုပဲ သဘောထားမိတယ်၊ ငါပြောချင်တာကတော့ မင်း ချစ်တာထက် ပိုပြီးဂရုစိုက်ပေးပါ။

မင်းကို ငါပြောရဦးမယ်၊ အဲဒါဘာလဲဆိုတော့ ငါ အခု အလုပ်တစ်ခုပြန်လုပ်တော့မယ်လို့ ဆုံးဖြတ်လိုက်တယ်၊

ပြီးတော့ မင်းတို့အတွက် လက်ဆောင်တစ်ခုပေးခဲ့တယ်၊ အဲဒါကတော့ မင်းအင်္ဂလန်သွားဖို့ပဲကွာ၊ နှုတ်မဆက် ဘဲ ထွက်သွားမိတာကို လည်း ခွင့်လွှတ်ပါ၊ မင်းတို့ မိတ်ဆွေကောင်းဖြစ်မှာမို့လို့ နှုတ်မဆက် တာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဟု လိုရင်းသာရေးထားခဲ့ပြီး အောက်တွင် ကျော်စိုး ဟူသော လက်မှတ်ကိုသော်မျှ ရေးထိုးမသွားခြင်းမှာ ကျော်စိုး ၏ စိမ်းကားပြတ်တောက်မှုပေလား၊ အလေးမထားခြင်းပေ လား ခွဲခြားမရခဲ့ချေ။

သေချာတာကတော့ ကျော်စိုးကို သူတို့တားဆီးခွင့် ပင် မရလိုက်ခြင်းဖြစ်သည်။ ထို့ပြင် သူသွားမည့်နေရာဒေသ ကိုလည်းပြောမသွားခဲ့ဘဲ အလုပ်တစ်ခုပြန်လုပ်တော့မယ် ဟူသော စကားတစ်ခွန်းနှင့်သာ သူတို့၏ စိုးရိမ်ပူပန်မှုတွေကို လျော့ပါးသက်သာသွားစေခဲ့သော ကျော်စိုးအား သူရော နှင်းယုပါ နားမလည်နိုင်ကြတော့ချေ။

ထိုနေ့ညနေတွင် သူတို့လင်မယားနှစ်ယောက်မှာ ခွင့်ရက်စေ့နေပြီဖြစ်သဖြင့် မြို့သို့ပြန်ရန် ပြင်ဆင်နေခိုက် ခြံထဲသို့ အသက်လေးဆယ်ကျော်ခန့်သာ ရှိဦးမည့်လူကြီး တစ်ဦး လက်ဆွဲအိတ်အနက်လေးဆွဲရင်း ခြံထဲသို့ ဝင်လာ သည်ကိုတွေ့လိုက်ရ၏။

"ဒါ မောင်ကျော်မိုးတို့ မနှင်းနှင်းယုတို့အိမ် ဟုတ် ပါတယ်နော်"

"ဟော် ဟုတ်ပါတယ်ခင်ဗျာ၊ ဒါပေမယ့် ကျွန် တော်တို့က မနက်ဖန်ပဲ ကျွန်တော်တို့မြို့ကို ပြန်ကြ တော့မှာ"

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားအတွက် ထိုလူကြီးက မည်သို့မျှအံ့သြဟန်မပြဘဲ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်ရင်း လက်ဆွဲအိတ်ထဲမှ စာရွက်စာတမ်းအချို့ကိုထုတ်ရင်း

''သိပါတယ်ကွယ် ဒါကြောင့်မို့ ဦးလေး အမှီလာခဲ့ရတာ၊ ဦးလေးက မောင်ကျော်စိုးရဲ့ ပိုင်ဆိုင်သမျှ မြေယာတွေ ခြံတွေကို ထိန်းသိမ်းပေးထားရတဲ့ ရှေ့နေဦးခင်တိုးပါ၊ ဒီမှာ မောင်ကျော်စိုးက သူပိုင်ဆိုင်တဲ့ အမွေတွေအားလုံး လွှဲပေးလိုက်ပါဆိုလို့''

''ဟင်''

''ဗျာ''

နှင်းယုရောသူပါ အလွန်အံ့သြသွားခဲ့ကြသည်။ စာထဲတွင် ကျော်စိုးပြောခဲ့သော လက်ဆောင်မှာ တခြားမဟုတ်ဘဲ ပိုင်ဆိုင်မှုစာချုပ်များဖြစ်နေသည့်အတွက် မယုံနိုင်အောင်ပင် ဖြစ်သွားရ၏။ နှင်းယုက ဝမ်းသာခြင်းလား ဝမ်းနည်းခြင်းလား ဝေခွဲမရသောမျက်နှာနှင့် သူ့အား ဖျတ်ခနဲ မော့ကြည့်လာလေသည်။ အမွေလွှဲပြောင်းစာချုပ်များ ဆက်ခံမည့်သူဘက်မှ စာချုပ်များပေါ်တွင် လက်မှတ်ထိုးလိုက်



ရသော ကျော်မိုးမှာ အိပ်မက်မက်နေသလား၊ တကယ်လားဟု ခွဲခြားမရနိုင်ဘဲ ဇဝေဇဝါဖြစ်နေမိလေသည်။

ရှေ့နေကြီးပြန်သွားသည်အထိ သူတို့လင်မယားနှစ်ယောက်မှာ အံ့သြမှင်တက်ပြီး အတန်ကြာအောင် စကားမပြောနိုင်ကြချေ။

''နှင်းယု… နှင်းယုစိတ်မကောင်းလိုက်တာ အစ်ကိုရယ်၊ အစ်ကိုကျော်စိုးက ဒါတွေဘာလို့လွှဲပေးသွားတာလဲ၊ သူသက်ရှိထင်ရှား ရှိနေသေးဘာကို နှင်းယုတို့က ဒါတွေလက်ခံထားလို့ ကောင်းပါ့မလားဟင်''

''အစ်ကိုလည်း မပြောတတ်တော့ပါဘူး၊ သူစိတ်ချမ်းသာသလို လုပ်သွားတဲ့ကိစ္စပဲ၊ အစ်ကိုလည်း ဒီချမ်းသာကြွယ်ဝမှုတွေ မမက်ပါဘူး၊ မရှိပေမယ့်လိုလည်းမလိုချင်ပါဘူး၊ ကျော်စိုးစီစဉ်တဲ့အတိုင်းဘာမှမကန့်ကွက်၊ မဆန့်ကျင်ဘဲ လက်ခံလိုက်တာ၊ စာရွက်ပေါ်က လက်မှတ်က အစ်ကို့အတွက် ဘာအချည်နှောင်မှုမှမပါဘူး၊ သူအလိုရှိတဲ့တစ်နေပြန်ပေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်မှာပါ''

''အစ်ကိုကျော်စိုးက ပြန်လာတောင်းလိမ့်မယ်လို့ အစ်ကိုထင်နေသလား''

သူ့ ဘာမှမပြောတတ်တော့သလို ခေါင်းကိုသာ တွင်တွင်ခါရမ်းပြလိုက်မိသည်။

''အစ်ကိုတော့ သူ့ကိုနားမလည်နိုင်အောင် ဖြစ်နေပြီ''

ကျော်စိုးသည် သူ့ဘဝသူ အဆုံးစွန်ထိ တွေးသွားပြီလားမပြောတတ်။ ထိုပိုင်ဆိုင်မှုများကို လွှဲပေးလိုက်သည့်နေ့မှစ၍ ကျော်စိုးကို လုံးဝမတွေ့ရတော့ချေ။ သတင်းစုံစမ်းသော်လည်း လုံးဝအစအနပျောက်သွားခဲ့လေတော့၏။

တစ်နှစ်ခန့်ကြာသောအခါ ကျော်မိုးမှာ မြေတိုင်းဦးစီးဌာနမှ အလုပ်ထွက်လိုက်ပြီး ကျော်စိုးပေးထားခဲ့သော တောမှ လယ်ယာမြေများကို ရောင်းချကာ ကိုယ်ပိုင်စီးပွားရေးတစ်ခု လုပ်ကိုင်ရန် အခြေချပြောင်းလာလေသည်။ ကျော်စိုး၏ စိတ်မှန်သော စေတနာကြောင့်လား၊ ခံစားထိုက်သောကြောင့်လားမသိ၊ ကျော်မိုးနှင့် နှင်းယုမှာ တဖြည်းဖြည်း ချမ်းသာလာခဲ့တော့၏။



တစ်နေ့တွင် ကျော်မိုးမှာ ကားတစ်စီးဝယ်ရန် မြို့ထဲသို့ ပွဲစားများနှင့်သွားရောက်စုံစမ်းပြီးပြန်အလာတွင် အိမ်၌ နှင်းယုကို မတွေ့ရဘဲ ဧည့်သည်တစ်ဦး ရောက်နေသည်ကို ခြံဝမှလှမ်းတွေ့ရလေသည်။ ထိုဧည့်သည်သည် သူဝင်လာသည်ကိုမမြင်၊ အိမ်ရှေ့ဧည့်ခန်းတွင် ထိုင်ကာ စာအုပ်တစ်အုပ်ကို သည်းကြီးမည်းကြီး ငုံ့ဖတ်နေ၏။

သူ ရုတ်တရက် အိမ်ထဲကိုဝင်သွားသောအခါ ထိုလူသည် စာအုပ်ကို ပိတ်လိုက်ပြီး

''ဟော့ကောင်… ကျော်မိုး''

ဟု ဝမ်းသာအားရ အော်လိုက်လေတော့၏။

''ဟာ ကျော်တိုး မင်းဘယ်ကမျက်စိလည်လာသလဲဟင်၊ အခုမှပဲ ပေါ်လာတော့တယ်''

သူ့ ဝမ်းသာအားရပြောရင်း အိမ်ထဲသို့ ငဲ့ကြည့်ကာ

''နှင်းယုရေ… နှင်းယု''

''နှင်းယုမရှိဘူး သူငယ်ချင်း၊ ခုလေးတင် မူးလို့ဆိုပြီး ဟိုဖက်အိမ်က အဒေါ်ကြီးနဲ့ ဆေးခန်းသွား

www.burmeseclassic.com

www.burmeseclassic.com



ဘယ်''

ကျော်တိုးစကားကြောင့် သူ အံ့အားသင့်သွားသည်။

''ဟင် ဟုတ်လား ငါနေ့လည်ကထွက်သွားတုန်းက အကောင်းပါ၊ အခုမှ ဘယ်နှယ့်ထဖြစ်ရတာတုံး၊ ကေနွ ငါ့မိန်းမ မင်းမျက်နှာမြင်ပြီး လန့်သွားတာလားမသိဘဲ''

ကျော်မိုး၏ရွှတ်နောက်နောက် ပြောဟန်ကြောင့် ကျော်တိုးက ရယ်နေသည်။

''အေး ငါရောက်ပြီး ခဏနေတော့ မူးသလိုလိုပဲ ဆိုပြီး အန်တယ်၊ အဲဒါ ဟိုဖက်အိမ်က အဒေါ်ကြီးရောက်လာပြီး ပြုစုပေးလို့ သက်သာသွားတယ်၊ ပြီးနှ ဟိုအဒေါ်ကြီးက ဘာပြောတယ်မသိဘူး၊ ဆေးခန်းသွားဦးမယ်ဆိုပြီး ထွက်သွားတာပဲ''

''ကောင်းရော၊ ညွှသည်ကို တစ်ယောက်တည်းထားပစ်ခဲ့တယ်''

''ဟာ… ဒါ ကျွန်းမာရေးကိစ္စပဲ ငါက ဘာအရေးကြီးသ ာမှတ်လို့ ဒါနဲ့ငါ့စိတ်ထဲ တစ်ခုခုပဲလို့



ထင်တယ်''

ကျော်တိုးစကားကြောင့် သူမျက်မှောင်ကျုံ့လိုက်မိ၏။

''ဘာတစ်ခုခုလဲကွ''-

''ဟို… မင်းကလေးအဖေ ဖြစ်တော့မလားမသိဘူး''

''ဟေ''

ကျော်မိုးမျက်နှာက ပြုံးဖြီးဖြီးဖြစ်သွားပြီးမှ ရှက်ကိုးရှက်ကန်းနှင့်

''ဟာ…. မင်းကလည်း သေသေချာချာလည်း မသိဘဲနဲ့''

''ကာယကံရှင်လောက်တော့ မသေချာဘူးပေါ့ကွာ၊ ဒါပေမယ့် နှင်းယုကြည့်ရတာတစ်မျိုးပဲ''

''ဟေ့ကောင် တော်တော်.. မင်းကဘယ်မှာ ဝမ်းဆွဲသည်လုပ်ဖူးလို့လဲ၊ ငါအိမ်ထောင်သည်တောင် မသိဘဲ မင်းလိုလူပျိုက ဒါတွေဘယ်လိုလုပ်သိမှာလဲ''

www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ.. မင်းလို ငတုံးမှတ်နေလား၊ ကိုယ့်မိန်းမကိုယ် ဘာဖြစ်လို့ဖြစ်မှန်းမသိဘူး၊ ဒါမျိုးက အသိသာကြီး၊ ဘာမှအရိပ်အကဲ မခတ်တတ်ဘဲနဲ့"

ကျော်တိုးစကားအဆုံး ကျော်မိုးက တဟားဟား အော်ရယ်ရင်း

"အေးပါ... ဟုတ်ရင်ဟုတ်၊ မဟုတ်ရင်တော့ မင်းအသိဘဲ"

ဟု ကြိမ်းလိုက်၏။

"အောင်မာ... မင်းမိန်းမ ကိုယ်ဝန်ရှိတာ မရှိတာ ငါနဲ့ဘာဆိုင်တုံး"

"ဆိုင်တာပေါ့ကွ၊ မင်းက ဟုတ်သလိုလို ဘာလိုလို ပြောထားတော့ ငါက ရင်တွေဘာတွေ ခုန်သွားတာ မဟုတ်ဘူးဆိုမှ"

ကျော်တိုးသည် ဘာမှပြန်မပြောတော့ဘဲ ငြိမ်သက်နေပြီးမှ

"မင်းတို့ အဆင်ပြေနေတာမြင်တော့ ဝမ်းသာတယ်ကွာ"



ဟု ပြောလိုက်ရာ ကျော်မိုးမှာကျော်စိုးကို ဖျတ်ခနဲ သတိရသွားတော့၏။ ကျော်စိုးဆီစဉ်သွားခဲ့တာတွေလို့ပြောမည်ကြံနိုက် ကျော်တိုးက

"ဒါနဲ့ မင်း ကျော်စိုးသတင်း ကြားပြီးပြီလား"

ဟု ထမေးလိုက်လေသည်။

"ဟင့်အင်း လုံးဝကို စုံစမ်းလို့မရတာ ၊အလုပ်က ထွက်ပြီး သူ့ကို ငါလိုက်ရှာသေးတယ်"

ကျော်တိုး မျက်လုံးအစုံက ရုတ်တရက် ရီဝေဆွေးမြေ့သွားသည်။

"ကျော်စိုး သေသွားပြီကွ"

"ဘာ"

ဝမ်းနည်းကြေကွဲခြင်း၊ အံ့သြထိတ်လန့်ခြင်းတို့အပြင် မယုံကြည်နိုင်ခြင်းက သူ့ရင်ကို လှုပ်ခတ်သွားသည်။ ကျော်စိုး၏နှုတ်မှ သေခြင်းအကြောင်းကို စိတ်ပျက်ညစ်ညျူးစွာ အကြိမ်ကြိမ် ကြားခဲ့ရဖူးသည်။ သို့သော် သူကိုယ်တိုင် ဤသို့ စောစီးစွာ သေဆုံးခဲ့လိမ့်မည်ဟု သူရောကျော်တိုးပါ မထင်မှတ်၊ မယုံကြည်ခဲ့ကြချေ။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကျော်မိုး၊ သူဆုံးတာ ကိုးလကျော်ပြီ"

"ဘယ်လိုဖြစ်ရတာလဲကွာ"

"သူ ပုဂ္ဂလိကလုပ်ငန်းတစ်ခုမှာပဲ စာရင်းကိုင်ဝင်လုပ်တယ် သူလုပ်တဲ့ကုမ္ပဏီက ဆောက်လုပ်ရေးလုပ်ငန်းလုပ်တာလေ၊ သူသေတော့ ဘယ်လိုသေသွားတ [illegible]လဲ"

ကျော်မိုးမှာ မှ သုံးအပြုံးသားနှင့် ခေါင်းကိုသာခါနိုင်တော့သည်။

"သူ မြေပိပြီး သေတာကွ"

"ဘာ… မြေပိပြီးသေတာ ဟုတ်လား"

"ဟုတ်တယ် ကျော်စိုးက မြေနဲ့လုံးဝ ကင်းကင်းရှင်းရှင်း နေချင်တဲ့ကောင်၊ ဒါပေမယ့် သူသေတော့ မြေပိပြီးသေသွားရတာ သူတို့ကုမ္ပဏီက သဲတွေဘိလပ်မြေတွေ စာရင်းကွာလို့ အလုပ်ဆိုဒ်ထဲ လိုက်သွားပြီးစစ်တာ တိုက်အပေါ်ဆုံးထပ်ကို အတက်မှာ ဆောက်လက်စတိုက်ဆိုတော့ လှေကားတွေ



ငြမ်းတွေက ရှုပ်ယှက်ခတ်နေတာ

အဲဒီမှာ အစွန်းက ပြုတ်ကျတာပဲ၊ သူကျသွားတဲ့နေရာက ဖွက်အိုင်ဆိုတော့ အသက်မသေဘူး၊ ကျိုးရုံပဲ့ရုံလောက်ဖြစ်တာ၊ ဒါပေမယ့် သူအဲဒီလိုပြုတ်ကျတဲ့အချိန် အားလုံးစိုးရိမ်တကြီး ဆင်းပြေးလာတုန်း အဲဒီမှာဝန်ချီစက်တွယ်ထားတဲ့ ဘိလပ်မြေစက် ပြုတ်ကျတော့တာပဲ၊ အပေါ်က မြေပွတွေ သဲတွေ သူ့အပေါ်ပြုတ်ကျပြီး သတိလစ်နေတဲ့သူ့ကိုယ်ပေါ် မံလိုက်သလို ဖြစ်သွားတာ"

"ကျွတ်… ဖြစ်မှဖြစ်ရလေကွာ"

ကျော်မိုး၏ မချိတင်ကဲ ရေရွတ်သံအဆုံး ကျော်တိုးက ရှေ့ဆက်ပြောရန် ဟန်ပြင်ပြီးမှ ခြံထဲသို့ ဝင်လာသော နှင်းယုကိုမြင်ကာ ဘာမှမပြောဖြစ်တော့ချေ။

"အဲဒီမှာ ထူးခြားတာက"

ကျော်တိုးက နှင်းယုကို တစ်ချက်လှမ်းကြည့်လိုက်ပြီး

"ဒီအကြောင်းတွေ နှင်းယုကိုအခုမပြောပါနဲ့ဦးကွာ

www.burmeseclassic.com



ဒီလိုအချိန်ကြီးမှာ အမင်္ဂလာစကားတွေ မပြောသင့်ဘူး"

ဟု ခပ်တိုးတိုး လှည့်ပြောလိုက်၏။

"နှင်းယု ဒီကောင်ပြောတာဟုတ်လား"

ကျော်မိုးစကားကြောင့် နှင်းယုမှာ ကြောင်သွားသည်။ ဇဝေဇဝါပုံစံနှင့် ကျော်တိုးဘက်ကို လှည့်ကြည့်ပြီး

"ဘာကိုလဲဟင်"

ဟု ပြန်မေးလေသည်။ ကျော်တိုးက ကျော်မိုးကို ခပ်တိုးတိုးလှမ်းဆဲလိုက်၏။

"ဟို... အစ်ကို ကလေးအဖေဖြစ်တော့မလားလို့"

"အို... အစ်ကိုကလည်း ဘာမှန်းမသိဘူး"

နှင်းယုမှာ ရှက်ကိုးရှက်ကန်းနှင့် အိမ်ခန်းထဲသို့ ပြေးဝင်သွားလေတော့သည်။ ထိုအခါ ကျော်မိုးမှာ ဒါဆိုသေချာပြီဟုဆိုရင်း အခန်းထဲသို့ လိုက်ဝင်သွားတော့၏။ ထို့ကြောင့် ကျော်တိုးအကြောင်း ဆက်မပြောဖြစ်တော့ချေ။

တစ်စတစ္စနှင့်ချင်း ရွေ့လျားပြောင်းလဲလာသော အချိန်နာရီများသည် နေ့ရက်အဖြစ် ဆင်ပွားဖွဲ့တည်ရင်း လပေါင်းများစွာကြာလာခဲ့သောအခါ နှင်းယုမှာ သားဦးလေးကိုမွေးဖွားခဲ့လေတော့၏။ ကျော်မိုးမှာ ပထမဦးဆုံးကလေးလည်းဖြစ်၊ သားယောကျ်ားလေးလည်းဖြစ်သောကြောင့် နှင်းယုနှင့် သားလေးအားမှမခွာနိုင်တော့ချေ။

"အစ်ကို့အလုပ်တွေ သူများနဲ့လွှဲထားရတာကြာပြီနော်၊ အလုပ်လည်းသွားကြည့်ဦး၊ ကလေးနားချည်းကပ်မနေနဲ့"

နှင်းယုစကားကြောင့် ကျော်မိုးမှာ နှစ်လမပြည့်

www.burmeseclassic.com

www.burmeseclassic.com



သေးသော သားငယ်လေးကို မြူနေရင်းမှ လှည့်ကြည့်လာသည်။

"အံမယ် နှင်းယုကတော့ ပြောအားရှိတာပေါ့၊ ကိုးလဆယ်လမိုက်ထဲထည့်ထားရတာကိုး၊ အစ်ကိုကအပြင်ရောက်မှ သေသေချာချာကြည့်ရတာ၊ တစ်လနှစ်လလောက်ပဲရှိသေးတာ၊ ဘယ်လိုလုပ်နှာနိုင်မှာလဲ"

"တော်ပါ ပိုကိုပိုတယ်၊ ဗိုက်ထဲထည့်ထားရတုန်းက နှင်းယုက သားမျက်နှာကို မြင်ရလို့လား"

"မမြင်ရပေမယ့် အဲဒီအချိန်တုန်းက နှင်းယု ဘယ်သွားသွား သားလေးက ဗိုက်ထဲမှာပါတယ်လေ၊ မမြင်ရလည်း အတူတူနေရဝဘက ကိုယ့်ထက်အခွင့်အရေးသာတာပေါ့၊ နော့.. မဟုတ်ဘူးလား သားရယ်"

ကျော်မိုးစကားအဆုံး နှင်းယုက မျက်စောင်းထိုးလိုက်ပြီး

"အမလေး အဲဒီအခွင့်အရေးပေးလို့ရရင် ပေးချင်



တယ်နော်၊ နောက်တစ်ခါ အစ်ကို့ဗိုက်ထဲထည့်ထား"

ဟုပြောလိုက်ရာ ကျော်မိုးမှာ သဘောကျသွားပြီး တဟားဟားနှင့် အော်ရယ်နေလေသည်။

"ဟား… ဟား ထည့်ထားလို့ရင် ထည့်ထားမှာပေါ့၊ ဒါပေမယ့် ဗိုက်ကြီးတကားကားနဲ့ ဆန်စက်ထဲပြေးလိုက်၊ သစ်ခွဲစက်ဆီပြေးလိုက်ဆိုရင်တော့ မဖြစ်ဘူးကွ၊ အစ်ကိုကဘာမှမဖြစ်ဘဲ အထဲကကလေးက မွေးလာရင် အူဝဲလို့မအော်ဘဲ စက်သံလို တထုန်းထုန်းအော်ပြီး ထွက်လာမှဒုက္ခ"

ဒီတစ်ခါတော့ နှင်းယုက ခစ်ခနဲရယ်လေသည်။ မှိန်းနေရာမှ သူ့အသံကြောင့် သားမှာ မျက်လုံးလေးဖွင့်ကြည့်ကာ အဲ့ခနဲအော်လိုက်၏။

"ဟော သားတောင် ဖေဖေပြောတာကို သဘောကျပြီး ရယ်နေပြီနော်၊ သားက ရယ်တတ်နေပြီ"

"အို… ဘာတွေလျှောက်ပြောနေတာလဲ၊ သားက ဘယ်လိုလုပ်ရယ်တတ်ဦးမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



''ဘာလို့မရယ်တတ်ရမှာလဲ၊ ယောာ… ယောာ ပြောရင်းဆိုရင်း အစ်ကို့ကို ကြည့်ပြီးပြုံးနေပြီ''

ကလေးမှာ နို့စို့ရန်ပါးစပ်တပြင်ပြင်လုပ်နေပြီး မအေ့နို့ကို လိုက်ရှာနေသလို မျက်လုံးလေးလည်ရင်း လိုက်ကြည့်နေသေးသည်။ ကျော်စိုးမှာကလေးကို သေသေချာချာစူးစိုက်ကြည့်ရင်းမှ

''နှင်းယုရေ ကြည့်စမ်း အစ်ကိုတို့သားလေးက တစ်ခုခုကိုပြောချင်နေပုံရတယ်ကွ၊ ပါးစပ် တပြင်ပြင်နဲ့ မျက်လုံးလေးတွေကလည်း လူကြီးလေးလိုပဲ၊ ကိုယ့်ကိုလိုက်ကြည့်နေတယ်''

ဟုပြောလေ၏။

''မဟုတ်တာ အစ်ကိုကလည်း…၊ သားက နို့ဆာလို့ ပါးစပ်ပြင်နေတာ''

''သားမျက်လုံးတွေက ဘယ်သူနဲ့တူမှန်းလည်း မသိဘူး၊ ရယ်လိုက်ပြုံးလိုက်ရင်လည်း မေးစေ့မှာ အချိုင့်ရာကလေးနဲ့၊ ဒီလိုမျက်နှာမျိုးဟာ … ဟုတ်ပြီ၊ ဒါ‥ ဒါကျော်စိုးရဲ့ မျက်လုံးတွေ၊



ကျော်စိုး မေးစေ့မှာလည်း ဒီလိုအချိုင့်ရာလေး ပါတယ်''

တစ်ယောက်တည်း တိုးတစ်ခါကျယ်တစ်လှည့် တီးတိုးရေရွတ်လိုက်သော ကျော်မိုးအသံဒ ဆုံးတွင် နှင်းယုက အထိတ်တလန့်မော့ကြည့်ရင်း

''ဘယ်လိုပြောလိုက်တယ်၊ နှင်းယုတို့သားလေးက အစ်ကိုကျော်စိုးနဲ့တူတယ် ဟုတ်လား''

ဟု နားမလည်နိုင်စွာ ပြန်မေးလေသည်။

''ဟုတ်တယ် နှင်းယု၊ အစ်ကိုတို့သားက ကျော်စိုးဝင်စားတာ''

''ဒါတွေ ဘာလို့… ဘာလို့ နှင်းယုကို အစက မပြောခဲ့တာလဲ၊ အစ်ကိုကျော်စိုးကရော ဘယ်တုန်းက ဆုံးသွားလို့''

နှင်းယုသည် စကားကို ဆက်မပြောနိုင်ဘဲမျက်ရည်များ တစ်လိမ့်ချင်းစီးဆင်းကျလာလေတော့၏။

''ဒီကိုကျော်တိုးလာတုန်းက အစ်ကိုသိရတာ၊ နှင်းယုကို ပြောပြချင်ပေမယ့် ကိုယ်ဝန်ရှိခါစမှာ

www.burmeseclassic.com

www.burmeseclassic.com



ဒီလို အမင်္ဂလာသတင်းတွေကို မကြားစေချင်လို့ မပြောခဲ့တာ၊ အခုလည်းဘာထူးလဲ၊ နှင်းယု သွေးနုသားနုနဲ့၊ စိတ်ဆင်းရဲအောင်ပြောမိပြီ''

''မဟုတ်တာအစ်ကိုရယ်၊ အစ်ကိုကျော်မိုးဆုံးတဲ့ကိစ္စ နှင်းယုကို ဘယ်အခြေအနေပဲဖြစ်ဖြစ် ဖွင့်ပြောသင့်တယ်၊ နှင်းယုရဲ့အစ်မရင်းတစ်ယောက်လုံးကိုတောင် လက်လွှတ်ဆုံးရှုံးခဲ့ရပြီးပြီ၊ အခုကိစ္စကို ဘာလို့ ဒီအချိန်အထိ ဖုံးထားရတာလဲ''

''အစ်ကိုပြောပြီးပြီလေ၊ နှင်းယု တရားနဲ့ဖြေနိုင်တယ်ဆိုတာအစ်ကိုသိတယ်၊ ဒါပေမယ့် ဒီလိုအချိန်မှာ မပြောသင့်ဘူးထင်လို့ မပြောခဲ့တာလို့''

နှင်းယုသည် တသိမ့်သိမ့် ငိုရှိုက်ရင်းမှ ကျော်မိုး၏မျက်နှာကို မော့ကြည့်ပြီး တစ်စုံတစ်ခု ပြောဖို့ဟန်ပြင်လိုက်စဉ် သားလေးထံမှ အဲ့ခနဲ ငိုသံထွက်လာသောကြောင့် ကလေးကိုသာ ကပျာကယာ ကောက်ပွေ့လိုက်ရသည်။ ကလေးက တဝါးဝါး ထငိုတော့၏။

''ဝါး… ဝါး..''



''အို… တိတ်ပါသားရယ်၊ မေမေ့သားလေး နို့ဆာနေပြီကိုး၊ အိုး… ကျွတ်… ကျွတ်''

ကလေးငိုသံ၊ နှင်းယု၏ ချော့မြူသံတို့ဖြင့် သူတို့နှစ်ဦး၏စကားဝိုင်းလေးက ပြတ်တောက်သွားခဲ့သည်။ သူအခန်းထဲတွင် ဆက်ထိုင်နေလျှင်နှင်းယုက အပြစ်တင်နေဦးမည်ဖြစ်သောကြောင့် နို့စို့နေသောသားလေးကို တစ်ချက်ကြည့်ကာ အခန်းထဲမှ ထွက်လာခဲ့၏။

အိမ်ရှေ့တွင်ထိုင်ရင်း ကျော်မိုးအကြောင်းကို စဉ်းစားနေစဉ် အိမ်ရှေ့မှ စက်ဘီးဘဲလ်သံကို ကြားရသောကြောင့် လှမ်းကြည့်လိုက်မိရာ စာပို့သမားမောင်ဝင်းကျော်ဖြစ်နေသည်ကို တွေ့လိုက်ရလေတော့သည်။

''ကိုကျော်မိုး စာဗျ''

''စာမှန်းတော့ သိတာပေါ့''

သူ့ရဲ့ခပ်ဆတ်ဆတ်အော်သံအဆုံး မောင်ဝင်းကျော်က တဟဲဟဲရယ်ရင်း သူ့ရှေ့ကခုံတွင် ခပ်တည်တည်ဝင်ထိုင်သည်။

''ဒီတစ်ခါတော့ ခင်ဗျားသူငယ်ချင်း ဇော်မိုး

www.burmeseclassic.com



တဲ့ဗျ၊ ဟောဒီမှာ''

မောင်ဝင်းကျော်က စာကို လှမ်းပေးပြီး ထမသွားသေးတဲ့ ဟိုလိုလိုဒီလိုလိုနှင့် ဆက်ထိုင်နေလေသည်။ ဤသည်မှာ သူ့အကျင့်ပင်။ စာတစ်စောင်လာပို့ပြီးတိုင်း နောက်တစ်အိမ် ဆက်မသွားသေးဘဲ မယောင်မလည်နှင့် စပ်စုနေတတ်သည်။ ကျော်မိုးမှာ သူ့ကိုဂရုစိုက်မနေနိုင်။ ကျော်တိုးထံမှစာကိုသာ စိတ်ဝင်တစား ဖွင့်ဖတ်ကြည့်ခဲ့လေသည်။

ကျော်မိုး

လွန်ခဲ့တဲ့ ရှစ်လလောက်က ပြောလက်စ စကားတစ်ခုကို မှတ်မိသေးရဲ့လား၊ ကဲဒီတုန်းက နင်းယု သိမှာမိုးလို့ [illegible] ပြောပြခဲ့တာလေ [illegible] ခံရသေးတယ်

မင်းတို့ဆီက ပြန်လာပြီး သိရတာတွေရောပေါ့၊ ကျော်မိုး သေတုန်းက ရှုံ့ရှုံ့သွန်းသွန်းဖြစ်တာ တစ်ခုရှိတယ်၊ သူဖြစ်ဖြစ်ချင်း [illegible] မြော့မြော့ ကျန်နေသေးတဲ့ ကျော်မိုးက [illegible] ရှေ့ဆက်သွားတယ်တဲ့၊ ကဲဒီ သူ့အလုပ်က [illegible] ပြန်ပြောပြလို့ သိရတာ၊ ကျော်မိုးတစ်ယောက်သေ



ကျော်မိုးနဲ့ နင်းယုဆီ သွားချင်တယ် ပို့ပေးကြပါလို့ တတွတ်တွတ် ပြောသွားတယ်တဲ့၊ သူတို့က ကျော်မိုးနဲ့ နင်းယုဆိုတာကို ဘယ်သိမလဲ၊ ငါ ကဲဒီမြို့ကို သွားရင်နဲ့ အကြောင်းတိုက်ဆိုင် လို့ ပြန်ပြောရတာနေ သိခဲ့ရတာ၊ ဘာပဲဖြစ်ဖြစ် ကျော်မိုးဟာ မင်းတို့ကို သေတဲ့အထိ အတော်တလေး စွဲစွဲလမ်းလမ်း သံယောဇဉ် တွယ်သွားတယ်။

တကယ်တော့ ကျော်မိုးသေရတာက သူ့ရဲ့ စိတ်စွဲလန်းမှု ကြောင့်ပဲ၊ ဥပါဒ်နဲ့ကြောင့် ဥပါဒ် ရောက်တယ်လို့ ငါထင်တယ်၊ ဒါတွေဟာ အယူအဆ သည်းလွန်းလို့ ဖြစ်ရတာလို့ ယုံကြည်နေပန်းပဲ၊ ဒါပါပဲ၊ မင်းတို့မိသားစု နေကောင်းကြရဲ့လား၊

ကျော်တိုး

မှတ်ချက်။ ။ မင်းတို့ဆီက ပြန်လာပြီး ကျော်မိုး ရဲ့ သတိရတာနဲ့ သူ့ရဲ့ အဖြိုးတန်တဲ့ သချိုင်းကို သွားသေးတယ်၊ ကျော်မိုးသေတုန်းက ရှုပွင်ခဲ့တာ၊ ဒါပေမယ့် ငါသွားတော့ ကဲဒီရုပ်မရှိတော့ဘူး၊ သူ့အရာဇာတ်အိုးကြီးကိုမေးတော့ တလောကပဲ ဖြိုချသွားပြီတဲ့။

www.burmeseclassic.com

www.burmeseclassic.com



စာအဆုံးတွင်ကျော်မိုးမှာ ရစ်ဝဲလာသော မျက်ရည်စများကို မျက်တောင်တစ်ချက်ခတ်၍ ဖယ်ရှားရင်း သက်ပြင်းရှိုက်လိုက်မိသည်။ မောင်ဝင်းကျော်မှာ လွှမ်းခဲ့သည့် ငါးနှစ်ခန့်က သူငယ်ချင်းထံမှ စာကိုဖတ်ပြီး တဟားဟားအော်ရယ်နေခဲ့သည့် ကျော်မိုး၏မျက်နှာကို တစ်ချက်မြင်ယောင်မိရင်း ယခုဖြစ်နေပုံကို ပြန်ကြည့်ကာ ခေါင်းကို ဖြည်းလေးစွာ ခါယမ်းကာ အိမ်ထဲမှ ထွက်သွားလေတော့၏။ ထိုအချိန်တွင် အိမ်ရှေ့ခန်းတွင် စာဖတ်ရင်းငူငူကြီး ထိုင်ကျန်နေခဲ့သော ကျော်မိုးမှာ အိမ်ခန်းထဲမှ သားလေး၏ အံ့ခနဲအော်သံကြောင့် ပစ္စက္ခကို သတိဝင်လာလေတော့၏။

## အရမ်းစိတ်ဝင်စားဖို့ကောင်းတဲ့အဖြစ်အပျက်တစ်ခုခုကို ပြန်ပြောပြဖို့များ ရှိပါသလား

ပရိသတ်အများစုအနေနဲ့ ကျွန်တော်နဲ့ တွေ့ဆုံဖြစ်တိုင်းမှာ ပြောတတ်ကြတာတစ်ခုရှိပါတယ်။

သူတို့မှာ အံ့သြဆန်းကြယ်လှတဲ့ အဖြစ်အပျက်တစ်ခုခု ပြောပြစရာရှိနေတဲ့အကြောင်းပါ။ ကျွန်တော်သာ စာရေးလိုက်ရင် အရမ်းစိတ်ဝင်စားစရာကောင်းသွားလိမ့်မယ်ဆိုတဲ့ အခြေအနေမျိုးကို ကျွန်တော်မကြာခဏကြုံရတတ်ပါတယ်။

ဒါပေမဲ့ ကံဆိုးလှစွာပါပဲ၊ အဲဒီလို ကြုံရစဉ်တိုင်းဟာလည်း များသောအားဖြင့် ကျွန်တော့်ဘက်က အချိန်ဘယ်လိုမှ မပေးနိုင်တဲ့ ကာလမျိုးမှာ ဖြစ်ဖြစ်နေတတ်တယ်။

ပမာအားဖြင့် လူတစ်ယောက်ရဲ့ သက်တမ်းထက်ဝက်စာလောက် တွေ့ကြုံခဲ့ရတဲ့ အံ့သြဘနန်း

www.burmeseclassic.com

www.burmeseclassic.com

အဖြစ်အပျက်ကြီးတစ်ခုကို ကျွန်တော် ၁နာရီလောက်လေး အချိန်ပေးပြီး နားထောင်လို့ ဘယ်တရားပါ့မလဲ။ ဝတ္ထုတစ်ပုဒ်အဖြစ် တကယ်ချရေးဖို့ရာ လိုအပ်တဲ့ အချက်အလက်အားလုံး ပြည့်စုံအောင်အတွက် အနည်းဆုံး တစ်ပတ်လောက် အချိန်ပေးရပါမယ်။ အခန့်မသင့်ရင် ဖြစ်ရပ်ရဲ့အတွင်းဆုံးအပိုင်းထိ နှိုက်နှိုက်နဲ့နဲ့ လေ့လာဖို့ဆိုတာ နှစ်နဲ့ချီပြီးလည်း ကြာကောင်း ကြာသွားနိုင်တယ်လေ။

ဒါပေမဲ့ ကျွန်တော့်ပတ်ဝန်းကျင်မှာ တစ်ဆင့်စကားနဲ့ကြားလာရတဲ့ အဖြစ်အပျက်တွေကလည်း တစ်နေ့ထက်တစ်နေ့ များပြားလာနေဆဲ။ ဂမ္ဘီရစာရေးဆရာမို့လည်း ကျွန်တော်ကြားရသမျှ အကြောင်းအရာတိုင်းဟာ အံ့သြဆန်းကြယ်စရာတွေချည်း အပြည့် ဖြစ်နေပါတော့တယ်။

လှေနံနှစ်ဘက်နင်းချင်နေတဲ့ မျက်နှာများသူလိုပေါ့။ ကျွန်တော်က ကိုယ် သွားလက်စ ရှာဖွေလေ့လာမှုတွေအတိုင်း ကြိုတင်စီစဉ်ထားတဲ့ ဝတ္ထုတွေကိုလည်း ရေးချင်နေတယ်။ ဘေးပတ်ဝန်းကျင် ပရိုတ်သက်က လာပြောပြတဲ့ ဇာတ်လမ်းတွေကိုလည်း စိတ်ဝင်တစား ရူးစမ်းရေးသားလိုက်ချင်မိတယ်။

နောက်ဆုံးမှာတော့ ဝေခွဲရမှုတွေ အများကြီးနောက်မှာမှ ကျွန်တော့်မိတ်ဆွေတစ်ယောက်ရဲ့ အကူအညီကိုယူဖို့ သတိရလိုက်ပါတယ်။ သူဟာသင်တိုင်းညို ဆိုတဲ့နာမည်နဲ့ လောကီပညာဆိုင်ရာ စာအုပ် ပေါင်းများစွာ ရေးလာခဲ့သူပါ။

ကျွန်တော်သိရှိလာသမျှ ထူးဆန်းအံ့သြဖွယ် ဇာတ်လမ်းအားလုံးကို သူ့ကိုစုစည်းမှတ်တမ်းပြုခိုင်းမယ်။ တည်းဖြတ်သင့်တာ တည်းဖြတ်၊ ရေဆုံးရေဖျားလိုက်

www.burmeseclassic.com

သင့်တာလည်း သူလိုက်ပေးပြီး အချက်အလက်အားလုံး ပြည့်စုံတဲ့အခါမှ ကျွန်တော်က အသင့်ရေးသားမယ်ပေါ့။

တနည်းပြောရရင် သူက ဟင်းအမယ်အားလုံး အသင့်ပြင်ထားပြီး ကျွန်တော်က အိုးလေးထဲ အသင့်ထည့်မွှေလို့ ကျွန်တော့်လက်ရာလေးကို ပြသခွင့်ရမယ်ပေါ့။ ဒါပေမယ့် ရိုးသားစွာပါပဲ၊ အဲဒီလိုစာအုပ်တွေမှာ ကျွန်တော်တို့နှစ်ယောက်လုံးရဲ့ နာမည်ကို တပ်ထားပါမယ်။ ကျွန်တော်ရေးတာပေမယ့် သူက အချက်အလက်အလုံးစုံ စုဆောင်းသူမို့ ဒဿကျော်စွာ စီစဉ်တင်ဆက်သည်ဆိုပြီးပဲ တပ်မယ်။ စာရေးဆရာနေရာမှာတော့ သင်တိုင်းညိုပေါ့။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ ဝါသနာနဲ့ ရူးသွပ်မှုအားကြီးတဲ့ အနုပညာသမားနှစ်ယောက်ရဲ့ ခံစားမှုလက်ရာကို ပရိသတ်ကြီး နှစ်ခြိုက်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

BURMESE CLASSIC .com

ကျွန်တော့်မိတ်ဆွေ သင်တိုင်းညိုကတော့ သူ့ကြိုးစားအားထုတ်မှု သူ့အလုပ်ကို စတင်နေပါပြီ။ ပရိသတ်တွေအနေနဲ့လည်း အခုကစပြီး ကျွန်တော်နဲ့တွေ့ရင် ကိုယ်တွေ့ကြုံခဲ့ဖူးသမျှ ထူးထူးခြားခြား အဖြစ်အပျက်အစုံကို အားရပါးရ ပြောနိုင်ကြပါပြီ။ သရဲအကြောင်းမှ မဟုတ်ပါဘူး။ ထူးထူးဆန်းဆန်းမှန်သမျှ ကျွန်တော့်ကို ပြောပြပါ။

ဂမ္ဘီရ၊ လျှို့ဝှက်ဆန်းကြယ် အကုန်ပြောလို့ရပါတယ်။ အဓိကတော့ ကိုယ်တိုင် ဒါမှမဟုတ် ကိုယ်နဲ့နီးစပ်သူက တကယ်စစ်စစ်မှန်မှန် တွေ့ကြုံခဲ့တာဖြစ်ဖို့ပဲလိုပြီး ကိုယ်သိသလောက် မချွင်းမချန်လေး ပြောပြဖို့ပဲ လိုပါတယ်။

အဲဒါတွေကို ကျွန်တော်တို့က **ကိုယ်တွေ့ဂမ္ဘီရ ဝတ္ထုစဉ်** ဆိုတဲ့ ခေါင်းစဉ်အောက်မှာ အကြောင်းဆုံး

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်အောင် ပြန်လည်တင်ပြ ရေးသားသွားပါမယ်။

နှစ်သက်ရာပုံစံအတိုင်း လျှောက်လွှာစာရွက်နဲ့ ရေးပြီး စာတိုက်သေတ္တာနံပါတ် **၃၁၅** ဆီ ပို့ပေးပါ။ ဒါမှမဟုတ်ရင် အီးမေးလ်ကနေပြောပါ။ **kyawswarthedeath@gmail.com** သို့မဟုတ် **deaththekyawswar@gmail.com** ဆီ ပေးပို့နိုင်ကြပါတယ်။

ဒီအကြောင်း ဖော်ပြထားမှုတွေကိုလည်း **Facebook** ပေါ်က ကျွန်တော့်လိပ်စာဖြစ်တဲ့ ........ **datthakyawswar** မှာသာမက **website** လိုင်း **datthakyawswar.multiply.com** မှာလည်း ထည့်သွင်းထားပါတယ်။ ဒီအကြောင်း ကြားသိသူ အချင်းချင်းလည်း ဖြန့်ဝေပေးကြပါနော်။

လေးစားစွာဖြင့်

ဒဿကျော်စွာ

BURMESE CLASSIC .com

သွေးပျက်လောက်အောင်
ကြောက်စရာကောင်းတယ်

သွေးပျက်လောက်အောင်
သိပ်လှလွန်းတယ်

သူ့နာမည်ကို သတိရကြတဲ့အခါ
ရက်စက်ခြင်းရယ်
ဆန်းပြားမှုရယ်ကို လူတိုင်းခံစားကြရလိမ့်
သူ့အကြောင်းဖြစ်ပျက်သမျှဟာ
နှလုံးသားတိုင်းမှာ ပုံတင်ပြန်နေတော့တယ်။

# ရွာတော်ရှင်

# ဒဿကျော်စွာ

www.burmeseclassic.com

www.burmeseclassic.com

# ပရိသတ်ကြီးသို့ . . .

ကျွန်တော့် ဝတ္ထုတွေကို နှစ်သက်အားပေးကြတဲ့အတွက်
အထူးပဲ ကျေးဇူးတင်မိပါတယ်။
ဒီနေရာမှာ သတင်းလေးတစ်ခု ပေးချင်လို့ပါ။
ကျွန်တော် ကလောင်ခွဲတွေနဲ့လဲ ရေးပါတယ်၊
မတူညီတဲ့ရသကို ပေးချင်လို့ ဖြစ်ပါတယ်။
အများသိတဲ့ ပင်ရင်းကလောင် **ဓဿကျော်စွာ** ကတော့
ဘယာနကရသကို အဓိကပေါ်လွင်အောင် ရေးတာပါ။

**ဝိဇ္ဇကျော်စွာ** ဆိုပြီးလည်း ရေးပါသေးတယ်။
တကယ့်အဖြစ်မှန် ဂမ္ဘီရနဲ့ လျှို့ဝှက်သဲဖိုလိုင်းပေ့။

**ဒတ္တကျော်စွာ** ဆိုပြီးတော့
သမိုင်းဒဏ္ဍာရီဆန်ဆန်ဇာတ်လမ်းမျိုးတွေ ရေးပါတယ်၊
ထူးခြားအံ့သြဖွယ်နဲ့ စွန့်စားခန်းကို ရောမွှေထားပါတယ်။

**သိဒ္ဓိကျော်စွာ** ဆိုတဲ့ ကလောင်အမည်နဲ့တော့
ဗေဒင်စာအုပ်တွေ အဓိကရေးပါတယ်။ လောကီပညာအကြောင်း
ဝတ္ထုတွေလည်း အဲဒီနာမည်နဲ့ တစ်ခါတလေ ရေးပါမယ် ခင်ဗျား။

www.burmeseclassic.com